www.burmeseclassic.com

# မိုးဆက်နှင်းထက်

# တိမ်နဲ့ရေးတဲ့အရုပ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မိုးဆက်လင်းထက်

# တိမ်နဲ့ရေးတဲ့ အချစ်

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း၊

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၇၉၃၀၈၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၉၈၄၀၈၀၇ |
| အဖုံး ဒီဇိုင်း | - | ခန့်မင်းထက် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၁ထပ်(ညာ)၊ ၁၇လမ်း ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/၁၁ သံလွင်လမ်း ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြာကြာမွေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ် အောက်တိုဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |


BURMESE CLASSIC .com

# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့တွင် ကမ္ဘောဇမြေကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ မနန်းအိန္ဒြေထွင့်ခေါင်တစ်ယောက် အဝတ် တစ်ထည် ကိုယ်တစ်ခုဖြင့် ငုတ်တုတ်ထိုင်နေသည်။ အေးစိမ့်နေသော အဲယားကွန်းအခန်းထဲတွင် မွှေးကြိုင်သောရနံ့တစ်ခုက ပျံ့နှံ့လျက်. .

"မင်းနာမည်က ရဲမာန်သွေးနော် . . ."

"ဟုတ်ကဲ့ . ."

"မင်း ဒီအလုပ်ကို ဘာရည်ရွယ်ချက်နဲ့ လျှောက်တာလဲ"

"ဝါသနာပါလို့ပါ . ."

မနန်းအိန္ဒြေထွင့်ခေါင် သူ့မျက်နှာကို တစ်ချက်စူးစိုက်ကြည့်ပြီး . . .

"မင်းအဖေလည်း မြန်မာနိုင်ငံမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ လုပ်ငန်းရှင်တစ်ယောက်ပဲ ဘာဖြစ်လို့ ကိုယ့်အလုပ်မှာ ကိုယ်မလုပ်တာလဲ . ."

"ဗျာ . ."

တော်ဝင်မြို့တော်အချစ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူတော်တော်လန့်သွားသည်။ ကိုယ်ရေးရာဇဝင်တွင် အဖေနာမည်ဦးတောက်ထွန်းရေးထားဘာနှင့် သိသွားရောလား။ မနန်းအိန္ဒြေထွင့်ခေါင် သူထင်ထားတာထက်ဘောင် လည်နေပါလား။ သူ့ကိုကြည့်ပြီး မဒိုးမခန့် တစ်ချက်ပြုံးကာ . . . .

"မင်းကို မ- သိပါတယ် . ."

သူ ခေါင်းငုံ့နေဆဲ . . .

"မင်း ဒီအလုပ်ကို ဘာရည်ရွယ်ချက်နဲ့ လာလျှောက်တယ်ဆိုတာလည်း မ,သိတယ် . . ."

" . . . . . . . . . . . "

"ကဲပါလေ . . ဒါတွေ မ အတွက် ရိုးနေပါပြီ . . မင်း ကော်ဖီသောက်သွားဦးမလား . ."

ကြောင်အရ ပြန်တော့ဆိုတဲ့ သဘောသက်ရောက်နေပြီ . . သူ ရှက်လည်းရှက် ဘာပြန်ပြောရမှန်းလည်း မသိတော့ပေ . . .။

"မ . . မသောက်တော့ပါဘူး မမ . . ."

"အေး . . အေး . . နောက်ကြုံရင်တော့ ဝင်လည်ပေါ့ကွယ်"

အရွဲ့စကားမှန်း သိသည်။ သို့သော် မနန်းအိန္ဒြေထွင့်ခေါင်၏ မျက်နှာကတော့ ပကတိတည်ငြိမ်နေဆဲ . . .

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး . . ."

"ကောင်းပါပြီကွယ် . . ."

ဘာပြောကောင်းမလဲ . . သူ ချာခနဲ ထွက်ခဲ့လိုက်ပေ့သည်။ ဒီတစ်ခါ ကြိုးစားချက်သည် မနန်းအိန္ဒြေထွင့်ခေါင်ရှေ့တွင် သူအရှက်လုံးလုံး ကွဲသွားပါသည်။



"တောက် . . မိဘမျက်နှာကို အိုးမည်းသုတ်တဲ့ကောင်"

"ဦးထွင့်ခေါင်နဲ့ ငါနဲ့ မိတ်ဆွေတွေဆိုတာ မင်း နည်းနည်းလေးမှ မစဉ်းစားမိဘူးလား . . . မင်းလောက် ဦးနှောက်မရှိတဲ့ကောင် ငါ တစ်ခါမှမတွေ့ဖူးဘူး . ."

သူ ဒီအချိန်မှာ အဖေ့ကို ဘာမှ စောဒကမတက်ရဲ။ အဖေ့အကြောင်း သူသိသည်။ ဒီလောက် မျက်နှာရဲနေပြီဆိုလျှင် တော်တော်ဒေါသထွက်နေပြီ။ ဖြစ်ချင်တော့ ဒီအချိန်ကျမှ အမေက ဈေးသွားနေသည်။ အမေရှိလျှင် သူ့ဘက်က နည်းနည်းပါးပါး ကာကွယ်ပေးမှာ ကျိန်းသေသည်။ အခုတော့ . . . .

"မနေ့ကပဲ ထွင့်ခေါင် ငါ့ဆီဖုန်းဆက်ပြီး . . မင်း သူ့တို့ကုမ္ပဏီမှာ အလုပ်လာလျှောက်တဲ့အကြောင်း ပြောတယ်။ မင်းအလုပ်လာလျှောက်တဲ့ ပုံစံကိုလည်း ငါ့ကို ရိပ်ဖမ်းသံဖမ်းပြောသွားတယ်။ သူ့သမီးကို မင်းက စိတ်ဝင်စားလို့ သူ့သမီးအုပ်ချုပ်တဲ့ နေရာအောက်မှာ မင်းက လာလုပ်ချင်တဲ့ ပုံစံမျိုး၊ သူကတော့ ငါနဲ့ခင်နေလို့ စိတ်မဆိုးပေမယ့် . . ငါ ရှက်တယ်ကွ . . မင်း အလကားကောင် . . တုံး . . ."

**တော်ဝင်မြို့စောအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ရှက်လိုက်တာ။ သူ ခေါင်းတောင် မဖော်ရဲ။ သားအဖချင်းတောင် အဖေ့မျက်နှာကို ဘယ်လိုသတ္တိမွေးပြီး ကြည့်ရမှန်းမသိဖြစ်သွားသည်။ အဖေကလည်း ဘယ်အချိန်ကတည်းက သူ့ကိုစောင့်ထားလဲ မသိ။ အလွတ်ကြီး အားမနာ၊ ပါးမနာ အားရပါးရတွယ်နေတော့သည်။

"မင်း ထွင့်ခေါင် သမီးကို တကယ်ကြိုက်တာလား . ."

ဘယ်လိုပြောလိုက်တာလဲ အဖေရယ် . . ကြိုက်တာမှ ကြိုက် . . ကြိုက် . . ကြိုက် . . ကြိုက်တောင် မြည်နေသေးတယ် . . အရုပ်သာဆို နှစ်ရုပ်လောက် တစ်ခါတည်း ဝယ်ထားလိုက်ချင်တာ . .

ရင်ထဲမှာ ပဲ့တင်ထပ်နေတဲ့ စကားတွေပါ။ တကယ်တမ်းကျတော့ သူ . . အဖေ့ရှေ့မှာ ကြောင်ငေးနေဆဲ . . . .

"ဟေ့ကောင် . . ငါမေးနေတယ်လေ . ."

"ဗျာ . . ဩော် . . ဟို . . ဟုတ် . . ဟုတ်ကဲ့ . ."

"အေး . . ကြိုက်ရင် မင်းဘာသာမင်း တခြားနည်းလမ်းသုံးပါလား . . ဘာဖြစ်လို့ အခုလို စိတ်ကူးယဉ်ဇာတ်လမ်းတွေဆင်ပြီး ကြောင်တောင်တောင်သွားလုပ်ရတာလဲ . ."

"ဟို . . သား . . သား မှားသွားပါတယ် . . အဖေ . ."

အဖေ သက်ပြင်းချရင်း သူ့ကိုကြည့်၍ . . .

"ဒီမှာ . . ရဲမာန်သွေး . . လောကမှာ . . လွတ်လပ်တဲ့မိန်းကလေးတစ်ယောက်ကို လွတ်လပ်တဲ့ ယောကျ်ားလေးတစ်ယောက်က မိဘဂုဏ်သိက္ခာနဲ့ ကိုယ့်ရဲ့ဂုဏ်သိက္ခာကို ထိန်းပြီး မိကောင်းဖခင်သားသမီးပီပီ ပိုးပန်းတတ်ဖို့ပဲ လိုတယ် . . မင်းအခုလုပ်ပုံက မိဘဂုဏ်သိက္ခာကော၊ မင်းရဲ့ ဂုဏ်သိက္ခာပါ ထိခိုက်တယ်ကွ . . မင်းနားလည်လား . . မင်းကို ပတ်ဝန်းကျင်ကရော ထွင့်ခေါင်တို့ကပါ





ဘယ်လိုထင်မလဲ။ ဦးတောက်ထွန်းသား ရဲမာန်သွေးက ကြောင်ပါကွာ . . ဆိုရင် မင်းသွားပြီ . . ."

အဖေပြောတော့လည်း ဟုတ်သလိုပင်။ ဒါပေမယ့် သူ ဒီလိုလုပ်ဖြစ်သွားတာလည်း သူ့ဆန္ဒတစ်ဝက်သာပါသည်။ ကျန်တာ ဟိုကောင်တွေ စိန်ပေါက်တို့၊ ဉာဏ်ကြီးတို့ အကြံတစ်ဝက်ပါ၏။ ဒါဆို သူတစ်ယောက်တည်း မဟုတ် . . ဟိုကောင်တွေလည်းကြောင်တွေ။

"ဒီမှာ . . ရဲမာန်သွေး . . ."

ခေါ်သံကြားတော့ တွေးနေရာမှ သူအဖေ့ကို လှည့်ကြည့်လိုက်၏။

"မင်းဟာမင်း ထွင့်ခေါင်သမီးကို နောက်ထပ်ကြိုးစားသည်ပဲဖြစ်စေ၊ မကြိုးစားသည်ပဲဖြစ်စေ၊ နောက်တစ်ခါ ဒီလိုမျိုးဖြစ်လာလို့ကတော့ . . မင်း ငါ့အကြောင်း သိတယ်နော် . . ."

"ဟုတ်ကဲ့ . . အဖေ . . သား နောက်တစ်ခါ ဒီလိုမဖြစ်အောင် လုပ်ပါ့မယ် . . ."

"အေး . . သွားတော့ . . ."

အဖေ သူ့ကိုပြောပြီး စားပွဲပေါ်တင်ထားသော Time မဂ္ဂဇင်း စာအုပ်ကိုကောက်ကိုင်လိုက်၏။ ကြည့်ရတာ စိတ်ဆိုးနည်းနည်းပြေသွားပုံတော့ရသည်။ သူလည်း အဖေ့ရှေ့မှ အမြန်ထထွက်ခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



နန်းအိခြွေထွင့်ခေါင် . . နာမည်နှင့် လူလိုက်လည်းလိုက်ပါသည်။ နာမည်က ရှည်လျားလှပသလို . . လူကလည်း ဖွင့်ကား တောက်ပ၏။ ရွှေသမင်မျက်လုံး၊ စင်ရော်တောင်ပံမျက်ခုံးနဲ့ ငါးရံ့ ကိုယ်လုံးလေးလို လှတဲ့သူပါကွယ် . . ဆိုပြီးတော့ ကျွန်တော်စာမဖွဲ့။ မမ၏ အလှအပကို တိရစ္ဆာန်တို့၏ အစိတ်အပိုင်းတွေတပ်ပြီး ကျွန်တော် မခံစားချင်ပါ။

ကော့ရွှန်းနေသော မျက်တောင်၊ ကြည်လင်တောက်ပနေသော မျက်ဝန်း၊ မနုတ်မရိတ်ဘဲထားသည့် အော်ရင်ဂျင်နယ် မျက်ခုံးမွေး ထူထူလေးနှင့် ဖြောင့်စင်းသော နှာတံပေါ်ပေါ်လေး၊ မြင်မြင်ဖူးသမျှ အလှအပထဲတွင် မမသည် ထိပ်ဆုံးက၊ လည်တံကလေးကသွယ်လျနေပြီး အသားအရေက ဝင်းပြီးအိလို့၊ ခုနစ်ဆောင်အခန်းတွင် မီးမထွန်းဘဲ လင်းသလား၊ မလင်းသလားတော့ ကျွန်ေ..ာ် မသိပါ။ သို့သော် ဖယောင်းတိုင် ဆယ်တိုင်လောက်ထွန်းပြီး မမထိုင် နေရင်တော့ ညအမှောင်မှာ ဖယောင်းတိုင်မီးနဲ့ ဟပ်နေပြီး





ရွှေရောင်သန်းနေမှာတော့ ကျိန်းသေပင်။ သိဝိမင်းကြီး ရူးသွပ်သွားရလောက်အောင် လှသည်ဆိုသည့် ဥမ္မာဒန္တီကို မမြင်ဖူး၍ မမနဲ့ ဘယ်သူသာမှန်းတော့မသိ။ ကျွန်တော်ကတော့ မမကိုမြင်ပြီးကတည်းက ကြောင်တောင်တောင်ဖြစ်သွားတာ သိဝိမင်းထက်တော့ သာမယ်ထင်သည်။ အဲဒါ ကျွန်တော် အလွန့်အလွန်ချစ်တဲ့ မမနန်းအိခြွေထွင့်ခေါင်၏အလှ တစိတ်တဒေသပင်။ ဒါတောင် အများကြီးကျန်သေးသည်။ မမက လမ်းလျှောက်ရင်လည်း ယဉ်ယဉ်လေး(ရူးနေတာ မဟုတ်ပါ)။ စကားပြောရင်လည်း ဆည်းလည်းသံလေးလို သာသာယာယာလေး . . အမလေး . . ကျွန်တော် ချစ်လိုက်ရတာဗျာ . . တကယ်ပါ ရူးနေတာပဲ . .။

"ဟေ့ကောင် . . ဘာငိုင်နေတာလဲ . . ငါ မင်းကိုလှမ်းခေါ်နေတာ မကြားဘူးလား . ."

သာယာညက်ညောသော အသံစူးအစ်အစ် . . နားထဲဖြတ်ဝင်လာတော့ လှည့်ကြည့်လိုက်တော့ သူထိုင်နေသည့် လက်ဖက်ရည်ဆိုင်ထဲ ဝင်လာနေတဲ့ စိန်ပေါက်ဖြစ်နေသည်။ စိန်ပေါက်နာမည်က စိန်ကုဋေချစ်။ ဒီကောင်လည်း နာမည်နဲ့လူလိုက်၏။ ရူးကြောင်ကြောင်ကောင်၊ စိန်ပေါက်က ခုံတစ်လုံး ဆွဲ၍ဝင်ထိုင်ပြီး . . .

"မင်းကို . . မင်းအဘိုးကြီး ကောလိုက်တယ်ဆို . . ."

"ဟုတ်တယ် . . မင်းတို့ အကြံဉာဏ်ကောင်းလို့လေ . . ငါ မမရှေ့မှာကော၊ အဘိုးကြီးရှေ့မှာပါ . . အရှက်လုံးလုံးကွဲလာတာ"

"မတတ်နိုင်ဘူးလေ . . မင်းကို ငါတို့အစောကြီးကတည်းက ပြောသားပဲ . . အဖေနာမည်အရင်းအတိုင်း မရေးပါနဲ့လို့ . . ."

"အဖေနာမည် အရင်းအတိုင်းမရေးလို့ ရမလားကွ . . ငါ့ အဖေ နှစ်ယောက်ဖြစ်သွားမှာပေါ့ . . ."

"အဲဒါကြောင့် မင်းကို ငါပြောတာပေါ့ . . မင်းက [illegible]လို့"



www.burmeseclassic.com

www.burmeseclassic.com



ဒီကြောင်တောင်တောင်ကောင်က ပြောတာတော့ တော်တော်ခံရခက်သည်။ အခုလည်းကြည့် သူဒီလောက် အရှက်တကွဲ အကျိုးနည်းဖြစ်နေတာကိုထောင် နည်းနည်းပါးပါး အားပေးဖော်မရ ဘာတွေလုပ်နေလဲမသိ လက်ဆယ်ချောင်းလုံးကော့နေအောင်ထောင်ပြီး ပါးစပ်ကလည်း ပွစိပွစိနဲ့ ရေတွက်နေလေရဲ့။

"ဟေ့ကောင် . . မင်းလက်ထဲက ဘာတွေလဲ . . ."

"စာအုပ်တွေလေ . ."

"စာအုပ်မှန်းတော့ သိတာပေါ့ . . ဘာစာအုပ်တွေလဲလို့မေးတာ . . ."

"ဝတ္ထု . . . ဝတ္ထု . . ."

"အံမယ် . . မင်းက ဝတ္ထုတွေ ဘာတွေဖတ်လို့ . ."

"မဟုတ်ဘူး . . သွားရောင်းစားမလို့ . . ."

"အန် . . ."

"ဟုတ်တယ် . . ငါ ပိုက်ဆံလိုလို့ . . ဒါတွေ သွားရောင်းစားမလို့ . . . ငါ့ညီမဆီက ခိုးလာတာ . . ."

"ဟာ . . မင်းကလည်းကွာ နှမြောစရာကြီး . . မင်းညီမက စာဖတ်ဝါသနာပါတာ။ ပြန်ထားလိုက်ပါကွာ . ."

ဒီကောင် ပြောလို့မရ . . .

"ထားဘူး . . ငါမှ ဝတ္ထုမဖတ်တာ . . ဒါ ရောင်းလိုက်ရင် ငါ သုံးထောင်လောက်ရမှာကွ . . ဟဲ . . ဟဲ . . ."

သွားဖြဲပြီး သူ့ကို ရမယ့်ငွေပမာဏတောင် တွက်ပြနေလေရဲ့။ ဒီကောင် အဲဒီအတိုင်းပဲ သုံးစရာမရှိတော့ရင် အိမ်ကရောင်းလို့ရတဲ့ဟာ အကုန်ထုတ်ရောင်းတဲ့ကောင် . . ပြီးတော့ ဒီကောင့်မိဘတွေက ဆင်းရဲနေတာလည်းမဟုတ်၊ ချမ်းချမ်းသာသာ တိုက်နဲ့ကားနဲ့ နေနိုင်တဲ့သူတွေ၊ ဒီကောင်ကိုက အဲဒီလို အိမ်ကတစ်ခုမဟုတ်၊ တစ်ခု





ခိုးခိုးရောင်းရမှ ကျေနပ်နေတဲ့ကောင်။ ဒီကောင့်ဝင်ငွေ တစ်စိတ်တစ်ပိုင်းဖြည့်ပေးနေတဲ့ သူ့အိမ်က ရောင်းကုန်တွေက ဒီကောင့်အဆေဆီ သူတပည့်တွေ လာကန်တော့တဲ့ အရက်ပုလင်း၊ နောက်ပုလင်းဆိုရင် မီးဖိုချောင်က ငံပြာရည်ပုလင်းခွံပါ မကျန်ရောင်းတယ်။ နောက် ရေသန့်ဘူးခွံ . . စုပြီးရောင်းတယ်။ ကားတာယာဟောင်း၊ ပိုက်ဆံသိပ်လိုရင် ကားမှာတပ်ထားတဲ့ ဘီးဖုံးပါ ခွာရောင်းတယ်။ နောက် ကားဘတ္ထရီအဟောင်း၊ သူ့အမေစိုက်ထားတဲ့ သစ်ခွပန်းနဲ့ သဇင်ပန်းတွေ၊ မွေးနေ့ပွဲတွေမှာ အလကားရတဲ့ ဘော်လ်ပင်၊ ပုဆိုးပြီးတော့ . . အစုံအစုံပဲ။ ပြောရင် ကုန်မှာတောင် မဟုတ်ဘူး။ သူ့ဆီမှာရှိတဲ့ ကာကူလေတာ(ဂဏန်းပေါင်းစက်) ကအစ ဓာတ်ဆီနဲ့ အိမ်နောက်ဖေးမှာ လိုရင်သုံးဖို့ထားတဲ့ ထင်း၊ မီးသွေးအဆုံး လိုရင်လိုသလို လုပ်ပစ်တဲ့ကောင်၊ သူ့ကိုပြောရင်လည်း မကြိုက်ဘူး။ ငါ့ပစ္စည်း ငါရောင်းတာ သူများပစ္စည်း ခိုးမရောင်းဘူး။ အိမ်မှာပိုနေလို့ရောင်းတာ ဘာဖြစ်လဲဆိုတာက ဒီကောင် အမြဲပြောနေကျ စကား။ အခုလည်း အိမ်မှာရောင်းစရာကုန်လို့ ကြံရာမရတဲ့နောက်ဆုံး သူ့ညီမဟာတွေ လစ်ပြေးလာတာနေမှာ . . .

"ဟေ့ကောင် . . ရဲမာန် . . ."

"ဘာလဲ . . ."

"မင်း . . ငါ့နောက် ခဏလိုက်ခဲ့ကွာ . . ပန်းဆိုးတန်းကို . . ဒါတွေ သွားရောင်းမလို့ . . ."

"ဟာ . . . နေ . . နေ . . မင်းဟာမင်းသွား . . ငါ မလိုက်ဘူး . . ."

"မလိုက်လည်း နေ . . ငါ့ဟာငါ သွားမယ် . . ."

ဒီကောင် ဆူအောင့်အောင့်နဲ့ မလှတဲ့ရုပ်ကို အပေါ်နှုတ်ခမ်းထော်လိုက်ပြီး အခြောက်လိုပြောကာ ထွက်သွားလေရဲ့ . . သူ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ တင်းသွားမှာ ကျိန်းသေသည်။ သို့သော် ကိုယ်ကလည်း ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ ဒီကောင့်ကိစ္စကို ခံစားပေးလို့မရ။ ဒီအချိန်မှာတော့ အချိန်တိုင်းသူ့အတွေးထဲမှာ မမပဲ။ မမတစ်ယောက်ကလွဲပြီး ကျန်တာ သူ့အတွက် ဘာမှအရေးမကြီးသလို ဖြစ်နေတော့သည်။ မမရဲ့ ပုံရိပ်၊ မမရဲ့အလှ၊ မမရဲ့ဟန်ပန်အားလုံး သူ့ကို ဖမ်းစားထားသည်။

မမက လှလည်းလှသလို၊ တက္ကသိုလ်မှာလည်း ရေပန်းအစားဆုံး၊ မမနေထိုင်ရာ ပတ်ဝန်းကျင်မှာလည်း နာမည်ကြီး၊ ဒီတော့ ပန်းပွင့်ရှိရာ ပျားလာသလို မမကို လိုက်တဲ့သူတွေကလည်း ဒုနဲ့ဒေး၊ ချမ်းသာသော၊ လှပသော၊ ပညာတတ်သော၊ သိမ်မွေ့သော၊ အပြောချိုသော မမကို ဆရာဝန်၊ အင်ဂျင်နီယာ၊ သူဌေးသား၊ သဘော်သားစသည့် သားပေါင်းများစွာ ဝိုင်းဝိုင်းလည်နေတဲ့ မမ . . သူတွေးရင်းတွေးရင်း အားငယ်လာမိတော့တာ အမှန်ပင်။ သူ့မိဘတွေက မမတို့လောက် ချမ်းသာသော်လည်း မမဘေးတွင် ကပ်နေသူတွေနှင့် ယှဉ်လိုက်လျှင် သူ့ဘဝက ကျောင်းသား ချာတိတ်တစ်ယောက်ဖြစ်နေသည်။

အခုလည်းကြည့် ဟိုနှစ်ကောင် မြှောက်ပေးတာနဲ့ သူလည်း နားယောင်ပြီး မမကုမ္ပဏီမှာ အလုပ်သွားလျှောက်တာ မရှိမဲ့ရှိမဲ့ သိက္ခာပါ တစ်ခါတည်း ပြောင်းသွားတာပဲ။ ဟိုနှစ်ကောင်ပြောတုန်းကတော့ ဖြူးနေတာပဲ။ မင်းမမ ကုမ္ပဏီမှာ မင်းအလုပ်ရသွားရင် မမကိုလည်း နေ့တိုင်းတွေ့ရမယ်။ ပြီးတော့ ကြာရင် အိုးချင်းထားအိုးချင်းထိ ဆိုလားပဲ အခုတော့ အိုးချင်းထိဖို့နေနေသာသာ အဖေ့ရဲ့ ထိုးချင်း မထိခဲ့တာတောင် ကံကောင်းလို့ . . အင်း . . ဒါပေမယ့် . .

မမကတော့ သူ့ကိုပိုပြီး မှတ်မိသွားမှာတော့ အသေအချာပဲ။ အဲဒါလေး တစ်ခုတော့ အရှုံးထဲကအမြတ်ပေါ့လေ။ အရင်တုန်းက





သူ မမကိုစတွေ့ပြီးနောက်ပိုင်း နှစ်ခါသုံးခါလောက်တော့ မမနောက်က မယောင်မလည် လိုက်လုပ်ဖူးတယ်။ အဲဒါကိုပဲ သူ့ကိုမှတ်မိတယ်လို့ အလုပ်သွားလျှောက်တဲ့နေ့က ပြောတာလား မသိဘူး။ ဘာပဲဖြစ်ဖြစ် မမသူ့ကို သတိထားမိတဲ့အတွက် သူပျော်ပါသည်။

အဲဒီအချိန်မှာပဲ စားပွဲပေါ် ချထားတဲ့ ဟန်းဖုန်းက ထမြည်လို့ အတွေးပြတ်သွားပြီး ကောက်ကိုင်လိုက်တာ ညဏ်ကြီးဖြစ်နေသည်။ ညဏ်ကြီးလည်း ဘာတွေအရေးကြီးနေမှန်း မသိ။ အရေးတကြီး အသံနဲ့ . . .

"ဟေ့ကောင် . . ရဲမာန် . . ဟိုကောင် စိန်ပေါက် မင်းဆီမှာလား . ."

"အေး . . စောစောကတော့ ရှိတယ် . . အခု မရှိတော့ဘူး"

"ဟေ . . ဘယ် . . ဘယ်ထွက်သွားလဲ . ."

"ငါ့ကိုတော့ . . ပန်းဆိုးတန်း သွားမယ်ပြောတာပဲ . . ဒီကောင့်လက်ထဲမှာလည်း စာအုပ်တွေနဲ့ . . အဲဒါတွေ သွားရောင်းမယ် ဆိုလား . ."

"အေး . . သိတယ် . . ငါ သိတယ် . . သွားပြီကွာ . ."

"ဟ . . နေပါဦး . . မင်းက ဘာဖြစ်နေတာလဲ . ."

"ဒီလိုဟေ့ . . ကုဋေလေး ငါ့ဆီ ဖုန်းဆက်တယ် . . သူ့အစ်ကို သူ့စာအုပ်တွေ လစ်သွားတယ်လို့ပြောလို့ . . အဲဒါ အခုရှာပေးပါတဲ့ . . အဲဒီ စာအုပ်တွေထဲမှာ အရေးကြီးတဲ့ ကျောင်းစာအုပ်ပါသွားလို့တဲ့ဟေ့ . . အဲဒါ . . အဲဒါ . ."

"အဲဒါ . . ဘာဖြစ်လဲ . . ပြောလိုက်ပေါ့ . . အသစ်ရှာဝယ်လိုက်တော့လို့ . . အခုမှတော့ ဟိုကောင့်ကိုလိုက်လည်း မီမှာမှ မဟုတ်တော့တာ . . ."

သူ့စကားလည်းဆုံးရော ညဏ်ကြီး အားရပါးရ တောက်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ချက်ခေါက်ပြီး စိန်ပေါက်ကို ပျစ်ပျစ်နှစ်နှစ်ဆဲတော့သည်။

"တောက် . . အုတ်ကြားမြက်ပေါက်ကောင် . . ဒီကောင် လုပ်လို့ . . ငါတော့ သွားပြီကွာ . . ."

သူ ညာဏ်ကြီးကို နားမလည်နိုင်တော့။ စာအုပ်ဆုံးသွားတာက စိန်ပေါက်ညီမ ကုဋေပြည့်ပြည့်က ဆုံးသွားတာ။ အခု လတ်တလော ဒေါသကြီးနေတာက ညာဏ်ကြီး။ ဒီကောင် ဘာကောင်လဲ။ သူလည်း နည်းနည်းတော့ အမြင်ကတ်သွားသည်။

"နေစမ်းပါဦး . . တကယ်တမ်းစိတ်တိုရမှာက စိန်ပေါက်ညီမကွ . . မင်းက ဘာလို့ကြားထဲက ဒေါသတွေ ဒီလောက်ထွက်နေရတာလဲ . . ."

ဒီကောင် အဲဒီကျမှ ယူကြုံးမရ အသံကြီးနဲ့ . . .

"မင်း ဘာသိလို့လဲကွ . . ငါကုဋေလေးကို ချစ်နေတာ မင်းအသိပဲ . . အခု ငါကုဋေလေးအတွက် ရင်ထဲကလာတဲ့ အရာတွေ ရေးထားတဲ့ ရည်းစားစာ . . ခုနက ကုဋေလေးပြောတဲ့ စာအုပ်ထဲ ပါသွားပြီကွ . . သွားပြီ . ."

"ဟေ . . ."

"မဟေနဲ့ . . သွားပြီ . . ငါကုဋေလေးကို မနည်းအကြောင်းပြပြီး အဲဒီစာအုပ်ငှားထားရတာ။ ပြီးတော့ ငါတစ်ညလုံး မအိပ်ဘဲ ထိုင်ရေးထားရတဲ့ ရည်းစားစာကွ။ ရင်ထဲကလာတဲ့ စကားတွေစီပြီး မနည်းရေးထားရတာ။ ငါရေးထားတဲ့ စကားလုံးတွေ အရမ်းလှတာ ကုဋေလေးသာ ဖတ်မိသွားရင် ငါ့ကိုချက်ချင်းကြွေသွားမှာ အသေအချာပဲ . . အခုတော့ . . ဒီ သူခိုးလုပ်တာ သွားပြီ . . . တောက်"

ဘယ်လိုသန္နိတည်ပြီး မွေးလာတဲ့ကောင်တွေနဲ့ သူလာပေါင်းမိနေလဲ မသိတော့ပေ။ ဒီနှစ်ကောင်ကြောင့် ကြာလျှင် သူ သွက်သွက်ခါသွားနိုင်သည်။ ခုန တစ်ကောင်ထွက်သွားလို့ နားအေး





ပြီ အောက်မေ့နေတာ အခုတစ်ကောင်က ပိုဆိုးနေသေး၏။ ညီမတို့ ပေးတဲ့စာ အစ်ကိုနောက်ပါသွားလို့ဆိုပြီး ယောက်ဖလောင်းတို့ ကလော်တုတ်နေတာ လူကြားလို့မှမကောင်း၊ အခုလည်း ဖုန်းမချ သေးဘဲ ပွစိပွစိလုပ်နေတုန်း . .။

"ဒီမှာ . . . ညာဏ်ကြီး . . ငါ နားငြီးလာပြီ . . ရည်းစားစာ ပါသွားတာများကွာ . . မင်းအိမ် အနုမြူဗုံးကျတာ ကျနေတာပဲ . . ပြန်ရေးပြီး ပေးပေါ့ . . ."

"ဟ . . ပြောတော့ လွယ်လိုက်တာ . . ငါမမှတ်မိတော့လို့ ပေါ့ကွ . . ဒီလိုမှန်းသိ မိတ္တူကူးထားတယ် . ."

"အေး . . မင်းဟာမင်း . . မိတ္တူပဲ ကူးကူး၊ ပုံကြီးပဲ ချဲ့ချဲ့ တော်ပြီ . . နားငြီးလာပြီ . . ဒါပဲ . . ."

ပြောပြီး ဖုန်းပိတ်ပစ်လိုက်တော့သည်။ နားကို အေးသွားတာပဲ . . ညာဏ်ကြီးနာမည်အရင်းက ညာဏ်လင်းမြင့်၊ ဒီကောင်လည်း စိန်ပေါက်နဲ့ သိပ်မကွာဘူး။ အကြောင်းကြောင်းနိုင်တဲ့အပိုင်းမှာတော့ လက်ရည်မတိမ်းမယိမ်းပဲ . .။ ညာဏ်ကြီး . . စိန်ပေါက်ညီမကို လိုက်နေတာ သူတင်မဟုတ် စိန်ပေါက်ပါသိတယ်။ ဒါပေမယ့် စိန်ပေါက်က ညာဏ်ကြီးနဲ့ဆိုတော့ ပြောစရာမရှိဘူးပေါ့။ သူ့ညီမက ပြန်ကြိုက်ရင် သဘောတူသယောင်ယောင်ပြောထားတယ်။ ဒါကို ညာဏ်ကြီးက လိုင်စင်ရအရက်ဖြူဆိုင်လို ပေါ်တင်ချနေတော့တာ။

ကုဋေပြည့်ပြည့်ကတော့ ချစ်စရာလေးပါ။ စိန်ပေါက်မျက်ခွက်နဲ့တော့ တခြားစီပဲ။ ကုဋေပြည့်ပြည့်က နာမည်နဲ့လိုက်အောင် ပြည့်ပြည့်ဖောင်းဖောင်းလေး၊ စိန်ပေါက်မျက်နှာကတော့ ဖားပေါင်စင်း ကားတက်ကြိတ်ထားသလို စုတ်ပြတ်နေတာ။ ကုဋေပြည့်ပြည့်က အရပ်သိပ်မရှည်သော်လည်း သူ့နေရာနှင့်သူ အရှိုက်အဖို့ အပြည့် အစုံနဲ့ လုံးကြီးပေါက်လှလေး။ စိန်ပေါက်ကတော့ လေခပ်ကြမ်းကြမ်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်လျှင် လမ်းတောင်ကောင်းကောင်း လျှောက်မရချင်ဘူး။ လူက ကြောင်လျှာသီး အထည်ပတ်ပြီး ခေါင်းတပ်ထားသလိုပဲ။ အဲဒီလို စိန်ပေါက်က သာယာညက်ညောတဲ့ ရုပ်ရည်ပိုင်ဆိုင်ထားတဲ့သူပါ။

ဉာဏ်ကြီးကတော့ စိန်ပေါက်ထက်စာရင် နည်းနည်းကြည့်ပျော်ရှုပျော်ရှိတဲ့ အနေအထားမှာပါတယ်။ ဒါကလည်း သိပ်အခြားနားကြီးတော့ မဟုတ်ပါဘူး။ သူလိုကိုယ်လိုထက် နည်းနည်းသာရုံပါပဲ။ ဒါ သူ့ဘက်က ဒီကောင်တွေအပေါ် အမြင်ပေါ့။ သူ ဝေဖန်သလို ဟိုကောင်တွေလည်း သူ့အပေါ် ဘယ်လိုမြင်မလဲဆိုတော့ ဒီကောင်တွေမှသိမှာပဲ။ ဒါပေမယ့် ဒီကောင်တွေ နှစ်ယောက်စလုံးတူညီတာကတော့ စိတ်ရင်းကောင်းပြီး အများကိုကူညီရိုင်းပင်းချင်တဲ့စိတ်ဓာတ်ကလေးတွေတော့ ကိုယ်စီရှိကြတာပါပဲ။



စောင့်နေရသော အလုပ်ဆိုလျှင် ဘာတစ်ခုမှ စိတ်မရှည်ချင်သော 'ရဲမာန်သွေး' တစ်ယောက် အခုကိစ္စမှာတော့ စိတ်အားတက်ကြွစွာ စောင့်နေလေတော့သည်။ သူတစ်ယောက်တည်းလား ဆိုတော့ . . မဟုတ်။ ဉာဏ်ကြီးနဲ့စိန်ပေါက်တို့ပါ အဆစ်ပါလာသည်။ ရဲမာန်သွေးက မနက်အစောကြီး သူတို့အိမ်တွေကို တစ်အိမ်တက်ဆင်း အရေးတကြီးပုံစံလိုက်ခေါ်၍ ဘာမှန်းညာမှန်းမသိ ပါလာခြင်းပင်။ မနက်မျက်နှာသစ်ပြီးကတည်းက ကားပေါ်သို့ အတင်းဆွဲတင်၍ အူကြောင်ကြောင်နှင့် ပါလာသော ဒီနှစ်ကောင် အခုအချိန်အထိ ဘာတစ်ခုမှ မစားရသေး၊ ရဲမာန်သွေးကတော့ အာဟာရသိဒ္ဓိများ ပီးနေသလားမသိ။ စားဖို့သောက်ဖို့ကိစ္စကို စကားတောင်မဟသေးပေ။

"ဟေ့ကောင် ရဲမာန် . . မင်း ငါတို့နှစ်ယောက်ကို ဘာရည်ရွယ်ချက်နဲ့ ဒီကို ခေါ်လာရတာလဲကွာ . ."

ရဲမာန်သွေးက စိန်ပေါက်၏အမေးစကားကို စိတ်မဝင်စားသလိုအိုက်တင်နဲ့ အဝိပတိလမ်းကိုသာ လှမ်းမျှော်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုနှစ်ကောင်ကတော့ အခုအချိန်ထိ ရဲမာန်သွေး၏ လုပ်ရပ်ပေါ် နားမလည်နိုင်သေးပေ။ မနက်ကတည်းက မမေးမစမ်းနှင့် ကားပေါ် တက်လိုက်လာမိသော သူတို့ကိုယ်သူတို့လည်း ယုကြုံးမရအပြစ်တင်နေမိတော့သည်။ တကယ်ဆို ရဲမာန်သွေး သူတို့ကို တစ်ခုခုတော့ ပြောပြဖို့ သင့်သည်။ အခုတော့ ကိုယ်တော်ချောက သူတို့ကားပေါ် ရောက်ပြီးကတည်းက ဘာမှမေးမရတော့။ ကားကိုသာ ရန်ကုန်တက္ကသိုလ်ထဲသို့ အဓိပတိလမ်းအတိုင်း မောင်းဝင်၍ ဘွဲ့နှင်းသဘင်နားတွင် ဂိတ်ပေါက်ကို မမြင်ဖူးသလို စိုက်ကြည့်နေလိုက်တာ တစ်နာရီလောက်ကြာသွားပြီ။

ဘုဏ်ကြီး ညတုန်းက စိန်ပေါက်ညီမကုဋေလေးနှင့် ဖုန်းခိုးပြောလိုက်တာ လက်လွန်သွားပြီး ညစာလွတ်သွားခဲ့သည်။ အခုလည်း မနက်ကတည်းက ရဲမာန်သွေးတစ်ယောက် ကမ္ဘာပျက်နေသယောင်ယောင် မျက်နှာပေးနှင့် ရေးကြီးသုတ်ပျာလာခေါ်၍ သွေးရူးသွေးတန်း ထလိုက်လာခဲ့တာ ဘာမှမစားရသေး။ ဗိုက်ထဲမှာ အစာနဲ့တူတာဆိုလို့ ဘာမှမရှိ။ ယုတ်စွအဆုံး ရေတစ်ခွက်တောင် မနက်ကတည်းက မသောက်ရသေးသောကြောင့် အစာအိမ်က တော်တော်ဆန္ဒပြနေပြီ။ တဂွီဂွီနှင့် ဖားအကောင်တစ်ထောင်အားနှင့် အောင်နေလေပြီ။

စိန်ပေါက်ကိုကြည့်လိုက်တော့လည်း ကားနောက်ခန်း ထိုင်ခုံလေးပေါ်တွင် ခွေခွေကလေး။ ပါးစပ်ကလည်း ငါးစိမ်းသည်လက်ထဲပါသွားသော ငါးတစ်ကောင်ပါးစပ်လို ဟစိဟစိလေးနှင့် မျက်နှာကတော့ အထူးပြောဖို့ပင် မလိုတော့ချေ။ ဘာနဲ့မှ နှိုင်းယှဉ်လို့မရအောင် အနှိုင်းမဲ့နေတော့၏။

အခုအချိန်ထိ ရဲမာန်သွေး၏လုပ်ရပ်ကို သူတို့နှစ်ယောက်စလုံး နားမလည်နိုင်သေးပေ။ ရဲမာန်သွေးမျက်နှာကတော့ သူတို့





နှစ်ယောက်နှင့်တခြားစီပင်။ ဘိသိက်ခံနေတဲ့ ဘုရင်တစ်ပါးလို မာကြီးတင်းနေတာပဲ။ မနက်က အိမ်ကိုလာနှိုးတဲ့မျက်နှာနဲ့ တခြားစီ။ သူတို့နှစ်ယောက်လုံး ကားပေါ်လည်းရောက်ရော ရာသီဥတု ချက်ချင်းပြောင်းလဲသွားသလိုပင် မျက်နှာကတင်းပြီး ဘာဆိုဘာမှ မေးမရတော့ပေ။ သူတို့နှစ်ယောက်လုံး သိလိုက်ပြီ။ ဒီနေ့ သူတို့ ဘဝပျက်ပြီ။

ရဲမာန်သွေးကတော့ အဓိပတိလမ်းဂိတ်ဝကိုသာ လှမ်းမျှော်ကြည့်နေဆဲ။ ဟိုနှစ်ကောင်ကတော့ သူ့ကိုစိတ်ထဲမှာ ဆဲနည်းပေါင်းစုံနဲ့ ကျိန်ဆဲနေမှာ သေချာသည်။ ဒီနှစ်ကောင် မနက်ကတည်းက ဘာမှမစားရသေးမှန်း သူသိသည်။ တကယ်တမ်းကျ သူလည်း ဘာမှမစားရသေး။ သို့သော် စိတ်တွေယောက်ယက်ခတ်နေလို့လား မသိ။ အံ့ဩလောက်အောင် ဗိုက်ကမဆာဘဲ ဖြစ်နေ၏။ နောက်ပြီး ဟိုနှစ်ကောင်ကို အစာကျွေးနေလျှင်လည်း မမကို မမီလိုက်မှာစိုး၍ ဒီကောင်တွေ တဂျီဂျီလုပ်နေတာကို မသိချင်ယောင်ဆောင်နေလိုက်သည်။

မမသည် မနက်ကိုးနာရီဆိုလျှင် ကျောင်းသို့မှန်မှန်ရောက်ကြောင်း သူသတင်းရပြီးပြီ။ ကျောင်းထဲကိုလည်း အဓိပတိလမ်းဘက်မှ အဝင်များ၏။ တက္ကသိုလ်တွင် နာမည်ကြီးသော မမအကြောင်း စုံစမ်းရသည်မှာ ငှက်ပျောသီးအခွံနွှာစားတာထက်တောင် လွယ်သေးသည်။ ရန်ကုန်တက္ကသိုလ်တွင် မမတို့လို M.Sc (မဟာသိပ္ပံ)တက်နေသော သူ့အသိတစ်ယောက်ထံမှ စုံစမ်းလိုက်ရုံနှင့် လုံလောက်သွား၏။

ဒါကြောင့် မနက်ခုနစ်နာရီလောက်ကတည်းက အိမ်ကထွက်လာခဲ့ပြီး ဟိုနှစ်ကောင်ကို အတင်းဝင်ခေါ်၍ ရန်ကုန်တက္ကသိုလ်သို့ ထွက်လာခဲ့လိုက်၏။ တကယ်တမ်းကျ သူတစ်ယောက်တည်း မသွားရဲပေ။ ရှက်သလိုလို၊ ကြောက်သလိုလို သူတို့တွေအားလုံး ဒီတက္ကသိုလ်တွင် တက်ကြသော ဒုတိယနှစ်ကျောင်းသားများဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရန်ကုန်တက္ကသိုလ်သည် သူတို့အတွက် အနည်းငယ်စိမ်းနေ၏၊ တစ်ခါတလေကျမှသာ လက်ဖက်ရည်ဆိုင်သွားထိုင်ခြင်းနှင့် အခြားအကြောင်းကိစ္စတစ်ခုခုရှိမှသာ ရောက်ဖြစ်ကြသည်။ သိပ်မသွားဖြစ်ကြ။ အခုတောင် မမကို မြင်ချင်လွန်းလို့ သူ့ကျောင်းကိုတောင် ဖျက်၍လာခြင်းပင်။

လက်မှနာရီကိုကြည့်လိုက်တော့ ဆယ်နာရီကိုတောင် နည်းနည်းစွန်းနေပြီ။ မမ အရိပ်အယောင်တောင် မတွေ့ရသေးပေ။ သူ နည်းနည်းတော့ စိတ်ဓာတ်ကျချင်လာပြီ။ ဒီနေ့ကျမှ မမက အဓိပတိလမ်းက မဝင်ဘဲ တခြားအပေါက်ကများ ဝင်သွားသလား။ အဲဒါဆိုရင်တော့ မောပြီ။ ပင်ပန်းသမျှသွားပြီ။ ဒါပေမယ့် သတင်းပေးတဲ့လူက သေချာပြောလိုက်တာပဲ။ အို . . ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ ထပ်စောင့်လိုက်ဦးမယ်ဟု ဆုံးဖြတ်လိုက်ပြီး ရဲမာန်သွေး ဟိုနှစ်ကောင်ကို မသိမသာ အကဲခတ်လိုက်၏။

ဉာဏ်ကြီးဆိုတဲ့ကောင်ကတော့ ကားရှေ့ခုံလေးမှာ ခြေထောက်နှစ်ချောင်းစလုံး ကားကူရှင်ပေါ်တင်၍ လက်နှစ်ဖက် ဒူးပေါ်တင်ကာ ငုတ်တုတ်ကလေး . . ထိုင်နေလေရဲ့။ မျက်လုံးတွေကလည်း အဓိပတိလမ်းက ရေတမာပင်တွေကို မမြင်ဖူးသလို ငေးကြောင်ကြောင်နဲ့ ကြည့်နေ၏။ တုတ်တုတ်တောင် မလှုပ်။ ဆာလွန်းလို့ ငုတ်တုတ်လေး ဖြစ်သွားပုံပဲ။

နောက်တစ်ယောက်က စိန်ပေါက် . . ဒီကောင်ကတော့ နောက်ခန်းမှာ။ ကားရှေ့နောက်ကြည့်မှန်ထဲက သူ မသိမသာ စိန်ပေါက်ကို ကြည့်လိုက်၏။ စိန်ပေါက်လည်း ဉာဏ်ကြီးလိုပဲ တစ်နေရာကို ငေးနေသည်။ ဒါပေမယ့် တစ်ခုထူးခြားတာက စိန်ပေါက်ရဲ့ပါးစပ်ပဲ၊ ရဲမာန်သွေး နည်းနည်းစိတ်ဝင်စားသွား၏။ စိန်ပေါက်ပါးစပ်က ပုံမှန်အတိုင်း မဟုတ်။ တလှုပ်လှုပ်နဲ့။ ဘာနဲ့တူသလဲဆို နွားတွေ





စားမြုံ့ပြန်နေသလိုပဲ ဟော . . ကြည့်နေရင်းမှာပဲ အပေါ်နှုတ်ခမ်းတလက်မဝက်လောက် ချွန်ထွက်လာသည်။ နှုတ်ခမ်းနောက်တွင် လျှာပါ ပူးတွဲပါလာ၏။ လျှာကို အောက်နှုတ်ခမ်းတွင် နှစ်ချက်သပ်သည်။ အပေါ်နှုတ်ခမ်းကိုတော့ ချွန်ထားဆဲ။ နောက်ဆုံး အပေါ်နှုတ်ခမ်းပေါ်သို့ သူ့လျှာကို ခပ်ကြမ်းကြမ်းပစ်တင်လိုက်ပြီး ရှလွတ်ခနဲမြည်အောင် စုပ်သွင်းလိုက်တော့သည်။

ဟင် . . ရဲမာန်သွေး၏ စိန်ပေါက်အပေါ် စိုးရိမ်စိတ်သည် ငယ်ထိပ်အထိ ရောက်သွားပြီ။ စိန်ပေါက် ဘာဖြစ်သွားပြီလဲ။ တကယ်ရူးသွားပြီလား မသိပေ။ မျက်လုံးကတော့ အပြင်တစ်နေရာရာကို ကြည့်ပြီး အရောင်တလက်လက်ထနေဆဲ။ တဖြည်းဖြည်းရဲမာန်သွေး လန့်လာသည်။

ဟော . . ကြည့်နေရင်းမှာပင် နောက်တစ်ခေါက် အပေါ်နှုတ်ခမ်းသည် ဒုတိယအကြိမ် ချွန်ထွက်လာပြန်ပြီ။ ဒီတစ်ခါ လျှာဘင်မဟုတ် လက်ပါ,ပါလာပြီ။ ညာဘက်လက်က လက်ဝါးကို လက်သီးပုံစံ ဖွဖွလေးဆုပ်၍ သူ့ပါးစပ်ရှေ့မှာ တေ့ထည့်နေပြီ။ မဖြစ်တော့။ ရဲမာန်သွေး စိန်ပေါက်ဖြစ်နေပုံကို စုံစမ်းရတော့မည်။

သူစိန်ပေါက်ထံမှ အကြည့်ကိုခွာ၍ ပတ်ဝန်းကျင်ကိုလေ့လာလိုက်သည်။ ဘွဲ့နှင်းသဘင်၊ ရေတမာပင်တွေနှင့် အဓိပတိလမ်း၊ ဘာမှ ထူးထူးခြားခြား မရှိပေ။ ကျောင်းသူ၊ ကျောင်းသားတွေကတော့ ဆုံးစုံအတိုင်း သွားလာနေတာမြင်ရသည်။ ဒါဆို စိန်ပေါက်ဘာကို ကြည့်နေသနည်း။ စိန်ပေါက်မျက်လုံးအဲတိုင်း သေချာကြည့်လိုက်သည်။

ဟင် . . တရားခံကို တွေ့လိုက်ပါပြီ။ ဘွဲ့နှင်းသဘင်ရှေ့ သေ့ကားထစ်များပေါ်တွင် ထိုင်နေသော အတွဲတစ်တွဲ၊ ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



ချော ကောင်မလေးပါ ရေခဲမုန့်ဘူးလေးတွေ တစ်ယောက်တစ်ခုစီ ကိုင်ထားပြီး တစ်ယောက်တစ်လှည့် ခွံကျွေးနေကြသည်။

ကောင်လေးက ဘူးထဲက ရေခဲမုန့်ကို ကော်ဖွန်းလေးနဲ့ ကော်ပြီး ကောင်မလေးကို ခွံကျွေးသည်။ ပါးစပ်နားရောက်ခါနီးမှ ကောင်လေးက ဇွန်းကိုပြန်ဆွဲသွားပြီး ကလူကျီစယ်နေ၏။ ချစ်သူ ရည်းစားများအကြားတွင် မထူးဆန်းသော ကြည်နူးမှုလေးများပင်။

ဒါကို စိန်ပေါက်ကြည့်ပြီး ခံစားနေတာဖြစ်မည်။ အတွဲကို အားကျနေခြင်း မဖြစ်နိုင်။ ရေခဲမုန့်ကို စားချင်နေ၍ စိတ်ကူးယဉ် နေခြင်း ဖြစ်ရမည်။ ကြာရင်မဖြစ်တော့ နည်းနည်းတော့ သတိပေး မှ ရတော့မည်။ ဒီကောင် ရေခဲမုန့်ဆွဲဆောင်မှုထဲမှာ မျောနေပြီ။ တော်ကြာ စိတ်ပေါက်လာပြီး ကားပေါ်က ပြေးဆင်းကာ အဲဒီအတွဲ ဆီက ရေခဲမုန့်တွေ သွားလုစားနေလျှင် ကျော်မကောင်း ကြားမ ကောင်း ဖြစ်ကုန်တော့မည်။ ပြောလို့မရ . . စိန်ပေါက်ဆိုတဲ့ကောင် က မထင်လျှင် မထင်သလို လုပ်တဲ့ကောင်။

“ဟေ့ကောင် . . ဟေ့ကောင် . . စိန်ပေါက် . .”

“. . . . . . . .”

“ဟေ့ကောင် . . .”

ကိုယ်လုံးကို လက်နဲ့တွန်းလှုပ်လိုက်မှပဲ အသိဝင်လာတော့ ၏။

“ဘာလဲကွာ . . .”

လူကို အရူးလိုကြည့်ပြီး . . စိတ်ပျက်လက်ပျက်အသံနဲ့ ထူးတော့ . . . .

“မင်းကွာ ဘာဖြစ်နေတာလဲ . . အဲဒီလောက်ထိ ပုံပျက်ပန်း ပျက်ဖြစ်မနေစမ်းပါနဲ့ကွာ . . ငါ့ မမလာအောင် ခဏလေးစောင့် ပါကွာ . .”





အဲဒီစကားကြားတော့ ဒီကောင်တွေ ရုတ်ခနဲ ခေါင်းတွေ ထောင်လာကြတော့၏ . . .။

“မင်း မမ . . . ဟုတ်လား . .”

“ဟုတ်တယ် . . .”

နှစ်ကောင်စလုံး စိတ်ဝင်စားသွား၏။ ဒီကောင်တွေ အခုမှ သူ ဒီကျောင်းထဲလာပုံကို ရိပ်မိလိုက်ပုံပဲ။

“မင်း မမက ဘယ်ကိုလာမှာလဲ . .”

သူလည်း အကြောင်းစုံ ရှင်းပြလိုက်တော့ . . . .

“တောက် . . . ငါတို့ကို အစောကြီးကတည်းက ပြောပါလား”

“အေးလေ . . အစောကြီးကတည်းကပြောရင် ငါတို့အိမ်မှာ တစ်ခုခုစားလာတာပေါ့ကွာ . . အခုတော့ ဆာလွန်းလို့ သေတော့ မယ် . .”

“ဟုတ်တယ် ရဲမာန် . . မင်း မမက ဆယ်နာရီတောင်ကျော် နေပြီ လာချင်မှလာတော့မှာ . . ဒီလိုလုပ်ကွာ . . ငါတို့ အင်းဝစာအုပ် တိုက်ဘက် စားသောက်ဆိုင်တွေမှာ တစ်ခုခု စားရအောင် . . . ခဏ လေးပဲကွာ . . အဲဒီကလှမ်းကြည့်ရင် မင်းမမကားကို မြင်ရမှာပါ”

ရဲမာန်သွေး တစ်ချက်စဉ်းစားလိုက်သည်။ နောက်တော့ ဒီ ကောင်တွေပြောတာကို လက်ခံလိုက်ပြီး ကားကို အဓိပတိလမ်း အတိုင်း မောင်းထွက်ခဲ့တော့၏။ ဂိတ်ပေါက်မှထွက်၍ အင်းဝစာအုပ် တိုက်ရှိသည့် စားသောက်ဆိုင်တွေဘက် အချိုးတွင် . . .

“ဟာ . . ဟေ့ကောင် . . ဟေ့ကောင် . . ဟို . . ဟိုမှာ . . မင်း မမ . . မင်း မမ . . ကားပျက်နေတာ ထင်တယ် . . .”

ညဏ်ကြီးစကားကြောင့် သူလှည့်ကြည့်လိုက်၏။ မမ . . ပြီးတော့ မမကား(Mark II) အဖြူရောင်၊ ကားနံပါတ်ကို မမြင်ရသော်လည်း သေချာသည်။ မမက အနီရောင်ဝမ်းဆက်လေး



www.burmeseclassic.com

www.burmeseclassic.com



နှင့်ထင်းနေ၏။ ကားပျက်နေတာ ဖြစ်မည်။ ကားက ရှေ့ဖုံးဖွင့်ထားသည်။ ဘေးမှာ လူနှစ်ယောက်၊ ဘယ်သူတွေမှန်းတော့ မသိ။ လွယ်အိတ်လွယ်ထားတော့ ကျောင်းသားတွေဖြစ်ဖို့များသည်။ နှစ်ယောက်စလုံး ကားကို ဟိုနှိုက်သည်နှိုက် လုပ်နေ၏။ တစ်ယောက်က မမကို စကားလှည့်ပြော၏။ နောက်တစ်ယောက်ကလည်း လှမ်းပြောသည်။ မမ ဒီနှစ်ယောက်ကြား ဗျာများနေပုံပင်။

"ဟေ့ကောင် . . မင်းသွားလိုက်လေ . . ."

သူ စိန်ပေါက်တို့ကို တစ်ချက်လှည့်ကြည့်လိုက်သည်။ သူ့အကြည့်၏ အဓိပ္ပါယ်ကို ဒီကောင်နှစ်ကောင်လုံး နားလည်ပါသည်။

"ရပါတယ်ကွာ . . သွားလိုက်ပါတော့ . . အခုမှတော့ မထူးတော့ပါဘူး . . အဆာတွေလည်း လွန်ကုန်ပါပြီ . . မင်းကိစ္စသာ ပြီးအောင်လုပ် . . ."

ဒီလိုကျတော့လည်း နားလည်ကြသားပဲဟု တွေးကာ ကားကို တက္ကသိုလ်ရိပ်သာလမ်းပေါ် ပြန်မောင်းတင်လိုက်တော့၏။ သူ့ကားထိုးရပ်လိုက်တော့ မမအပြင် ကားကိုကျွမ်းပြန်အောင် ကလိနေသည့် ကောင်နှစ်ကောင်ပါ လှည့်ကြည့်သည်။ သူ့ဟန်ပါပါနှင့် ကားပေါ်မှ ဆင်း၍ ခပ်တည်တည် လျှောက်သွားလိုက်သည်။ မမ . . သူ့မျက်နှာမြင်တော့ အံ့ဩသွားပုံရသည်။

"ဟယ် . . မောင်လေး . ."

မမ၏ နွေးထွေးသောအခေါ်အဝေါ် . . သူ့ရင်ထဲမှာ တစ်ခါမှ မခံစားရဖူးသော အရသာတစ်ခု လှုပ်ခနဲရိုက်ခတ်သွားသည်။ သူ့အသံကို မတုန်အောင် သတိထားပြီး . . . .

"မမ . . ကား ဘာဖြစ်တာလဲ ဟင် . . ."

"ကိုယ့်အထင်တော့ Starter (စတပ်တာ) ကပ်တယ်ထင်





တယ် . . ကြည့်လိုက်တော့ တိုင်းရော့စ်လည်း နည်းနည်းချောင်နေတာ . ."

ဘာမှမဆိုင်၊ မမ ကားကို ပြင်ချင်ယောင်ဟန်ရေးပြနေသည့် ကျောင်းသားနှစ်ယောက်ထဲမှ တစ်ယောက်က ဝင်ပြော၏။

"မဟုတ်ဘူး ထင်တယ် . . ကိုယ့်ညီရဲ့ . . ကိုယ့်အထင်တော့ ဘက်ထရီခေါင်းလွတ်လို့ ဘယ်ရာရင်ပျောက်သွားတာ ထင်တာပဲ"

အခုထိ သူတို့ထင်မြင်ချက်နှစ်ခုလုံး တစ်ခုမှ အရှေ့နောက်မညီ၊ သိသမျှ တတ်သမျှကို မမရှေ့မှာ အကောင်လုပ်ပြီး တစ်ဦးနဲ့တစ်ဦး ဦးအောင်ပါးစပ်ထဲရှိရာ ပြောနေကြသည်။ တကယ်တမ်းကျ ဒီနှစ်ကောင် ကားအင်ဂျင်တောင် ဟုတ်တိပတ်တိကြည့်ဖူးပုံမပေါ်။ ကာပရိုက်တာ ဘယ်နားထားမှန်းတောင် သိမယ့်ပုံမရပေ။

မမက အခြေအနေကို သဘောပေါက်လိုက်ပြီး ဒီပွဲကို သူထိန်းမှရတော့မည်ကို သိလိုက်ပုံရသည်။

"မောင်လေး . . ဒါ ကိုအောင်စည်ထွဋ်တဲ့ . . ဒီဘက်က ကိုမောင်မောင်ဆွေဟိန်း . . နှစ်ယောက်စလုံး မနဲ့မေဂျာအတူတူပဲ"

သူ လူမှုရေးအရ ပြုံးပြခေါင်းညိတ်လုပ်ပြလိုက်၏။ မမကတော့ သူ့ကို 'ဒါ . . သူ့မောင်လေး' ဆိုပြီး ပြန်မိတ်ဆက်ပေး၏။

"မင်းက ဘယ်လာတာလဲ . ."

"အဲ . . ဟို . . ကျွန်တော့် သူငယ်ချင်းဆီ . ."

သူ မှုသားသုံးလိုက်မှန်း မမရိပ်မိပုံမရပါ။

"ဩော် . . မင်းဖြစ်နိုင်ရင် မမကို တစ်ခုလောက် ကူညီပါလား . ."

"ဟာ . . ရ . . ရပါတယ်မမ . . မောင်လေး ဘာလုပ်ပေးရမလဲ . ."

သူလည်း သူ့ကိုယ်သူ မောင်လေးတွေ ဘာတွေလုပ်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ ခုနပြောတဲ့ မောင်မောင်ဆွေဟိန်းနဲ့ အောင်စည်ထွဋ်ဆိုတဲ့ ငတိနှစ်ကောင်ကတော့ ကားနားမှာ ပေကတ်ကတ်နဲ့ သူ့ကိုစောင်တောင်တောင်ကြည့်နေလေရဲ့။ သူ့ရင်ကတော့ အရင်ကထက် ပိုကော့နေတယ်ထင်သည်။

"မင်း . . မမကို ကျောင်းထဲ လိုက်ပို့ပါလား ဟင် . . ဒီနေ့ ကျူတိုရီရယ်ဖြေစရာရှိလို့ အချိန်သိပ်မမီတော့ဘူး . . ပထမ မမ လမ်းလျှောက်သွားမလို့ပဲ . . ဒါနဲ့ မင်းလာတာ အတော်ဖြစ်သွားတာ"

သိန်းသုံးရာဆုပေါက်တဲ့ ထီလက်မှတ်ကို အိမ်တိုင်ရာရောက်လာပေးရင်တောင် ဒီလောက်ပျော်မှာ မဟုတ်ဘူး . . တကယ်ပါ . . သူ အပျော်လွန်ပြီး နှလုံးသွေးကြောပြတ်သွားမှာတောင် စိုးလို့ ကိုယ့်ကိုယ်ကိုယ် မနည်း သတိထားလိုက်ရတယ်။

မမက သူ့ကားကို တံခါးသေချာပိတ်ပြီး ဟိုငတိနှစ်ကောင်ကို ကျေးဇူးတင်စကားပြောကာ သူ့ကားရှေ့ခန်းပေါ် တက်ထိုင်လိုက်တော့သည်။ စိန်ပေါက်တို့၊ ညက်ကြီးတို့က ဒါမျိုးဆို ပြောစရာမလို၊ အကင်းပါးသည်။ သူနဲ့ မမနှစ်ယောက်တွဲထိုင်လို့ရအောင် နောက်ခန်းပြေးထိုင်လိုက်ကြ၏။

ကားပေါ်ရောက်တာနဲ့ မမက သူပဲ စကားကို ဦးဆောင်ပြောတော့သည်။

"မမ . . က ကားသာစီးနေတာ ကားအကြောင်း နည်းနည်းမှ နားလည်တာမဟုတ်ဘူး . . အခုလည်း မောင်းလာတုန်း အဲဒီနားမှာ ထိုးရပ်သွားတော့တာပဲ . . အဲဒါနဲ့ မ,လည်း ဘာလုပ်ရမှန်းမသိတော့ဘူး စိတ်တွေညစ်နေတာ။ ကျူတိုရီရယ်လည်း ရှိတော့ လမ်းလျှောက်သွားရင် မမီနိုင်တော့ဘူးဆိုပြီး Taxi ငှားမလို့လုပ်နေတုန်း မင်း ရောက်လာတာနဲ့ အကူအညီတောင်းလိုက်ရတာ . ."

"ဒါနဲ့ . . ဟိုနှစ်ကောင်ကရော . . မမကို မကူညီဘူးလား"





မ ကားဘေးနားကျန်ခဲ့တဲ့ ဟိုငတိနှစ်ကောင်ကို ဦးတည်ပြောလိုက်တော့ မ,က ပါးစပ်ကလေး လက်နဲ့အုပ်ပြီး တခွိခွိနဲ့ရယ်တော့၏။ ဒါဆို သူ့သဘောပေါက်လိုက်ပြီ။ ဟိုနှစ်ကောင် အာပလာကောင်တွေ။

"သူတို့ကတော့ မ အကူအညီတောင်းရင်တော့ ပေးကြမှာကျိန်းသေပဲ . . ဒါပေမယ့် မင်း သူတို့အကြောင်း မသိလို့ပါ။ မ,က သူတို့ကို အတန်းတူနေလို့ အလိုက်အထိုက် ဆက်ဆံနေတာ သူတို့နဲ့ တွေ့ရင် မ အရမ်းစိတ်ညစ်ရတာ . ."

"ဟင် . . မ,ကို ဒီကောင်တွေ လိုက်နှောင့်ယှက်လို့လား"

သူ့ရဲ့စိုးရိမ်စိတ်ကြောင့် မ,က သူ့ကို တစ်ချက်လှည့်ကြည့်တယ်။ ပြီးမှ . . . .

"မဟုတ်ပါဘူး . . သူတို့က မ,နောက် အတင်းတကောက်ကောက်လိုက်လွန်းလို့ စိတ်ညစ်နေရတာ . . ."

"ဪ . ."

စကားပြောရင်းနဲ့ပဲ မ,စာသင်ဆောင်ရှေ့ရောက်တော့ မ,က သူ့ကို ကျေးဇူးတင်စကားပြောပြီး ဆင်းသွားလေရဲ့။ ကော်ရစ်တာအောက်မှာရပ်နေတဲ့ တချို့ကျောင်းသားတွေကတော့ သူ့ကားပေါ်က ဆင်းလာတဲ့ မ,ကို တအံ့တသြကြည့်နေလိုက်ကြတာ အထူးအဆန်းကို ဖြစ်လို့၊ ပြီးတော့ . . သူတို့ကျောင်းကန်တင်းဘက်ကို မောင်းထွက်ခဲ့တော့တယ်။ ကန်တင်းရောက်တော့ စိန်ပေါက်နဲ့ ညက်ကြီးတို့ အစားအသောက်တွေ အလုအယက်မှာပြီး . . .

"ဟေ့ကောင် . . မင်း ဘာမှမစားတော့ဘူးလား . ."

စိန်ပေါက်မေးမှ သူဟာသူ ပြန်သတိထားမိလိုက်ကာ မနက်ကတည်းက သူဘာမှမစားရသေး။ တွေးမိလိုက်တော့မှ ဆာသလိုလို ဖြစ်လာ၍ စိုးမြင့်ကြော်တစ်ပွဲမှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲမာန် . . . မင်း မမက တစ်မျိုးပဲနော် . . ."

ဉာဏ်ကြီးက လာချပေးသော ထမင်းပေါင်းတစ်ပွဲကို တစ်ဝက်လောက် မနားတမ်းစားပြီး နေသာထိုင်သာ ရှိသွားတော့မှ သူ့ကို လှည့်ပြော၏။ သူလည်း ဉာဏ်ကြီးကို တစ်ချက်လှည့်ကြည့်လိုက်ပြီး . . . .

"မင်း ဘာကို ဆိုလိုတာလဲ . . ."

"မင်းပဲ စဉ်းစားကြည့်လေကွာ . . မင်းကို သူရင်းရင်းနှီးနှီး တွေ့ဖူးဟာဆိုလို့ သူတို့ကုမ္ပဏီကို မင်းအလုပ်သွားလျှောက်တဲ့နေ့ တစ်နေ့ပဲရှိတာ။ အခုဟာက မင်းကိုတွေ့လိုက်တော့ တကယ့်အသိမိတ်ဆွေတစ်ယောက်လို ဆက်ဆံနေလိုက်တာ ငယ်ပေါင်းကြီးဖော်တွေကျနေတာပဲ . ."

"ဟုတ်တယ် ရဲမာန် . . ဉာဏ်ကြီးပြောတာ မှန်တယ်။ ငါလည်း အဲဒါကို နားမလည်တာ။ မဟုတ်မှလွဲရော ရုပ်ရှင်တွေထဲကလို သူ့အရင် သေသွားတဲ့မောင်လေး (ဒါမှမဟုတ်) သူ့အရင်ကွဲသွားတဲ့ ရည်းစားတွေနဲ့များ မင်းနဲ့တူနေလို့လား မသိဘူး . ."

"ဟာ . . အရေးထဲ မင်းကတစ်မျိုး . . မဖြစ်နိုင်ပါဘူးကွာ . . မ,မှာ အရင်ကတည်းက ရည်းစားရှိတယ်လို့လည်း မကြားဖူး ဘူး . . နောက်ပြီး မမတို့က ညီအစ်မနှစ်ယောက်တည်း။ တစ်ယောက်က နိုင်ငံခြားမှာ . . ."

"စိန်ပေါက် ပြောသလိုမဟုတ်ရင် . . တစ်ခုပဲရှိတော့တယ်"

"ဘာလဲ . . ."

"အဲဒါ မင်းကို စိတ်ဓာတ်စစ်ဆင်ရေး စလိုက်တာပဲ . ."

"ဘာ . . ဘယ်လို ငါနားမလည်ဘူး . ."

"ဟုတ်တယ် . . မင်း သူ့ကိုရည်းစားစကား ပြောရခက်အောင် ပြီးတော့ မင်းက သူ့အပေါ် မရိုးမသားစိတ်မွေးရခက်အောင် လုပ်လိုက်တာ . . ."

ဉာဏ်ကြီး ရေနွေးကြမ်းတစ်ခွက်ကို နည်းနည်းသောက်၍ ပြန်ချပြီး စကားဆက်သည်။

"အင်း . . မင်း မမက တော်တော်လည်တာပဲ . . ."

"အာ . . မင်းတို့ဟာက ဟုတ်ပါ့မလားကွာ . ."

"ဟုတ်ကို ဟုတ်ရမယ် ဟေ့ကောင် . . မင်း မမက မင်းကို နောက်ဆို တွေ့တိုင်း အယ်လဲဝမ်းသာနဲ့ မောင်လေးတစ်ယောက်လို ဆက်ဆံတော့မှာ။ အဲဒီတော့ မင်းဆိုတဲ့ကောင်ကလည်း သူဆင်ထားတဲ့အကွက်ထဲ ဝင်သွားရော။ သူနဲ့မောင်နှမတွေလို ပုံစံမျိုးဖြစ်သွားတော့ ရည်းစားစကားပြောဖို့ ခက်ကုန်ရော။ အဲဒီမှာ မောင်နှမ သံယောဇဉ်လိုလို ဘာလိုလိုတွေဖြစ်ကုန်ပြီး ရှုပ်ကုန်ရော။ ဒါနဲ့ နောက်ဆုံး မမတို့ မောင်နှမလိုအချစ်မျိုးက အေးချမ်းပါတယ်ကွယ် ဆိုပြီးတော့ ဇာတ်ကဆုံးရော . . ."

"ဟာ . . မင်းက သိလှချည်လားကွ . . အစအဆုံး အကုန် တစ်ခုမကျန် သိနေပါလား . . နေစမ်းပါဦး . . မင်းက ဘယ်လိုသိ တာလဲ . ."

"ဝတ္ထုတွေဖတ်ပြီး သိတာလေ . ."

"ငါက တကယ်မှတ်လို့ နားထောင်နေတာ။ ဟေ့ကောင် ဉာဏ်ကြီး ဟိုက ဝတ္ထုကွ ဒါက တကယ် . ."

"ဒီမှာ ရဲမာန် . . ဒီခေတ်ကြီးထဲမှာ အဲဒီဝတ္ထုတွေထဲက အတိုင်း အပြင်မှာ တကယ်ဖြစ်နေကြတာ မင်းမှမသိတာ။ လူတွေက တချို့ကိစ္စတွေကို ဝတ္ထုတွေထဲကအတိုင်း အတုခိုးပြီး ဇာတ်လမ်းဆင် လာတတ်ကြပြီကွ။ ငါ့အထင်တော့ မင်း မမလုပ်နေပုံက အဲဒီပုံစံ ကြီးကို ဝင်နေတာပဲ။ မင်းသတိမထားရင် ခံသွားရမယ်နော် ရဲမာန်





တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူ ဒီတစ်ခါတော့ စဉ်းစားရပြီ။ ဒီကောင်တွေပြောသလို ဟုတ်နေပြီလား။ စဉ်းစားကြည့်တော့ ဟုတ်လည်း ဟုတ်နိုင်သည်။ သူ့ကိုတစ်ခါလောက် တွေ့ဖူးရုံနဲ့ အဲဒီလောက် ခင်ခင်မင်မင် ဆက်ဆံသွားတာ စဉ်းစားဖို့ကောင်းနေပြီ။ မ,က သူ့ကိုကြိုက်နေပါသည် ဆိုရလောက်အောင်လည်း သူက ရုပ်ရှင်မင်းသားမဟုတ်။ မ,ဘေးနားမှာ ဝိုင်းဝိုင်းလည်နေတဲ့ လူတွေနဲ့ယှဉ်လိုက်ရင်တောင်မှ သူက နောက်မှာ . . .

"အဲဒီတော့ . . . ငါ ဘာလုပ်ရမလဲ ညာဏ်ကြီး . . ."

ညာဏ်ကြီး ရင်တစ်ချက်ကော့ပြီး ကော်လံကို လက်နဲ့ ဟန်ပါပါ ထောင်လိုက်သည်။ ပြီးမှ ချောင်းတစ်ချက်ဟန့်ပြီး ရေနွေးတစ်ခွက်သောက်သည်။ လုပ်ထားဦးပေါ့ ညာဏ်ကြီးရာ ဒါ မင်းဝွင်ထဲ ရောက်နေပြီပဲဟု သူ့စိတ်ထဲမှာ ဒီကောင့်ကို ပယ်ပယ်နယ်နယ် စုတ်ပြတ်သတ်သွားအောင် ထိုးပစ်လိုက်သည်။ ခဏကြာတော့မှ ညာဏ်ကြီး အသံထွက်လာ၏။

"မင်း မမနဲ့ လုံးဝ ခင်မင်မသွားအောင် ကြိုးစားနေရမယ်"

"ဟေ . ."

အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းနံ့နှက်ခင်းတစ်ခုက
သူ့ရင်ဘတ်ကိုဖွင့်ပြီး
နှင်းတွေကို အန်ချလိုက်တယ်
မှုန်သီနေတဲ့ နှင်းထုရယ်
မြင်နေကျ လမ်းကလေးရယ်
ပြတင်းပေါက် လိုက်ကာ ဆွဲအဖွင့်
သူ့မျက်ဝန်းမှာ နေရာယူကြတယ်

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဆောင်းရာသီ နံနက်ခင်းမျိုး သူ ခဏခဏ ကြုံခဲ့ဖူးတာပေါ့။ ဒီလို ဆောင်းတွင်းဆို အနွေးထည်အကျႌနဲ့ ခေါင်းစွပ်ဆွယ်တာဝတ်ပြီး နှင်းတောထဲ လျှောက်သွားလိုက်ရရင် ဘယ်လောက်ကောင်းမလဲ။ အဲဒီအရသာ သူ အကြိုက်ဆုံးပဲ။ မကြာသေးခင် ကာလတစ်ခုက ဒီလိုဆောင်းရာသီ နံနက်ခင်းတစ်ခုမှာ နှင်းတွေနဲ့အတူ သူရင်ခုန်ခဲ့ဖူးတာပေါ့။ တဖျတ်ဖျတ်ခုန်နေတဲ့ နှလုံးသားအာရုံမှာ မမပုံရိပ်ကို ဆွဲထင်ကျန်ရစ်စေခဲ့တာ ဒီလို နံနက်ခင်းမျိုးပါ။ စိတ်အာရုံက မွေးကင်းစနှင်းထုနှယ် လှပျိုဖော်ဝင်စ နေရောင်နဲ့အတူ အတိတ်တစ်ခုဆီသို့ ရောက်သွားတော့တယ် . . .။

ဒီဇင်ဘာ ဆောင်းအရုဏ်ရဲ့ နှင်းထုအောက်မှာ သီပေါမြို့ကလေးက ရှန်းကြွရုံရှိသေးတယ်။ တောင်တန်းပြာပြာကြီးတွေကတော့ အခုမှ ရုပ်လုံးပေါ်ကာစပေါ့။ ဟိုးအဝေးဆီက (ဘယ်ကမှန်းမသိတဲ့) လင်းကြက်တွန်သံကို သူနားထဲ ပီသစွာတိုးဝင်လာတယ်။ အရုဏ်တက်ပြီး ချမ်းလိုက်တာလည်း ခိုက်ခိုက်တုန်လို့၊ အနွေးထည်





နှစ်ထပ်ဝတ်ထားတာတောင်မှ ခန္ဓာကိုယ်ကို တိုးဝင်နေတုန်းပဲ။

ဒီလို နံနက်ခင်းမျိုးကို ရန်ကုန်လိုတိုက်တာ အဆောက်အအုံတွေများတဲ့နေရာမှာ ဘယ်လိုမှမြင်တွေ့နိုင်မှာ မဟုတ်ပေ။ ချယ်ရီပန်းနီနီတွေ ခြံရံထားတဲ့ မြေနီလမ်းကလေးကတော့ ကမ္ဘောဇမြေရဲ့ ဆောင်းရာသီအောက်မှာ လှချင်တိုင်းလှနေလိုက်တာ။ သူရပ်နေတဲ့ တောင်ကုန်းကကြည့်ရင် ရှမ်းတောင်တန်းကြီးတွေရဲ့အောက်ခြေမှာ ရွာလေးတွေကို ဟိုတစ်စု၊ ဒီတစ်စု မြင်နေရ၏။ တချို့ရွာလေးတွေက မီးခိုးတွေ တလူလူနဲ့ အရုဏ်ဦးရဲ့အလှကို ဖြည့်ဆည်းပေးနေသလိုလို၊ အရာရာဟာ အလွန်လှပတဲ့ သဘာဝပန်းချီကားတစ်ချပ်လို သာယာအေးချမ်းပြီး ကျေးငှက်တို့ရဲ့ အိပ်တန်းထတေးသံသာနဲ့အတူ သာယာလှပတဲ့ နေ့တစ်နေ့ကို အစပြုခဲ့ပါပြီ။

မျှော်လေတိုင်း တကယ့်အလှအပတရားတွေ မှိုင်းဝေနေတဲ့ ကမ္ဘောဇမြေနံနက်ခင်းလေးတစ်ခုမှာ သူ "မမ" နဲ့ဆုံတွေ့ခဲ့တာပေါ့။ ဆုံတွေ့ပုံလေးက ရိုးစင်းပါတယ်။ ဒါပေမယ့် သူ့နှလုံးသားပုံရိပ်မှာတော့ ဘဝမှာ တစ်ခါသာပွင့်တဲ့ပန်းဟာ ချယ်ရီတို့နဲ့အတူ အမှတ်မထင် ဖူးတွေ့ခဲ့ပါတယ်ဗျာ . . .။

ရဲမာန်သွေးတစ်ယောက် သူတို့ပိုင်ဆိုင်တဲ့ လိမ္မော်ခြံလေးနဲ့ မနီးမဝေး တောင်ကုန်းလေးပေါ် ရောက်နေသည်။ မနက်က အိပ်ရာစောစောထပြီး ဒီနေရာလေးမှာ သာယာလှပတဲ့ ရှုခင်းကိုကြည့်ရင်း စိတ်ကူးယဉ်အတွေးလွင့်နေမိ၏။

သူကြည်နူးဖွယ်ကောင်းသော မနက်ခင်းအလှမှာ ငြိတွယ်နေပြီ။ စိတ်ကူးယဉ်သမားမဟုတ်သော်လည်း ဒီလိုအချိန်မှာ သူစိတ်ကူးယဉ်နေခြင်းသည်သာ အကောင်းဆုံးဖြစ်၏။ လေအဝှေ့တွင် ဆောင်းရနံ့အေးအေးက ရင်ထဲသို့တိုးဝှေ့သည်။

အဝေးမှ လှမ်းမြင်ရသော မြွေတစ်ကောင်လို့ တောင်ပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ကွေ့ဝိုက်ဆင်းလာသော မြေနီလမ်းကလေးနှင့် တဲအိမ်စုစု ရွာတန်းကလေးသည် နေရောင်ခြည်ဖြိုးဖြတောက်ပလာ၍ နှင်းမှုန်များတဖြည်းဖြည်း ကွဲကာရုပ်လုံးပေါ်လာတော့သည်။

"ခွပ် . . ခွပ် . . ခွပ် . . . ခွပ် . . ."

"ခွပ် . . ခွပ် . . ခွပ် . . . ခွပ် . . ."

ရုတ်တရက် မြင်းခွာသံကြားလိုက်ရတော့ ကြောင်သွားသည်။ တွေးလက်စအတွေးလည်း ပျက်သွား၏။ နည်းနည်းတော့ စိတ်ဝင်စားသွားသည်။ မြင်းခွာသံက ဆက်ကြားနေဆဲ။ တစ်ခါတစ်ရံ ဝေးသွားလိုက်၊ နီးလာလိုက်နဲ့ မနက်စောစောထ၍ တစ်ယောက်ယောက်မြင်းစီးနေတာ ဖြစ်မည်။ တွေးနေရင်း သူစပ်စုချင်လာသည်။ ပတ်ဝန်းကျင်ကို လေ့လာလိုက်တော့ လေယူရာယိမ်းနေသည့် ထင်းရှူးပင်နှင့်ချယ်ရီပင်များမှလွဲ၍ ဘာဆိုဘာမှ ထူးခြားမှုမရှိပေ။ ခုနက မြင်းခွာသံလည်း ရုတ်တရက်ပျောက်သွားတော့၏။ မဟုတ်သေးပါဘူး . . ခုနကြားလိုက်ရတဲ့အသံ အခုဘယ်ရောက်သွားပါလိမ့် . . နားကြားလွဲတာတော့ မဖြစ်နိုင်။ သူသေသေချာချာ ကြားလိုက်ရသည်။ ခဏတော့ သူစောင့်ကြည့်သေးသည်။ ဘာမှမတွေ့ရတဲ့နောက်ဆုံး သူစိတ်ပျက်စွာ ပြန်ခဲ့တော့၏။

"ခွပ် . . ခွပ် . . ခွပ် . . ခွပ် . ."

ဟင် . . သူ တောင်ကုန်းပေါ်မှ ဆင်းမလို့ရှိသေးသည်။ မြင်းခွာသံပြန်ကြားရပြန်ပြီ။ ဒီတစ်ခါ သေချာပြီ။ တောင်ကုန်းအောက်ခြေလမ်းကလေးပေါ်က ဖြစ်သည်။ သူ တောင်ကုန်းလေးအစွန်းမှာ ကပ်ပေါက်နေသည့် ထင်းရှူးပင်မှအကိုင်းတစ်ခုကို ကိုင်၍ အောက်သို့ကဲကြည့်လိုက်သည်။ တောင်ကုန်းကလေးက သိပ်မမြင့်လှသော်လည်း ပြုတ်ကျသွားလျှင် မလွယ်။ ခြေထောက်တွေ လက်တွေ ကျိုးပဲ့သွားနိုင်သည်။ သူ ကဲကြည့်နေသည့်နေရာက အမြင့်ဆုံး





နေရာ။ အောက်တစ်ဖက်တစ်ချက်တွင် ချယ်ရီပင်တို့ စီတန်းပေါက်နေ၍ ပင်လုံးကျွတ်ပွင့်နေကြတာ ရဲရဲနီနေ၏။

မြင်းခွာသံ သူနှင့်တဖြည်းဖြည်း နီးလာပြီ . . အရင်ကထက်ပို၍ သဲသဲကွဲကွဲကြားလာရသည်။ ခဏကြာတော့ သူ့မျက်စိအောက်က လမ်းလေးအတိုင်း မြင်းဖြူကြီးတစ်ကောင် ဘွားခနဲပေါ်လာတော့သည်။ သူ မှင်တက်သွားမိ၏။ လှလိုက်တဲ့မြင်း၊ ထွားလိုက်တာလည်း နည်းနည်းနောနောကြီး မဟုတ်။ သူမြင်းတွေကို အပြင်မှာ နည်းနည်းပါးပါးတွေ့ဖူးသလို ကောင်းဘွိုင်ကားတွေထဲမှာလည်း တွေ့ဖူးသည်။ အခု တွေ့လိုက်ရတဲ့မြင်းကြီးက နိုင်ငံခြားကားတွေထဲက မြင်းကြီးတွေပုံစံမျိုး ထွားထွားကျိုင်းကျိုင်း သန်သန်မာမာကြီးနှင့် ကြည့်လို့တော်တော်ကောင်းသည်။ မြေလတ်က တချို့မြင်းတွေနဲ့တော့ တခြားစီ။ အညာဘက်က တချို့မြင်းတွေက ပိန်ညှောင်ညှောင်နှင့်သွားလျှင်လည်း ခြေကားယား၊ လက်ကားယား၊ ပြေးရင်လည်းပဲ ဘဲပြေး,ပြေးသေးသည်။ သူမြင်းကြီးကို စိတ်ဝင်တစားကြည့်နေရင်းမှာပင် သူ့မျက်စိအောက် လမ်းပေါ်တည့်တည့်သို့ မြင်းကြီးက လေးညှို့မှပစ်လွှတ်လိုက်တဲ့ မြားတစ်စင်းလို ရောက်လာတော့၏။

"ဟာ . ."

အံ့ဩလွန်းလို့ အာမေဋိတ်အသံတောင် ယောင်၍ထွက်သွား၏။ ဒီလောက်လျင်မြန်ထွားကျိုင်းတဲ့အကောင်ကြီးကို ထိန်းကျောင်းမောင်းနှင်လာသူက ပျိုမျစ်နုနယ်သည့် မိန်းမလှလေးတစ်ယောက်၊ ခုနက သူ မြင်းကိုပဲစိတ်ဝင်စားသွား၍ အမှတ်တမဲ့ဖြစ်သွားပြီး မြင်းပေါ်မှ လူကိုအခုမှ သေချာတွေ့လိုက်မိသည်။

မြင်းစီးဘောင်းဘီကို ကျကျနန ဝတ်ထား၍ ဆွယ်တာအဖြူရောင်ကလေးနှင့် ဆွယ်တာဦးထုပ်အနီကလေးဆောင်းထားသည့် အသားဖြူဖြူကောင်မလေးတစ်ယောက် သူ့မျက်လုံးထဲတွင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘှိုင်ကားတွေထဲက မြင်းစီးကျွမ်းကျင်သည့် မိန်းကလေးများကို သွားသတိရမိပြန်သည်။ ရုပ်ရှင်ကားတွေထဲမှာပဲ မြင်းစီးတဲ့ကောင်မလေးတွေမြင်ဖူးတာ၊ အပြင်မှာတော့ ဒီတစ်ခါ ပထမဆုံးပဲ။ မြင်းကြီးကလည်း သူ့သခင်အလိုကျ လည်ဆံမွေးဖွားခနဲနှင့် ကဆုန်ပေါက်ပြေးနေလိုက်တာ လှမှလှ၊ မြင်းပေါ်က ကောင်မလေးကလည်း မြင်းဇက်ကြိုးကို ကျင်လည်စွာကိုင်၍ ခါးကလေးရှေ့သို့ ညွတ်ကာ ခန္ဓာကိုယ်ကို အလိုက်သင့်လုပ်၍ စီးသွားလိုက်တာ မြင်းကြီးနှင့် အချိုးအဆစ်ပြေပြစ်လှပသော လှယမင်းတစ်ပါးနှယ် ပန်ရလှ၏။

သူ ကောင်မလေးကို တော်တော်အားကျသွားသည်။ ဒီလိုမနက်ခင်း ချမ်းစိမ့်စိမ့်လေးမှာ အဲဒီကောင်မလေးလို မြင်းစီးလိုက်ရရင် သိပ်ကောင်းမှာပဲဟု တွေးလိုက်မိ၏။ သူများ သားသမီးတွေများ မြင်းကိုစီးသွားလိုက်တာ ကျွမ်းကျွမ်းကျင်ကျင်နှင့် အားကျစရာ၊ သူမှာ စိတ်ကူးသာရှိသည်။ တကယ်တမ်းစီးဆိုပြီး မြင်းကြီးထိုးပေးလျှင်တောင် မြင်းပေါ်ဘယ်က ဘယ်လိုတက်ရမှန်းမသိ။ ဇက်ကြိုး ဘယ်လိုကိုင်ရမှန်းနားမလည်၊ မြင်းကို ကျွမ်းကျွမ်းကျင်ကျင် စီးတတ်ဖို့မပြောနဲ့ စက်ဘီးတောင် အခုအရွယ်အထိ ဖြောင့်အောင်မစီးတတ်ပေ။ တွေးရင်း အားငယ်လာသည်။ ကြည့်နေရင်းမှာပင် မြင်းရော၊ ကောင်မလေးပါ သူ့မြင်ကွင်းအောက်က ပျောက်သွားတော့သည်။

"အစ်ကို . . အဲဒါ ဟိုဘက်တစ်ခြံကျော်က အစ်မကြီးဗလေ"

နောက်ကျောဘက်က ရုတ်တရက် အသံထွက်လာ၍ လန့်သွားကာ လှည့်ကြည့်လိုက်တော့ ခြံအလုပ်သမားလေး အိုက်ခွန်၊ ဘယ်အချိန်ကတည်းက ရောက်နေသည်မသိ။ သူ နည်းနည်းတော့ ရှက်သွားသည်။

"ဪ . . အေး . . ငါလည်း ကြည့်ကောင်းကောင်းနဲ့ကြည့်နေတာ . . ."





အိုက်ခွန် သူ့ကို ပြုံးစိစိနဲ့ကြည့်ပြီး . . . .

"အဲဒီ အစ်မကြီးက မြင်းစီးသိပ်ကျွမ်းတာ အစ်ကိုရ . . မနက်တိုင်းလိုလို မြင်းစီးထွက်တယ် . . ."

"ဟုတ်လား . . ဒါနဲ့ သူတို့က ဒီမှာနေတာလား . ."

"မဟုတ်ဘူး အစ်ကို . . ရန်ကုန်ကတဲ့ . . သူဌေးတွေပဲ . . အစ်ကိုတို့လို ဒီမှာ လိမ္မော်ခြံဝယ်ထားတာ . . တစ်ခါတစ်ခါ ဒီလိုပဲ တစ်လနှစ်လ လာ,လာနေကြတယ် . . ."

"ဪ . . မင်းက သိလှချည်လား . . ဘယ်တုန်းကတည်းက စုံစမ်းထားတာလဲ . . ."

ကောင်လေးက ရယ်ကျဲကျဲလုပ်ပြီး . . .

"ဟဲ . . ဟဲ . . အစ်ကိုတို့က ဒီနှစ်မှ ဒီခြံဝယ်လိုက်တော့ ဘယ်သိမလဲ . . သူတို့က ဒီမှာ ဝယ်ထားတာကြာပြီ . . အဲဒါကြောင့် ကျွန်တော် သိတာပေါ့ . . နောက်ပြီး ဘကြီးမှုန်နဲ့ သူတို့နဲ့က အရင်ကတည်းက ခင်ကြတာ . . ဘကြီးမှုန်ပြောပြလို့လည်း သိနေတာ"

ဘကြီးမှုန်ဆိုတာလည်း သူတို့ခြံက အစောင့်အဘိုးကြီးပင်ဖြစ်ကာ . . ဒီခြံကို သူတို့မဝယ်ခင် အရင်ပိုင်ရှင်တွေ လက်ထက်ကတည်းက ခြံစောင့်အလုပ်ကို လုပ်လာ၍ သူတို့ဝယ်လိုက်တော့ ဆက်ခိုင်းထားခြင်းပင်။ ရိုးသား၍ သစ္စာရှိသော ရှမ်းအမျိုးသားကြီးဖြစ်သည်။

"ဒါနဲ့ . . အစ်ကို ဘာမှမစားရသေးဘူး မဟုတ်လား . . ဘကြီးမှုန်က အစ်ကိုပျောက်သွားလို့ လိုက်ရှာခိုင်းလိုက်တာ . . ကောက်ညှင်းပေါင်းနဲ့ ဆတ်သား အဆင်သင့်ဖြစ်ပြီတဲ့ . . ."

"အေး . . အေး . . အခု လိုက်လာခဲ့မယ် . . ."

ပြောပြီး ကောင်လေးနောက်ကလိုက်၍ ခြံသို့ပြန်ခဲ့လိုက်တော့သည်။ နောက်နေ့ မနက်စောစောထပြီး ဒီကောင်မလေးတို့



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ သေသေချာချာ လာချောင်းကြည့်ဦးမည်ဟု လမ်းလျှောက်ရင်း တွေးကာ စိတ်မှာတေးထားလိုက်သည်။



ဒီတစ်ခါ သေချာပေါက်မြင်ရအောင် တောင်ကုန်း၏ မြင်ကွင်းအကောင်းဆုံးနေရာမှာ နေရာယူထားလိုက်သည်။ လမ်းကလေးက တောင်ကုန်းကို စက်ဝိုင်းပုံ သဏ္ဌာန်ပတ်၍ ဖောက်ထားသောကြောင့် ဒီဘက်ပိုင်းကကြည့်ရင် အဲဒီကောင်မလေးခြံဘက်က လမ်းအစကို မြင်ရမည်။ ပြီးတော့ ကောင်မလေးက မြင်းကို လမ်းလေးအတိုင်း စီးလာလျှင် သူက အပေါ်စီးမှ အစအဆုံးလိုက်ကြည့်လို့ရမည်ဟု ခန့်မှန်းထားသည်။ ရုပ်ကို မနေ့ကအသေအချာ မကြည့်လိုက်ရ။ ခပ်ချောချော ကောင်မလေးပဲ ဆိုတာလောက်တော့ သိထား၏။ ကောင်မလေး မြင်းစီးပုံနဲ့ စတိုလ်ကိုတော့ သူ့မျက်စိထဲက အခုထိ မထွက်သေး။

ညကလည်း အိပ်မက်ထဲမှာ ပါလာသည်။ ကောင်မလေးနဲ့ သူနဲ့ မြင်းအတူစီးပြီး လျှောက်သွားနေသည်ဟု မက်၏။ ကောင်မလေးက မြင်းအဖြူကြီးနဲ့ပဲ။ သူ့မြင်းကတော့ ဘာအရောင်စီးထားလဲ သူမသိ။ ကောင်မလေးမျက်နှာကလည်း အိပ်မက်ထဲမှာ ဝိုးတဝါး ဒါပေမယ့် အိပ်မက်ထဲမှာ ကောင်မလေးနဲ့ သူနဲ့ ဘာလိုလို၊ ညာလိုလို၊



www.burmeseclassic.com

www.burmeseclassic.com



သူပျော်လိုက်တာဆိုတာ ပြောမနေနဲ့တော့။ အခုမှ မြင်ဖူးသည့် မိန်းကလေးတစ်ယောက်ကို သူ စွဲစွဲလမ်းလမ်း ဖြစ်မိနေပြီ။ ဘာကြောင့်မှန်းမသိ သူကောင်မလေးကို သေသေချာချာမတွေ့လိုက်ရဘဲနဲ့ မြင်မြင်ချင်း စိတ်ဝင်စားသွားပြီထင်သည်။ တကယ်လို့သာ ဟိုက ယောကျ်ားရှိနေရင်တော့ ဆွေးပြီ။ အဲဒီလောက်အထိတော့ ဇာတ်ရိုက်မနာပါစေနဲ့လို့သာ ဆုတောင်းလိုက်ရသည်။ ယောကျ်ားရှိရင် မနေ့ကတည်းက သူ့ယောကျ်ားနဲ့အတူတူ မြင်းစီးထွက်ရမှာပေါ့။ မရှိနိုင်ပါဘူးလေဟု ကိုယ်လိုရာဆွဲတွေးပြီး ဖြေသိမ့်လိုက်ရ၏။ ရည်းစားတော့ ရှိချင်ရှိနိုင်သည်။ ဒါလောက်တော့ ပြဿနာမရှိ။ စိတ်ရှုပ်မခံ။ ရည်းစားရှိလည်း ချစ်မှာပဲ ယောကျ်ားရှိရင်တော့ မလွယ်။ ဒု သ္မ န သောကို ဗီဇာမလျှောက်ရဘဲ ရောက်သွားမည်။

"ခွပ် . . ခွပ် . . ခွပ် . . ခွပ် . ."

"ခွပ် . . ခွပ် . . ခွပ် . . ခွပ် . ."

ဟော . . လာနေပြီ။ သူ့ခန္ဓာကိုယ်ကို ချောင်းကြည့်ရန် အသင့်ပြင်လိုက်၏။ ခဏနေတော့ လမ်းလေးအတိုင်း မြင်းဖြူကြီးတစ်ကောင် ပြေးလာသည်ကို မြင်လိုက်ရသည်။ ပြေးပုံကလည်း ရိပ်ခနဲ ရိပ်ခနဲ၊ မနည်းလိုက်ကြည့်ရသည်။ ခဏလေးအတွင်းမှာ ရုပ်လုံးပေါ်လာသည်။

သူထင်ထားသည့်အတိုင်းပဲ မြင်းပေါ်မှာ ကောင်မလေးတစ်ယောက်။ ဒီတစ်ခါတော့ သေချာမြင်ရအောင် မျက်လုံးကိုပြူးပြဲကြည့်နေလိုက်၏။ မြန်လိုက်တဲ့မြင်း၊ တောင်ကုန်းကို ပတ်နေတုန်းမို့သာ သူက အပေါ်စီးက ဖြစ်နေ၍ ခပ်ကြာကြာလေးမြင်ရခြင်းပင်။ လမ်းဘေးမှာသာဆိုလျှင် ယခုလိုမြင်ရမည်မဟုတ်။ ကောင်မလေးက ကာကီရောင်ဘောင်းဘီလေးနဲ့ ဆွယ်တာအနွေးထည် အနီရောင်လေး ဝတ်ထား၏။ ဦးထုပ်ကတော့ သက္ကလပ်ဦးထုပ်ဟုထင်ရသည်။





မေးသိုင်းကြိုးကို လည်ပင်းမှချည်၍ ကျောဘက်သို့ ချထား၏။ ဆံပင်က တိုသလား ရှည်သလားတောင် သေသေချာချာ မတွေ့ရ။ ဒီလိုမှန်းသိ . . မှန်ပြောင်း ယူလာကြည့်ပါသည်။ အခုတော့ လောလော၊ လောလော ထွက်လာ၍ အဲဒီအချက်ကို သတိမရလိုက်ပေ။ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လိုက်သည်မှာ ပြောမနေနဲ့တော့။ အခုမှ ပြေးယူလို့ကလည်း မီဖို့နေနေသာသာ အရိပ်တောင် တွေ့လိုက်ရမှာမဟုတ်။ တရုတ်သိုင်းကားတွေထဲကလို လေထဲမှာ ကိုယ်ဖော့ပညာသုံးပြီး သစ်ပင်တွေတစ်ပင်နဲ့တစ်ပင် ခုန်ကူးကာ နောက်ယောင်ခံလိုက်သွားရရင် ကောင်းမယ်ဟု မဆီမဆိုင်တွေးလိုက်မိသေးသည်။ ဒါပေမယ့် လက်တွေ့မှာ တောင်အောက်ပြုတ်ကျမှာစိုးလို့ ရဲရဲတောင် မကြည့်ရဲ။ တောင်ကုန်းဘေးနားကပ်ပေါက်ရသည့် အပင်များကြားမှ ကြည့်နေရသည့်ဘဝ။

တဖြည်းဖြည်း တောင်ကုန်းအလယ်လောက်ရောက်တော့ ကုန်းတက်ကလေးတစ်ခုရှိ၍ မြင်းက နည်းနည်းနှေးသွားသည်။ အဲဒီအချိန်ကလေးကို လုံးဝအလွတ်မခံ။ သူ ကောင်မလေးမျက်နှာကို သေချာစူးစိုက်ကြည့်လိုက်သည်။ အသားလေးကဖြူပြီး ဝင်းနေတာပဲ။ ပါးအိုလေးတွေကလည်း ရဲလို့၊ နှုတ်ခမ်းလေးက နှင်းဆီဖူးလေးလို ဖူးဖူးငုံငုံလေး၊ ဒါပေမယ့် စိတ်ထဲမှာ ကောင်မလေးလို့သာ ထင်ထားတာ။ သူ့ထက်အသက် နည်းနည်းကြီးပုံတော့ ရသည်။ သို့သော်အများကြီးမဟုတ်နိုင်၊ အများဆုံးကြီးမှ (၂)နှစ်၊ (၃)နှစ်အောက်တော့ ကွာမည်။ သူ့ထက်အသက်ကြီးတော့ 'မမ' ပေါ့၊ ရင်ထဲမှ 'မမ'လို့ အစမ်းခေါ်ကြည့်လိုက်သည်။ ကြည်နူးသွားတာပဲ။ ဘယ်ဘဝအကျိုးပေးကြောင့် ဒီလောက်နန်းဆန်ဆန်လှနေတာလဲ 'မမ' ရယ် . . ။

မြင်းက ကုန်းထိပ်ရောက်တော့ 'မမ' က ဘာစိတ်ကူးပေါက်တယ်မသိ မြင်းကို တံ့ခနဲရပ်လိုက်ကာ အနေးသွားခိုင်းတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(T.V)တွေထဲမှာ ကြည့်ရသည့် မြင်းအလှလျှောက်နည်းမျိုး၊ မြင်းကြီးကလည်း သူ့သခင်အလိုကျ ခုန်ဆွ၊ ခုန်ဆွနှင့် ဦးကိုမော့ကာ စည်းချက်ညီညီ လျှောက်နေတော့သည်။

ဒါ . . အခွင့်အရေးပဲ . . သူ 'မမ' မျက်နှာကို ကြည့်ရတာ အားမရနိုင်တော့ ရှေ့သို့တစ်လှမ်းတိုးပြီး ကြည့်ဖို့ စဉ်းစားသည်။ အခုကြည့်နေသည့်နေရာက တောင်ကုန်း၏ ခါးလယ်လောက်မှ ထိုးထွက် နေသည့် ထင်းရှူးပင်နှစ်ပင်ကြားမှ ဖြစ်သည်။ သူ့နေရာကဆိုလျှင် တောင်ကုန်းပေါ်ကဆိုတော့ အပင်၏အောက်ခြေက ကြည့်လျှင် သုံးပုံပုံနှစ်ပုံလောက် ရောက်နေပြီ။ ပင်စည်၏ ထိပ်ပိုင်းကိုင်းဖျားများက တောင်ကုန်းပေါ် မိုးကျနေ၏။သူနှင့်ဆို လက်တစ်ကမ်းတင်၊ ဒါဆို သူသိပ်မကြိုးစားရဘဲနှင့် အပင်ပေါ်လှမ်းတက်လျှင် သူ့ကိုလည်း 'မမ' သတိထားကြည့်ရင်တောင် အကိုင်းတွေနဲ့ဆိုတော့တော်ရုံမြင်ရဖို့ မလွယ်နိုင်။

နောက်တစ်ခုက အပင်ပေါ်ရောက်သွားလျှင် သူ'မမ' ကို ကြာကြာရရလေးကြည့်နိုင်မည်။ အခုတော့ အမြင့်ကနေ အနိမ့်ကို မျက်နှာမြင်ရအောင် လှမ်းကြည့်တာဆိုတော့ ကုန်းကွကွကြီးဖြစ်နေ၏။ ဒီကြားထဲအပင်က အကိုင်းတွေနဲ့ မြင်ကွင်းက ကွယ်နေတော့ တစ်ခါတစ်ခါ လေးဘက်ထောက်ကြည့်ရတာ မချောင်။ သူ့ကိုဘေးက လူတစ်ယောက်သာမြင်ရင် ဘယ်လိုထင်မည်မသိ။ လူက လေးဘက်ထောက်လိုက်၊ ဝပ်ကြည့်လိုက်၊ ကဲ ကြည့်လိုက်နှင့် အမဲလိုက်ခွေးတစ်ကောင် သားကောင်ချောင်းနေသလိုလို။

အဲဒီတော့ ခုနတွေးသည့် အစီအစဉ်ကောင်းသည်။ သူ့အတွက် ကံကောင်းတာပဲလားတော့ မသိ။ 'မမ' က မြင်းကို အရှေ့ကိုဖားခုန်သလို ဆတ်တောက်ဆတ်တောက်နှင့် သွားခိုင်းလိုက်၊ အနောက်ကို နောက်ပြန် ခုန်ဆွခုန်ဆွသွားခိုင်းလိုက်နှင့် လုပ်ချင်သလို





လုပ်နေတော့သည်။ မျက်နှာကလည်း စပ်ဖြဲဖြဲပြုံးတုံ့တုံ့လေးနှင့် သူတစ်ယောက်တည်း ရှိနေသည်ဟု ထင်နေပုံရ၏။ သူ့ရဲ့မြင်းလိမ္မာကြီးကို ကောင်းကောင်းကြီး ကစားနေရတာ လွတ်လွတ်လပ်လပ် ပျော်နေပုံ၊ ဒါ သူ့အတွက် ဂွင်ပဲ။

သူအရှေ့လက်တစ်ကမ်းအလိုမှ ကိုင်းကျနေသည့် သစ်ကိုင်းကို ဆွဲ၍ပင်စည်ကို ခြေထောက်နှင့်လှမ်းထောက်လိုက်သည်။ တောင်ကမ်းပါးယံနှင့် ပင်စည်က (၄)ပေကျော်ကျော်လောက်ကွာနေ၏။ ကမ်းပါးယံအဖျားကိုလည်း မနင်းရဲ၊ တော်ကြာ မြေပျော့နေလျှင် ကျွံထွက်သွားပြီး ပင်စည်နှင့် ကမ်းပါးယံကြား ညပ်သွားလျှင် မစားသာပေ။ ပင်စည်ကို ခြေထောက်နှင့်လှမ်းထောက်လိုက်တော့ ပေါင်ကကားသွားပြီး ထောက်ထားသည့် ခြေထောက်ကို အားယူတက်ဖို့ အားက သိပ်မရှိချင်တော့။ ဒီလိုသာ ကန်တက်နေလို့ကတော့ လေပေါ်မှာတင် ခြေကားယား၊ လက်ကားယားဖြစ်သွားပြီး ခွေးကျဝက်ကျ ကျသွားနိုင်သည်။ ဒါနဲ့ ပင်စည်တစ်ဖက်မှာ တွဲလောင်းကျနေသည့် ထင်းရှူးကိုင်းကို နောက်လက်တစ်ဖက်က လှမ်းဆွဲ၍အားယူကာ မနည်းဆွဲတက်ယူလိုက်ရ၏။

သစ်ပင်ပေါ်ရောက်သွားတော့ အသာငြိမ်နေ လိုက်ရသေးသည်။ အပင်က လှုပ်သွားတော့ 'မမ' သတိထားမိသွားမှာ စိုးလို့ 'မမ' ကိုလှမ်းကြည့်လိုက်တော့ သူ့ဟာသူ အေးအေးလူလူပင် မြင်းကို သူငယ်ငယ်တုန်းက ကစားသည့် ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ပုံစံမျိုးပတ်လိုက်၊ ပတပ်ရပ်ခိုင်းလိုက်နှင့် သူ့ကိုခိုးကြည့်နေတာ သိပုံမပေါ်။ လေကလေးတောင် ချွန်နေလိုက်သေးသည်။ သူ 'မမ' ကို ကြည့်နေရင်း အသည်းယားလာသည်။ ထင်းရှူးပင်နှစ်ပင်ကလည်း ကပ်ပေါက်နေတာဆိုတော့ အကိုင်းတွေက တော်တော်ရှုပ်နေ၏။ ဒါကြောင့် ရှေ့အကိုင်းတစ်ခုသို့ သူအသာလေးကူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဗျူး (View) ကမဆိုး။ တော်တော်လေး ကွက်ကွက်ကွင်းကွင်း မြင်လာရပြီ။ သူအလျင်တုန်းက ဒီလိုထင်းရှူးပင်လို အပင်မျိုး တက်ဖို့နေနေသာသာ မာလကာပင်တောင် ဟုတ်တိပတ်တိ မဘတ်တတ်ပေ။ အခုတောင် မြင်ချင်ဇောကပ်ပြီး တက်သာတက်လာရတာ အကိုင်းက လှုပ်နေတော့ လက်သိပ်မမြဲချင်။ ဒါကြောင့် ဟိုဘက်အပင်မှ ဒီဘက်အပင်သို့ ကိုင်းကျနေသည့် အကိုင်းတစ်ခုကို လက်တစ်ဖက်က မြဲမြဲကိုင်ထားရသေးသည်။

'မမ' က မြင်းကို လုပ်ချင်သလိုလုပ်လို့ ဝသွားလို့လားမသိ သူ့ရဲ့မြင်းဖြူကြီးကို ခဏရပ်လိုက်သည်။ ပြီးတော့ နဖူးမှချွေးကို လက်ကလေးနှင့်တစ်ချက်သုတ်၍ ဟိုကြည့်လိုက်၊ သည်ကြည့်လိုက် လုပ်နေ၏။ သူလည်း ခန္ဓာကိုယ်ကို ယို့ယို့လေးလုပ်ပြီး အကိုင်းများနှင့် ကွယ်ထားလိုက်ကာ ထင်းရှူးမျှင်များကြားမှ ချောင်းကြည့်နေလိုက်သည်။ အခုမှ သေချာမြင်ရပြီ။ တော်တော်လှတဲ့ မမပဲ။ ရင်ထဲမှာ ငြိမ့်ခနဲဖြစ်သွားတာပဲ။ မျက်တောင်ကလေးတွေများဆို ကော့လို့၊ မျက်နှာကလေးကလည်း ဘာမှ လိမ်းခြယ်ထားပုံမပေါ်၊ ရှင်းရှင်းလေးနဲ့ ယဉ်ယဉ်လေး (ရှူးနေတာ မဟုတ်ပါ)။

ကြည့်နေစဉ်မှာပဲ 'မမ' က မြင်းကို ပတာပ်တစ်ချက်ရပ်လိုက်ပြီး စက်ဝိုင်းပုံသဏ္ဌာန်လှည့်ပစ်လိုက်သည်။ ဒီမြင်ကွင်းကို မြင်လိုက်ရတော့ အသည်းထဲမှာ အေးခနဲတောင်ဖြစ်သွား၏။ မြင်းစီးတော်တော်ကျွမ်းကျင်ပုံရသည်။ လှလိုက်တာ . . . 'မမ' ကလည်း လှ၊ မြင်းကြီးကလည်း လှ၊ ကြည့်နေရင်း ကြည့်နေရင်း သူလုံးဝအားမရတော့။ ရှေ့နည်းနည်းတိုးကြည့်၍ ပိုမြင်သာအောင် ခါးကို အစွမ်းကုန်ညွှတ်ချလိုက်တော့သည်။

အဲဒီအချိန်မှာပဲ 'မမ' က မြင်းကိုဖနောင့်နှစ်ဖက်နှင့်ရိုက်၍ လျင်မြန်စွာ ထွက်သွားတော့၏။ သူမှာသာ ကြည့်ကောင်းကောင်းနှင့်





ရှေ့ကို ကုန်းကြည့်လိုက်ရာ ဟန်ချက်ပျက်ပြီး အပေါ်မှသစ်ကိုင်းတို ကမန်းကတန်း လှမ်းဆွဲလိုက်ရ၏။

"ဂျွတ် . . . ဂျလိ . ."

ရင်ထဲမှာ ဟာခနဲဖြစ်သွားသည်။ သွားပြီ . . သစ်ကိုင်းကျိုးသံ၊ အလျင်ကတည်းက ကြောက်ကြောက်နဲ့ သစ်ကိုင်းပေါ်ဆောင့်ကြောင့်ထိုင်နေသော ခြေထောက်တစ်ဖက်ကလည်း ရုတ်တရက်ချော်ထွက်သွားကာ . . .

"ဂျွတ် . . . ဖြောင်း . . . ဖရူး . ."

သူလေထဲမှ တွဲလောင်းကြီး။ ဘုရားကယ်ပါ . .။

အောက်ကိုတစ်ချက်ငုံ့ကြည့်လိုက်သည်။ အမယ်လေး . . ကျသွားလို့ကတော့ မိမွေးတိုင်း၊ ဖမွေးတိုင်းကျန်ဖို့ အလားအလာ သိပ်မရှိ။ ကြောက်စိတ်ကြောင့် ဆံပင်တွေပါထောင်ကုန်ပြီ ထင်ရ၏။ အခုမှ ဒုက္ခရောက်ပြီ။ ဘယ်လိုလုပ်ရမှန်းလဲ မသိတော့။ ခြေထောက်နှစ်ဖက်ကလည်း လေပေါ်မှာ တွဲလောင်းကျနေပြီ။ ပတ်ဝန်းကျင်အော်ဟစ်ပြီး အကူအညီတောင်းရအောင်လည်း ဘယ်သူမှရှိပုံမပေါ်။

အချိန်အနည်းငယ် ကြာလာတော့ လက်က တဖြည်းဖြည်းအံ့သေလာပြီ။ ကြာရင်မလွယ်၊ ခြေလွှတ်လက်လွှတ် ပြုတ်ကျသွားလျှင် ကျိုးပဲ့သွားနိုင်သည်။

'မမ' ရေ ကျွန်တော့်ဘဝကို ကြည့်လှည့်ပါဦး။ သူ ငမ်းတာနည်းနည်းလွန်သွားကြောင်း အခုမှနောင်တရမိ၏။

ပထမဆုံး သူ သတိကိုထိန်းပြီး စိတ်ကိုငြိမ်အောင်ထိန်းထားလိုက်၏။ ပြီးမှ လက်တစ်ဖက်ကို အနီးဆုံးမီရာအကိုင်းကို ဖမ်းဆွဲပစ်လိုက်၏။ အရေးထဲ မယ်မင်းကြီးသား သစ်ကိုင်းက လှုပ်နေ၍ မနည်းချိန်ဆွဲလိုက်ရ၏။ တော်သေးတယ် မိသွားပြီ။ ဒါဆို လက်နှစ်ဖက်အားကို ယူ၍ ခန္ဓာကိုယ်ကို ဆွဲတင်လို့ရပြီ။ သူပင်ပန်းခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကို အကိုင်းပေါ်မတ်တတ်ရပ်၍ ခြေထောက်တစ်ဖက်တင်လိုက်သည်။ အကိုင်းပေါ်ခြေထောက်ရောက်တော့ လက်တစ်ဖက်က သူ့နှင့်(၂)ပေလောက်အမြင့်မှာ ရှိသည့်အကိုင်းတစ်ခုကို လှမ်းဆွဲပြီး ထိန်းလိုက်၏။

"ဇွပ် . . ဖြစ် . ."

ဟင် . . လာပြန်ပြီ နောက်တစ်သံ။ လက်ကလည်း ချွဲပျစ်ပျစ်၊ စီးထန်းထန်းအရာတစ်ခုထဲ နစ်ဝင်သွားသလို ခံစားလိုက်ရသည်။ ဘာကြီးပါလိမ့် . . သူလန့်သွားပြီး မော့ကြည့်လိုက်တော့ . .

"ဟာ . . ."

နွေခေါင်ခေါင် ငယ်ထိပ်ပေါ် မိုးကြိုးပစ်သလို ခံစားလိုက်ရ၏။ မျက်စိနှစ်ကွင်း ပြာဆင်းသွားသည်။ ပျားအုံကြီး။ သိပ်မကြီးသော်လည်း (Star) ဘောလုံးလောက်ရှိမည်ထင်သည်။ သူ့လက်က ပျားအုံအလယ်မှာ ဖရုံသီးအမှည့်ကို အလယ်မှကိုင်ညှစ်ထားသလို နစ်ဝင်နေတော့သည်။ ဘာပြောကောင်းမလဲ ခုနတုန်းက သူတို့အသိုက်ကို မထိသေးလို့ ငြိမ်နေတဲ့ ကိုယ်တော်ချောတွေက ဂျပန်ခေတ်က လေယာဉ်ပျံတွေလို ဝီခနဲ ဝီခနဲ ထွက်လာလိုက်တာ နည်းနည်းနောနောမဟုတ်။ ဒီတစ်ခါတော့ ရှုံးပြီ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ပေ။

သူကြောင်ကြည့်နေစဉ်မှာပဲ လက်ကာမီးစနဲ့တို့ထည့်လိုက်သလို စစ်ခနဲ၊ ပူခနဲ ဖြစ်သွား၏။ သူယောင်ပြီး လက်ကိုလွှတ်ချလိုက်ရာ ခုန သူတက်လာသည့်အကိုင်းမှာပဲ တွဲလောင်းပြန်ကျသွားတော့သည်။ နားရွက်၊ မျက်နှာ၊ နှာခေါင်း၊ ကျောပြင်တစ်ခုလုံး ပြီးတော့ ခြေထောက်၊ အုံလိုက်ကျင်းလိုက် သူ့ကိုဝိုင်းသမတော့သည်။ သူတော်တော်နဲ့ မအော်နိုင်၊ အော်ဖို့ မေ့နေတယ်ဆို ပိုမှန်မည်။ အရှင်လတ်လတ် ငရဲပြည်ကိုရောက်သွားသလို ဖြစ်သွား၏။ ကြာတော့ မခံနိုင်တော့ တစ်ကိုယ်လုံးဆေးပြင်းလိပ်နဲ့ တို့သလို ပူထူလာကာ လက်က





လည်း တဖြည်းဖြည်း မကိုင်နိုင်တော့။ ဒီကြားထဲမှာ ပျားတစ်ကောင်က မတုတ်သေးဘဲ နှာခေါင်းပေါ်အေးအေးဆေးဆေး လာနားနေသေးသည်။ တောင်ပံကို တဝီဝီခတ်ပြီး တုတ်ဖို့နေရာကို စိတ်ပြေနပြေရှာနေပုံ၊ ပြီးမှ စိတ်ကြိုက်တွေ့သွားပုံရသည်။ တစ်ချက်ကြည့်၍ ဖင်ကလေးထောင်နေအောင် တုတ်ထည့်လိုက်တာကို သူနောက်ဆုံးတွေ့လိုက်ရတော့၏။

"အား . . ."

"ရွတ် . . ."

"ဝုန်း . . ."

"ဖုန်း . . ."

လောကကြီးနေ့ခင်းကြောင်တောင် မိုးချုပ်သွားပါတော့သည်။ ဘာဆိုဘာမှ ရေရေရာရာ မသိလိုက်တော့။ မြင်ကွင်းထဲအားလုံးအမှောင်အတိပြီးသွား၏။ နောက်ဆုံးအမှောင်ထဲမှာ 'မမ' မျက်နှာလေးပေါ်လာကာ သူ့ကို ပြုံးပြုံးကြီး ကြည့်နေတာ တွေ့လိုက်ရတော့သည်။

သူသတိပြန်ရလာတော့ ဆေးရုံပေါ်မှာ ဆန့်ဆန့်ကြီး၊ တစ်ကိုယ်လုံးလည်း ဖူးယောင်နေကာ ခြေထောက်မှာလည်း ကျောက်ပတ်တီးနှင့် နဖူးမှာ သုံးချက်ချုပ်လိုက်ရသည်။ ခဏကြာတော့ နာ့စ်မလေးတစ်ယောက်က ဆေးထိုးအပ်ကြီးကိုင်ကာ ဝင်လာပါတော့သည်။

သိပ်သေချာသွားပါပြီ . . သူ 'မမ' ကို မြင်မြင်ချင်း အရမ်းချစ်မိသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဆေးရုံကဆင်းတော့ 'မမ'တို့တောင် ရန်ကုန်ပြန်သွားပါပြီ။ သူသစ်ပင်ပေါ်က ပြုတ်ကျတဲ့ကိစ္စကိုတော့ 'မမ' ကိုကြည့်ရင်း ဖြစ်သွားတယ်ဆိုတာ ခြံက လူတွေတစ်ယောက်မှ မရိပ်မိလို့တော်သေးတာပေါ့။ ဒါတောင်ဒီအရွယ်ကြီးရောက်မှ သစ်ပင်ပေါ်တက်ဆော့ရမလားဆိုပြီး အဖေ့ရဲ့ရန်ကုန်ကနေပြီး တယ်လီဖုန်းနဲ့လှမ်းကာ ပယ်ပယ်နယ်နယ်ဆူခြင်းကို ခံလိုက်ရပါသေး၏။

ဘယ်အရာတွေ ဘယ်လိုပဲဖြစ်နေပါစေ သူ 'မမ' နဲ့ဆုံတွေ့ခွင့်ရတဲ့အတွက် ကံကြမ္မာကို ကျေးဇူးတင်ပါ၏။ ဒီတစ်ခေါက် သူသီပေါမြို့ကလေးကိုလာတာ ဘဝမှာတစ်ခါမှ မဖြစ်ပေါ်ဖူးတဲ့ ရင်ခုန်မှုကို ခံစားလိုက်ရပါသည်။ ပြီးတော့ သူချစ်သူတစ်ယောက် ရှာဖွေတွေ့ရှိခဲ့လေပြီ။ သူ မသွားချင်ဘူးပြောတဲ့ကြားက အတင်းလွှတ် တဲ့အဖေ့ကိုလည်း အခုမှကျေးဇူးတင်မိတော့သည်။

'မမ' အကြောင်း ကို ဘကြီးမှုန်ဆီက တော်တော်လေး





လှည့်ပတ်စုံစမ်းပြီးပြီ။ သူ ရထားတဲ့ သတင်းအချက်အလက်တွေနဲ့ဆိုသူရန်ကုန်ပြန်လို့ရပြီ။ ရန်ကုန်ရောက်မှ ဟိုကောင်တွေနဲ့တိုင်ပင်၊ မမအကြောင်း ဆက်စုံစမ်းရင် သူ့အတွက် ဘာခက်လို့လဲ။ သူတွေးရင်း ပြုံးမိ၏။ ရန်ကုန်ပြန်ဖို့ကိုပဲ စိတ်စောနေမိကာ ဘကြီးမှုန်တို့အိုက်နွဲ့တို့ တားနေတဲ့ကြားက သူ ရန်ကုန်ကို ပြန်ချလာခဲ့တော့၏။

ဒီတစ်ခါ ရန်ကုန်အပြန်မှာတော့ သူ့နှလုံးသားတစ်ခုလုံးမှာ 'မမ'မှ 'မမ' ပါပဲဗျာ။ တွေးရင်း နဖူးမှာချုပ်ထားတဲ့ဒဏ်ရာက သိပ်မကျက်သေးတော့ စစ်ခနဲပဲ . . .။

www.burmeseclassic.com

www.burmeseclassic.com

မမ . . ..

မပီဝိုးတဝါး မျှော်လင့်ချက်နဲ့

လရောင်ကို ကလောင်မှတ်ပြီး

ကျွန်တော် . . .

တိမ်တွေပေါ် အရုပ်ရေးခဲ့မိတယ် . . ..

www.burmeseclassic.com

www.burmeseclassic.com



ကော်ရစ်တာမှာ ကျောင်းသားလေးငါးခြောက်ယောက်လောက် ပုံစံအမျိုးမျိုးနဲ့ ရပ်နေကြကာ သူကတော့ တိုင်တစ်တိုင်မှီရင်း ဆေးလိပ်ဖွာကာ ကြည့်နေလိုက်၏။ 'မမ' ကတော့ သူရောက်နေတာကို သိပုံမပေါ်။ ဆရာမ ရှင်းပြတာကို စိတ်ဝင်တစား နားထောင်နေလေရဲ့။ နာရီကြည့်လိုက်တော့ အတန်းပြီးဖို့ အချိန်နည်းနည်းပဲလိုတော့သည်။ စောင့်နေရတာလည်း ကြာပြီဆိုတော့ ခြေထောက်တွေလည်း တော်တော်ညောင်းနေပြီ။ ခဏနေတော့ ဆရာမက သင်ပြမှုကို အဆုံးသတ်လိုက်ပြီး နှုတ်ဆက်စကား ပြောကာ ထွက်သွားတော့၏။ သူ ခန္ဓာကိုယ်ကို တစ်ချက်ပြင်ရပ်လိုက်ပြီး ကုန်လုဆဲဆဲစီးကရက်ကို တစ်ချက်ဖွာရှိုက်ကာ လက်နဲ့တောက်ထုတ်လိုက်၏။

ခဏကြာတော့ 'မမ' က သူ့သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောရင်း အတန်းထဲမှ ထွက်လာတာမြင်လိုက်ရသည်။ အခုချိန်ထိ 'မမ' သူ့ကိုမမြင်သေး။ သူရပ်နေတဲ့နေရာက အခန်းရဲ့နောက်ဆုံးနားက အပေါက်မှာ။ 'မမ' ထွက်လာတာက အရှေ့ပေါက်က၊ သူ 'မမ'နောက်လိုက်ဖို့ ဟန်ပြင်လိုက်ပြီး ခြေလှမ်းစရုံရှိသေးသည်။ သူ့လို





ပဲ အခန်းရှေ့မှာ ရပ်နေသည့် ကျောင်းသားတွေထဲက တစ်ကောင် 'မမ' အနားသို့ကပ်သွားတာ မြင်လိုက်ရတော့ လှမ်းလက်စခြေလှမ်းတောင် တုံ့ခနဲရပ်သွားရ၏။ သူအခြေအနေကို အကဲခတ်လိုက်ရင်း နောက်ကပဲ ဖြည်းဖြည်းလိုက်သွားရန်ဆုံးဖြတ်လိုက်၏။ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တော့ သူ့လိုပဲ ငတိနှစ်ကောင်လောက် ယောင်လည်လည်ဖြစ်သွားတာ မြင်လိုက်ရသည်။ 'မမ' အလာကို စောင့်နေတာ သူတစ်ယောက်တည်း မဟုတ်ကြောင်း နားလည်လိုက်ပြီ။ မလွယ်ပါလား . . .။

"မီးခြစ်လေးများပါရင် ခဏလောက်ငှားပါလားဗျာ . . ."

လှည့်ကြည့်လိုက်တော့ ခုန ယောင်လည်လည်ဖြစ်ပြီး ကျန်ခဲ့တဲ့သူနှစ်ယောက်ထဲက တစ်ယောက်၊ မီးခြစ်ထုတ်ပေးလိုက်၏။ ဟိုလူ သူ့ဆီက မီးခြစ်ကိုယူပြီး မီးတို့ကာ သူ့ကိုပြန်ပေးရင်း . . .

"ဒီက သူငယ်ချင်းကို ဒီမှာ တစ်ခါမှမတွေ့ဖူးသလိုပဲ . ."

ပြုံးပြုံးရယ်ရယ်နဲ့ သူ့ကိုကြည့်ရင်း မေး၏။ ဒီကောင်ပြောပုံအရ သူတို့ဒီမှာ နေ့တိုင်းရှိနေပုံမျိုး။

"ဩော် . . ဟုတ်ကဲ့ ကျွန်တော် သူငယ်ချင်းတစ်ယောက်ကို လာစောင့်နေတာပါ . ."

ပါးစပ်ထဲရှိရာ ပြောလိုက်ရတာ သူပြောလိုက်တဲ့စကားက သိပ်ယုတ္တိမရှိမှန်း ကိုယ့်ကိုယ်ကိုယ်သိသည်။ သူငယ်ချင်းလာစောင့်လျှင်လည်း အခန်းထဲမှာ လူကုန်သလောက်ဖြစ်နေပြီ။ ဒါကို သူ့ဘေးနားက ကျောင်းသားကလည်း သဘောပေါက်ပုံရသည်။ သူ့ကို ပြုံးစိစိနဲ့ကြည့်ရင်း . . .

"အေးဗျာ . . ဘာပဲဖြစ်ဖြစ် တွေ့ရတာဝမ်းသာပါတယ်။ မီးခြစ်ငှားတဲ့အတွက်လည်း ကျေးဇူးပဲ။ ကျွန်တော့်နာမည် စိုးကိုဦးပါ။ မိတ်ဆွေအသစ်တစ်ယောက် ရတယ်လို့ပဲ အသိအမှတ်ပြုပေး . ."

တော်ဝင်မြို့စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ညာဘက်လက်ကို ထိုးပေးလာတော့ သူလက်ဆွဲနှုတ်ဆက်လိုက်လေသည်။ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေအဖြစ် အသိအမှတ်ပြုလိုက်တယ် ဆိုရင်ပဲ . . .

"ကျွန်တော် လူကဲခတ်တာမလွဲဘူးဆိုရင် ခင်ဗျားလည်း ကျွန်တော့်လိုပဲ ထင်တယ်ဗျာ . . ."

သူ ဘာကိုဆိုလိုမှန်း သိလိုက်ပါသည်။ သို့သော် မရေမရာဖြစ်နေသေး၍ . . .

"ဘာကိုဆိုလိုတာလဲဗျာ . . ."

"ဩော် . . ခင်ဗျားလည်း နန်းအိန္ဒြေကို လာစောင့်တာပဲလို့ ထင်တယ်။ ကျွန်တော် ထင်တာလွဲသွားရင်လည်း စိတ်မရှိပါနဲ့ဗျာ . . ကျွန်တော် ခင်ဗျားကို ရောက်ကတည်းက တွေ့ပါတယ်။ ဟဲ ဟဲ . . ယောကျ်ားအချင်းချင်း ဒီလောက်တော့ အကဲခတ်မိပါတယ်ဗျာ"

သူ မလိမ်ချင်တော့ပေ။ ဒီကျောင်းသား ကြည့်ရတာလည်း ပွင့်ပွင့်လင်းလင်းနဲ့ ခင်ဖို့ကောင်းမယ့်ပုံပေါက်သည်။ သူလည်း အခုလောလောဆယ် 'မမ' နောက် မလိုက်ဖြစ်လိုက်တဲ့အတူတူ အားနေ၍ ဒီလူနဲ့စကားပြောနေတာ အဆင်ပြေလိမ့်မည်။ မမတို့ နောက်တစ်ချိန်အတန်းကိုစောင့်ရင်း စကားပြောဖော်ရှိတော့ အဆင်ပြေသွားသည်ဟုတွေးရင်း . . .

"ဟုတ်ပါတယ် . . ကျွန်တော် မလိမ်တော့ပါဘူး . . ကျွန်တော်လည်း ခင်ဗျားလိုပါပဲ"

ပြောသာပြောလိုက်ရတာ ရင်ထဲမှာတော့ တော်တော်ရှက်သွားသည်။ ယောကျ်ားတွေဖြစ်ပြီး မိန်းမတစ်ယောက် နောက်ကိုလိုက်ဖို့ အဲဒီလောက်အချိန်ပေး၍ လုပ်နေရခြင်းမှာ တော်တော်တော့ ကသိကအောက် နိုင်လှသည်။ အခုလည်းကြည့် . . စဉ်းစားကြည့်ရင် ရှက်စရာပင်။ 'မမ'နောက်ကို စကားလိုက်ပြောခွင့်မရလိုက်။ သူငယ်





ချင်းတွေ၍ မိတ်ဆွေတွေတောင် ဖွဲ့ဖြစ်သွားပြီ။ ဒီလိုလူများမယ်မှန်း သိလျှင် သူအစကတည်းက မလာပေ။ အဲဒီလိုတွေးလို့ 'မမ'ကို တကယ်မချစ်လို့တော့ မထင်လိုက်ပါနှင့်။ သူတကယ်'မမ'ကို နှစ်နှစ်ကာကာ ချစ်ပါသည်။ သို့သော် အဲဒီလောက် လူယက်ပြီး သူ့ထက်ငါ တန်းစီကာ ဦးရာလူစနစ်ဖြင့် လိုက်စကားပြောရတာတော့ ကိုယ့်ကိုယ်ကိုယ် ရှက်မိသည်။ ဘေးနားက ကျောင်းသား၏ ချောင်းဟန့်သံကြားမှ သူသတိပြန်ဝင်လာကာ လှည့်ကြည့်လိုက်တော့. .

"ခင်ဗျား . . ဘာတွေတွေးနေသလဲဗျာ . . ကျွန်တော်မေးတာဖြေပါဦး. ."

"ဗျာ. . ဘာ. . ဘာလဲ"

"ဩော်. . ကျွန်တော်တို့ ကန်တင်းသွားထိုင်ရင်း . . စကားလေး ဘာလေး ပြောရအောင်လို့ပါ . ."

သူအတွေးလွန်သွား၍ ထိုကျောင်းသားပြောတာ မကြားလိုက်လို့ အားနာသွားမိကာ. .

"ဆောတီးဗျာ . . ကျွန်တော် ခုနအတွေးလွန်သွားလို့ . . ခင်ဗျားပြောတာ မကြားလိုက်ဘူး . . ကောင်းသားပဲ . . သွားလေ"

သူတို့ ကန်တင်းဘက် ထွက်ခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ခင်ဗျားကြိုက်တာမှာဗျာ . . မိတ်ဖြစ်ဆွေဖြစ် . . ကျွန်တော်ပဲ ဒကာခံပါရစေ"

သူဘာမှပြန်ပြောမနေနဲ့တော့။ ပြန်ပြုံးပြလိုက်ပြီး လက်ဖက်ရည်တစ်ခွက်မှာလိုက်သည်။ အဲဒီကျောင်းသားကတော့ ထမင်းပေါင်းတစ်ပွဲမှာကာ . .

"ခင်ဗျား . . . တစ်ခုခုစားဖို့မှာဦးလေ"

"ရပါတယ် . . လက်ဖက်ရည်ပဲ . . ကျွန်တော်ဗိုက်မဆာလို့ပါ"

ထိုကျောင်းသားက ရေနွေးခွက်ကို တ^ချက်ကျင်းလိုက်ပြီး . .

"ကျွန်တော်တို့ဘဝတွေကတော့ တကယ်တွေးကြည့်ရင် ရယ်စရာကောင်းနေပြီဗျ . ."

သူတစ်ချက် လှမ်းကြည့်လိုက်သည်။ အဲဒီကျောင်းသားကပဲ ဆက်ပြီး . .

"မိန်းမတစ်ယောက်ကို ကျွန်တော့်ဘဝမှာ ဒီလောက်လိုက်ရ





ခက်လိမ့်မယ်လို့ မထင်ခဲ့မိဘူးဗျာ. . ကျွန်တော်ကြွားပြောတာ မဟုတ်ပါဘူး . . ကျွန်တော့်ပတ်ဝန်းကျင်မှာ ချောချောလှလှတွေ အများကြီးပါ. . ကျွန်တော်လိုက်မယ်ဆို ခက်ခက်ခဲခဲ မကြိုးစားဘဲ ရနိုင်တဲ့သူတွေလည်း အများကြီး . . ကျွန်တော်လည်း အရင်က ရည်းစားတော်တော်များများ တွဲခဲ့ဖူးပါတယ် . . အခုလို တစ်ခါမှမကြုံဖူးဘူးဗျာ"

အင်း . . ဒီကောင်လည်း သူ့ခုနတွေးသလို တွေးလိုက်မိပြီး ကိုယ့်ကိုယ်ကိုယ် ရှက်သွားပုံရသည်။ ဒီကောင် ပြောသလိုပင် သူ့အေးနားတွင်လည်း မဆွတ်ခင်က ညွှတ်ချင်နေသည့်ကောင်မလေးတွေ တစ်ပုံကြီးပါ။ လူ့စိတ်ဆိုတာ တော်တော်ဆန်းကြယ်သည်။ လွယ်နေတာကို တစ်ခါတလေ ခက်အောင် ကြိုးစားချင်ကြသည်။ လွယ်လွယ်ကူကူရသည့်အရာကို သိပ်တန်ဖိုးမထားချင်။ ခက်ခက်ခဲခဲရမှ မြတ်နိုးချင်သည်ထင်သည်။ အဲဒါအချစ်ဆိုတဲ့အရာပဲလား မပြောတတ်ပေ။

ထိုလူပြောတာကို သူကြွားပြောတယ်လို့ လုံးဝမထင်မိ. . ။ ဟုတ်နိုင်ပါသည်။ သူ့ပုံက စတိုင်လ်ရော၊ ရုပ်ပါ မိန်းကလေးတွေကျလောက်သည့်အထဲတွင် ပါဝင်၏။ လက်ဖက်ရည်ရောက်လာ၍ သူတစ်ငုံသောက်ပြီး ထိုသူပြောတာကို ဆက်နားထောင်နေလိုက်သည်။

"ကျွန်တော်က သင်္ဘောသားပဲ. . ကမ်းကပ်လို့ပြန်ရောက်တာ . . သိပ်မကြာသေးဘူးဗျ . . တစ်လခွဲလောက်ပဲ ရှိသေးတယ်"

"သြော် . ကျွန်တော်က ကျောင်းသားထင်လို့"

"မဟုတ်ဘူးဗျ . . ကျွန်တော် ပထမနှစ်တက်ပြီးတော့ သင်္ဘောလိုက်သွားတာ. . ဒီလိုပဲ တစ်နှစ်ကို တစ်ခေါက်နှစ်ခေါက်လောက်တော့ ပြန်လာနေကျပါ . . ဒါနဲ့ ခင်ဗျားနာမည် ဘယ်သို့ခေါ်လဲ"

"ရဲမာန်သွေးပါ . . ကျွန်တော်လည်း ခင်ဗျားကို မြင်မြင်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတစ်ယောက်လို ခင်ပါတယ် . . ကျွန်တော့်ကိုလည်း မိတ်ဆွေ ရင်းလို သဘောထားပါ"

"ထားပါတယ်ဗျာ . . ကျွန်တော်က သဘော်သားဆိုတော့ အပေါင်းအသင်းနည်းတယ်ဗျ . . ကုန်းပေါ်မှာထက် ရေပေါ်မှာ နေရတဲ့အချိန်က ပိုများတော့ မိတ်ဆွေသိပ်မရှိပါဘူး"

ပြောရင်း လာချပေးတဲ့ထမင်းပေါင်းကို အနည်းငယ်စားပြီး . .

"နန်းအိန္ဒြေက ယောကျ်ားတစ်ယောက်ကို ဘယ်လိုထိန်းချုပ်ရမယ်ဆိုတာ ကျွမ်းကျင်ပုံပဲဗျ . ."

'မမ'အကြောင်း ဆက်ပြောလာ၍ သူစိတ်ဝင်စားသွားသည်။

"ဆိုပါဦး . . ."

သူစကားကောက်လိုက်တော့ ဟိုလူ အားတက်သွားပြီး . .

"ဒီလိုဗျ . . ကျွန်တော် သိရသလောက်တော့ နန်းအိန္ဒြေကို လိုက်တဲ့လူတွေ အများကြီး . . ဒါတော့ ခင်ဗျားလည်း သိမှာပဲ . . ဒါပေမယ့် သူလက်ခံလိုက်တဲ့လူဆိုလို့ . . ခုချိန်ထိ တစ်ယောက်မှမရှိသေးဘူး . . တချို့ပြောတယ် . . နန်းအိန္ဒြေထွင့်ခေါင်မှာ အသည်းနှလုံးမရှိဘူးတဲ့ . . ဒါတော့ ကျွန်တော်မယုံဘူးဗျာ . . ဘာပဲဖြစ်ဖြစ် လူမှန်ရင် အချစ်ရှိရမှာပဲ . . ဒါပေမယ့် သူ့ကိုတော့ ကျွန်တော်အံ့သြတယ် . . လိုက်တဲ့သူ ဒီလောက်များတာတောင် သူကျေနပ်တဲ့သူ မတွေ့သေးဘူးဆိုတော့ သူလက်ခံနိုင်တဲ့လူက ဘယ်လိုလူမျိုးလဲ . . ကျွန်တော်သိချင်တယ် . . ကျွန်တော်ဆို သူ့သတင်းကြားပြီး မယုံလို့ စမ်းကြည့်ရင်း ငြိသွားတာဗျာ . . အခုထိ ဒီဝဲဂယက်ထဲက မရုန်းနိုင်ဖြစ်နေတာ အခုတော့ ယုံလိုက်ပြီဗျာ . . နန်းအိန္ဒြေထွင့်ခေါင်ရဲ့နှလုံးသားကို လှုပ်နိုင်မယ့်လူ တော်တော်ရှားသွားပြီ . . အခုအချိန်ထိ ကျွန်တော်မတွေ့သေးဘူး . ."





"ဒါဆို ခင်ဗျားက သူ့ကိုတွေ့လို့ ကြိုက်ပြီး . . လိုက်တာ မဟုတ်ဘူးပေါ့ . ."

ထိုလူ သူ့ကို ပြုံးကြည့်ပြီး . .

"မဟုတ်ဘူး . . ဒီလိုဗျ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့အစ်ကိုလည်း နန်းအိန္ဒြေကို လိုက်တဲ့သူတွေထဲက တစ်ယောက်ပေါ့ . . လိုက်တာမှ တကယ်လက်ဖျားခါလောက်အောင် လိုက်ခဲ့တာဗျ . . မနက်မိုးလင်းတာနဲ့ နန်းအိန္ဒြေတို့အိမ်ရှေ့ကို သူရောက်နေပြီ။ ပြီးတာနဲ့ တစ်နေ့လုံး နောက်က တကောက်ကောက်လိုက်တာ။ တကယ်ချစ်လို့ ထင်ပါရဲ့ဗျာ။ အလုပ်တောင် မလုပ်နိုင်ဘူး။ သူမှာ . . ယောကျ်ားတစ်ယောက်ရဲ့သိက္ခာကိုတောင် ဘေးဖယ်ထားပြီး ဘဝတစ်ခုလုံးကို ပုံအပ်လိုက်တာ . . ဒါပေမယ့် နောက်ဆုံး စိတ်နာသွားတာလား . . လောကကြီးကိုပဲ စိတ်ကုန်သွားတာလား မသိပါဘူးဗျာ . . ဘုန်းကြီးဝတ်သွားတာ အခုထိ မထွက်တော့ဘူး။ အိမ်က လိုက်ပြီး ထွက်နိုင်းသေးတယ် . . အိမ်စီးပွားရေးကို ဦးဆောင်ဖို့ပေါ့ . . အသက်ကလည်း ငယ်သေးတယ်။ ချမ်းလည်း ချမ်းသာတော့ မိဘတွေက သူ့သားကို သံယောဇဉ် မဖြတ်နိုင်ဘူးထင်ပါရဲ့ဗျာ။ လိုက်ခေါ်တယ်။ ဒါပေမယ့် သူလောကကြီးကို တရားသဘောနဲ့ပဲ ကြည့်ရတာ အေးချမ်းတယ်ဆိုပြီး တစ်သက်လုံး ဒီတရားဘောင်ထဲမှာပဲ နေတော့မယ်လို့ ပြောလွှတ်လိုက်တယ်တဲ့။ ခင်ဗျား စဉ်းစားကြည့်ဗျာ။ ဒါတောင် ကျွန်တော်သိတဲ့သူတစ်ယောက်ရဲ့ အကြောင်းပဲရှိသေးတာ . . ကျွန်တော်တို့ မသိတဲ့လူတွေ ဘယ်နှယောက်လောက် နန်းအိန္ဒြေကြောင့် လူ့လောကကြီးကို စိတ်ကုန်သွားကြပြီလဲ မသိဘူး . . ကျွန်တော်လည်း အဲဒီသတင်းတွေကြားပြီး မယုံလို့ စမ်းကြည့်လိုက်တာ . . အခု ခင်ဗျား မြင်တဲ့အတိုင်းပဲ . . ."

သူ ရယ်လိုက်ရတာ ရေနွေးတောင် သီးသွားတယ် . . 'မေ'



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကတော့ သင်းနေတာပဲ။ တကယ်မလွယ်ပါလား မမရယ် . . သူ့အလှည့်ကျ ဘယ်လိုလာမလဲ မသိ။ တွေးရင်း ကျောတောင် ချမ်းလာတယ်။

အင်း . . ဒီကောင် ပြောပုံအရ သူလည်း သက်နီးတစ်စုံ လောက်ဝယ်ထားရမယ့် ပုံပေါက်နေပြီ . . .

"ဒါနဲ့ ခင်ဗျား စမ်းရင်းစမ်းရင်းနဲ့ တကယ်ချစ်သွားတယ် ပေါ့ . . "

အဲဒီလူက သူ့စကားကို ကြားတော့ ဟက်ဟက်ပက်ပက် တစ်ချက်ရယ်ရင်း . . .

"ဟား . . ဟား . . ဟား . . ခင်ဗျား ထင်သလိုပဲဗျာ . . မှန် တယ် . . ကျွန်တော် သူ့ကို တကယ်ချစ်သွားတယ် . . ဒါပေမယ့် သတိလက်လွတ်ဖြစ်မသွားအောင်တော့ ကိုယ့်ကိုယ်ကိုယ် အမြဲသတိ ထားရတယ် . . ဘာဖြစ်လို့လဲဆိုတော့ နန်းအိန္ဒြေက မာယာလည်း များတယ်ဗျ။ သူ့ဆီချဉ်းကပ်တဲ့ကောင်တွေကို စကားကောင်းကောင်း မွန်မွန် ပြန်ပြောတယ်။ ပြီးတော့ သူငယ်ချင်းလို ဆက်ဆံတယ်။ ပြီး သူက ပြန်ကြိုက်သလားဆိုတော့လည်း မကြိုက်ဘူး။ အဲဒီတော့ သူနဲ့ ထိတွေ့တဲ့လူတွေအားလုံး ရှေ့တိုးရမလို နောက်ဆုတ်ရမလိုနဲ့ ကြား မှာ တန်းလန်းကြီးဖြစ်ပြီး ကြောင်တောင်တောင်တွေ ဖြစ်ကုန်ရော"

သူ အဲဒီအကြောင်းကြားတော့ ဉာဏ်ကြီးနဲ့စိန်ပေါက်မျက်နှာ ကို ဖျတ်ခနဲပြေးမြင်လိုက်မိ၏။ ဒီကောင်တွေ ဟိုနေ့က ပြောတာ ဖြစ်နိုင်သည်။ ဒါဆို သူ 'မမ'ရဲ့ မာယာထဲမဝင်အောင် ကြိုးစားရမှာ လား . . ဘာဆက်လုပ်ရမှာလဲ . . လူက 'မမ' ကို လိုက်မလို့ကြံရုံ ရှိသေးသည်။ အခုကတည်းက အူလည်လည်ဖြစ်နေပြီ။ တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ဆို သူခံနိုင်ပါ့မလား . . .

"ကဲ . . ကျွန်တော်တို့လည်း စကားကောင်းနေလိုက်တာ





. . အချိန်တောင် တော်တော်ကြာသွားပြီ . . သွားရအောင်ဗျာ"

အဲဒီလူကပြောရင်း စားပွဲထိုးလေးကိုခေါ်ကာ ငွေရှင်းပြီး . .

"သွားမယ်ဗျာ . . ကျွန်တော်တို့ ပြိုင်ဘက်တွေဆိုပေမယ့် ခင်ဗျားအတွက် ကျွန်တော် ဆုတောင်းပါတယ်ဗျာ . . အောင်မြင်ပါ စေ . . ခင်ဗျား ရသွားလည်း ကျွန်တော် ခင်ဗျားအတွက် ဂုဏ်ယူမိ မှာပါ . . ကျွန်တော်တို့ နောက်ကြုံရင်လည်း ဒီလိုပဲ တွေ့ကြတာပေါ့ ဗျာ . . . သွားပြီ . . . "

ပြောပြီး သူ့ကို နှုတ်ဆက်ကာ ထွက်သွားတော့သည်။ သူ လည်း ကန်တင်းမှထကာ ဘယ်သွားလို့ သွားရမှန်းမသိပေ။ 'မမ' တို့ အတန်းကိုလည်း ပြန်မသွားချင်တော့။ သွားလည်း သူ့လိုလူတွေ နဲ့ပဲ ထပ်တွေ့နေဦးမှာ သေချာသည်။ တော်ကြာ အခုလို နောက် တစ်ယောက်နဲ့မိတ်ဆွေ ထပ်ဖြစ်နေလျှင် 'မမ' အကြောင်း ထပ်ကြား ရဦးမှာ သေချာသလောက်ရှိသည်။ သူ 'မမ' အကြောင်း မကြားချင် တော့ . . .။

မမသည် အဆိပ်ပန်းမဟုတ်သော်လည်း ရန့်ကမ္ဘေးလွန်း တော့ မူးယစ်စေလောက်၏။ သို့သော် စိတ်မပျက်ပါ။ 'မမ' ကိုတော့ ရအောင်လိုက်မည်။ သို့သော် ကံကြမ္မာသည် သူ့ဘက်ပါဖို့ဆိုတာ တော် တော် နည်းနေပြီ။ ဒါပေမယ့် မတတ်နိုင်၊ သူ 'မမ' ကို တကယ်ချစ် တာပဲ။ ဇာတ်စင်ပေါ်ရောက်မှတော့ မင်းသမီးကို ရှိန်နေလို့မဖြစ်ပေ။ ဇာတ်ဆရာအလိုကျ ကရပေဦးတော့မည်။

သူတွေးရင်း ဘယ်မှသွားစရာမရှိသည့်အတူတူ အိမ်ကိုပဲ ပြန်လာခဲ့လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com

ဧဧ်မဆရာကါ်ခင်

မြားကုန်သွားတာ

မဟုတ်ပါဘူးဗျာ ...

ချွန်ဖို့ မေ့လာခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောသလိုဆို . . မင်း မံမက ထင်ထားတာထက် တောင် ကြောက်ဖို့ကောင်းနေပါလား . ."

"အေးကွာ . . မင်း 'မမ' ကိုရဖို့ဆိုတာ မလွယ်ပါလား . . ရဲမာန်ရာ။ မင်း ဒီလောက် စိတ်ညစ်မနေစမ်းပါနဲ့ကွာ . . လောကကြီးမှာ မိန်းမချောချောလှလှတွေ တစ်ပုံကြီးပါ . . ဒီ တစ်ယောက်မရတော့ မင်းဘာဖြစ်သွားမှာမို့လို့လဲ . . ."

ညဏ်ကြီးနဲ့စိန်ပေါက်ကို သူဘာမှပြန်မဖြေမိ။ အဝေးကိုသာ ငေးကြည့်နေလိုက်သည်။

"ဟုတ်တယ် ရဲမာန် . . စိန်ပေါက်ပြောတာမှန်တယ် . . မင်း ဟာက လိုက်တောင် မလိုက်ရသေးဘူး . . ကြားတဲ့သတင်းနဲ့တင် ဆယ်ခါပြန် သေလို့ရတယ်။ ငါလည်း မင်း မမအကြောင်းကို လက် လှမ်းမီသလောက် စုံစမ်းကြည့်တယ်။ မင်း ကြားလာတဲ့အတိုင်းပဲ . . သိပ်မကွာခြားဘူး . . . ဒါပေမယ့် တစ်ခုတော့ရှိတယ် . . အခု ချိန်ထိ ရည်ရွယ်ထားတဲ့ သူ မရှိသေးဘူး . . ရည်းစားဆိုတာ ဝေလာ ဝေးပဲ . . ."





သူ ညဏ်ကြီး စကားကို နားထောင်ပြီး . . .

"အေး . . အရေးကြီးဆုံးက အဲဒီအချက်ပဲ . . ငါထင်တာ ကတော့ လူတွေသူ့ကို ဒီလောက်လိုက်ကြတာလဲ အဲဒါကြောင့်ပဲ ဖြစ် လိမ့်မယ် . . တကယ်လို့သာ 'မမ' မှာရည်းစားရှိနေရင် တော်ရုံလူ လိုက်မှာ မဟုတ်ဘူးကွ . . ငါ နောက်တစ်ခု တွေးမိတယ် . . 'မမ' က သူ့ကို လူတိုင်းရဲ့ချစ်ခြင်းကို ခံရအောင်များ အဲဒီလိုအခုအချိန် အထိ ရည်းစားမထားသေးတာလား မသိဘူး . ."

"ဖြစ်နိုင်တယ် ရဲမာန် . . မင်းတွေးတာ ဖြစ်နိုင်တယ် . . မင်း . . မမက တစ်ဦးတစ်ယောက်ရဲ့ ချစ်ခြင်းကို မခံချင်ဘဲ အများ အလယ်မှာ အားလုံးရဲ့မေတ္တာတွေ၊ အားလုံးရဲ့အလိုလိုက်အကြိုက် ဆောင်မှုတွေကို သာယာနေတာ ဖြစ်လိမ့်မယ် . . ."

စိန်ပေါက်စကားကို ညဏ်ကြီးကလည်း ဝင်ထောက်တယ် . .

"ဟုတ်တယ် . . အဲဒါဖြစ်နိုင်တယ် . . ဒီလောက် နာမည် ကြီးချင်ရင်လည်း ရုပ်ရှင်မင်းသမီးလုပ်တာ မဟုတ်ဘူးကွာ . . အခု တော့ သူ့ကိုမြင်ရင် ချစ်ချင်ကြတဲ့ ယောကျာ်းတွေ သက်သက်ဒုက္ခ ရောက်အောင် လုပ်နေသလိုဖြစ်နေတယ် . . ဟော့ကောင် . . ရဲမာန် မင်းလည်း အဲ့န္တရာယ်ကြီးကို သိသိကြီးနဲ့ ချစ်မနေစမ်းပါနဲ့ကွာ . . အေးအေးနေလိုက်စမ်းပါ . ."

သူ ဘာမှမပြောဘဲ ရေနွေးကြမ်းခွက်ကိုသာ စိုက်ကြည့်နေမိ သည်။

'မမ'ရယ် ကျွန်တော်ဘယ်လိုပြန်ဖြေရမလဲဗျာ. . ကျွန်တော် 'မမ' ကို မချစ်ဘဲမနေနိုင်တာ။ ကျွန်တော့် အချစ်ကို ကျွန်တော် ဘယ်လိုတားရမလဲ . . တကယ်ပါ အရှုံးစင်းဆုံး ဝန်ခံပါရစေ . . ကျွန်တော် 'မမ' ကို တကယ်မြတ်မြတ်နိုးနိုး ချစ်တယ်ဗျာ . . 'မ' ဘေးနားမှာ ရှိနေတဲ့လူတွေ အားလုံးထက် ကျွန်တော်ဖြူစင်စွာ ချစ်



www.burmeseclassic.com

www.burmeseclassic.com



တယ် . . တခြားသူတွေက မမရဲ့အလှကို မက်လို့လိုက်တာ ရှိသလို 'မမ' ရဲ့ ချမ်းသာမှုနဲ့ ကျော်ကြားမှုကို လိုချင်လို့ လိုက်တာ ဖြစ်ချင် ဖြစ်လိမ့်မယ်။ ကျွန်တော်ကတော့ 'မမ' ကို နန်းအိန္ဒြေထွဋ်ခေါင်ဆိုတဲ့ လှပချမ်းသာတဲ့ မိန်းမတစ်ယောက်အဖြစ် တွေ့ခဲ့ပြီး ချစ်ခဲ့တာ မဟုတ်ပါဘူး။ ရှမ်းပြည်နယ် သီပေါမြို့လေးရဲ့ ဆောင်းမနက်ခင်းမှာ မြင်းစီးထွက်လာတဲ့ ကောင်မလေးတစ်ယောက်အဖြစ်နဲ့ စသိပြီးချစ်ခဲ့တာပါဗျာ . . ကျွန်တော့် ရင်ထဲက စကားတွေ 'မမ' ကြားနိုင်ပါစေ . ."

"ဟေ့ကောင် . . ရူးများသွားပြီလားကွာ . . ငါပြောတာရော ကြားရဲ့လား . . ."

"ဟင် . . ဘာ . ."

"အေး . . အဲဒါသာကြည့်တော့ စိန်ပေါက်။ ဒီကောင် သွားပြီ . . ဦးနှောက်ထဲ ရောက်သွားပြီ . . ."

သူ့ကိုပြောပြီး နှစ်ကောင်စလုံး လှောင်ရယ်ရယ်ကြ၏။ တော်တော်လေး ရယ်လို့ဝသွားမှ . . စိန်ပေါက်က . . .

"ရဲမာန် . . ငါ မင်းကိုတစ်ခုမေးမယ် . . သေချာဖြေ . . မနန်းအိန္ဒြေထွဋ်ခေါင်ကို မရရင် မနေနိုင်တော့ဘူးလား . . ဟုတ်လား . ."

သူ့အတွက် စိန်ပေါက်အမေးက စဉ်းစားစရာမလိုပေ . . .

"အေး . . ."

ဟိုနှစ်ကောင် သူ့အဖြေကြောင့် ကြောင်စီစီဖြစ်သွားသည်။

"ဒါဆိုလည်း . . မင်း ဒဏ်ခံနိုင်တယ်ဆို လိုက်ပေါ့ကွာ . . ပြောမရတော့လည်း ဘာတတ်နိုင်မှာလဲ . . မင်းလည်း နန်းအိန္ဒြေထွဋ်ခေါင်အကြောင်း မသိတာလည်း မဟုတ် . . သိနေတာပဲ . . သိသိကြီးနဲ့ ခံမယ်ဆိုရင်လည်း ခံပေါ့ကွာ . . သတ္တဝါတစ်ခု ကံတစ်ခု ပေါ့ ရဲမာန်ရာ . . ."





"မတတ်နိုင်ဘူးကွာ . . မတတ်နိုင်တော့ဘူး . . ခံရင်ခံရော လေ့စေတော့ လိုက်မှာပဲ . . ဒါပေမယ့် သူများတွေလိုတော့ ငါ့သိက္ခာ အကျခံပြီး အနောက်က တကောက်ကောက်မလိုက်ဘူး။ အရင်ဆုံး သူ့ကိုငါ သူများတွေနဲ့မတူတဲ့ ချဉ်းကပ်ခြင်းမျိုးနဲ့ ချဉ်းကပ်ရမယ်"

"မင်းက ဘယ်လိုချဉ်းကပ်မလို့လဲ . . ."

"ငါလည်း အဲဒါ စဉ်းစားလို့မရသေးဘူးကွ . . တော်ရုံတန်ရုံ စိတ်ဝင်စားစရာ ချဉ်းကပ်မှုလောက်နဲ့တော့ အရာထင်မယ် မထင်ဘူး . ငါ့ရှေ့မှာ သူ့ကို နည်းမျိုးစုံ ချဉ်းကပ်နေတဲ့ကောင်တွေမှ ရိုက်သတ်လို့ ကုန်မှာ မဟုတ်ဘူး . . အဲဒီတော့ နည်းနည်းပါးပါး ဆန်းပြားရုံလောက်ဆို 'မမ' က ငါ့ကို ပျင်းတောင်ပျင်းသေးတယ်လို့ ပြောသွားမှာ ကျိန်းသေပဲ . . ."

"ကဲ . . ဟုတ်ပြီ သူငယ်ချင်း . . မင်းကိုလည်း တားမရတဲ့ အတူတူ မထူးပါဘူး . . စိတ်ကူးတည့်ရာ ချသာချကွာ . . ရသွားတော့လည်း အမြတ်ပေါ့ . . မရတော့လည်း အသည်းကွဲရုံအပြင် ပို မရှိပါဘူးကွာ . . ချသာချ ငါတို့ပါ ပါမယ် . . ."

နောက်ဆုံးတော့ တားမရတဲ့ အရူးကို ဘုံမြှောက်ပေးဖို့ တွေးလိုက်သလား မသိ။ ဉာဏ်ကြီးရော စိန်ပေါက်ပါ သူ့ဘက်က ပါဝင်လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းအိခြေထွင့်ခေါင် ကားပေါ်က ဆင်းဆင်းခြင်း ပုံစံအမျိုးမျိုးပေါက်နေသော ကျောင်းသား လေးငါး ယောက်လောက်ကို ကော်ရစ်တာအောက်တွင် တွေ့ လိုက်ရတော့ တစ်ချက်ပြုံးလိုက်ပြီး ကားတံခါးကို သော့ ပိတ်ပြီးအလှဆုံးလှည့်ထွက်ခဲ့သည်။ ဒါ သူမအတွက် အဆန်းတကြယ် မဟုတ်တော့ပြီ။ နိစ္စဓူဝ ကြုံတွေ့နေရသော ကိစ္စ သာဖြစ်သည်။ တစ်ခါတလေတော့လည်း လွတ်လွတ်လပ်လပ် မနေရ၍ စိတ်ညစ်မိသည်။ သို့သော် အများအားဖြင့် ကိုယ့်အလှအပကို သဘောကျဂုဏ်ယူနေတာများသည်။

အခုလည်း သူမ နောက်ဆုံးလှေကားထစ်ကို တက်ပြီးသည်နှင့် ကျောင်းသားတစ်ယောက် လူရည်ချွန်မောင်ပုံစံမျိုး ဝတ်စား ဆင်ယင်မှုဖြင့် ချဉ်းကပ်လာသည်။

"နန်း . . နန်းအိခြေ . . ထ . . ထမင်းစားပြီးပြီလား ဟင်"

"ဒီအချိန် ထမင်းစားချိန်မှ မဟုတ်တာရှင့် . . ."

"ဪ . . အင်း . . ."





အဲဒီကျောင်းသား ဖင်ကုတ်ခေါင်းကုတ် ဖြစ်သွားသည်။ သူမ ဆက်လျှောက်လာလိုက်သည်။ ဟိုကောင်ဘေးမှာ တောက်တဲ့တ အဖေ တော်ရလောက်အောင် ပါလာသည်။

"ဟို . . ဟိုဟာလေ . . အဲဒါ . . နန်းအိခြေ . . ကျွန် . . ကျွန်တော့်ကို မပေးသေးဘူးနော် . ."

သူမ ဖျတ်ခနဲလှည့်ကြည့်တော့ ကိုယ်တော်ချော တွန့်ခနဲ ဖြစ်သွား၏။ သူမ လက်ညှိုးလေးထောင် မျက်လုံးလေးထောင့်ကပ်ပြီး စဉ်းစားဟန်လုပ်နေသည်။ အဲဒီပုံစံသည် သူမ၏ ချစ်စဖွယ်အကောင်းဆုံး အမူအရာများတွင်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ သူမ ဘေးနားကကောင် အသည်းယားသွားပြီး တီကောင်ဆားတို့ သလို တွန့်လိမ်သွား၏။

"ဟို . . ဘာပါလိမ့် . . ."

ငတိ အားတက်သွားပုံရသည်။

"ကျွန် . . ကျွန်တော် . . တောင်းထားတဲ့ ဟာ . . ဟာလေးလေ . ."

မျက်နှာက ပျားအုံမြင်သော ဝက်ဝံတစ်ကောင်လို ဖြီးကားသွား၏။

"ဪ . . ဟုတ်တယ် . . ကြည့်စမ်း . . ကျွန်မ မေ့နေလိုက်တာ . . အင်း . . မနက်ဖြန်ပေးမယ်နော် . . ဒီနေရာကပဲ စောင့်"

ငတိမျက်နှာကတော့ ပြောဖွယ်ရာမလိုတော့ပေ။ မိလ္လာတွင်း ထဲကျသော ခွေးဝဲစားလို မြူးတူးနေလေပြီ . . .

"ဂျ . . ဂျ . . ဂျဂယ်လား ဟင် . . ."

ပျော်လွန်းလို့ ထင်သည်။ စကားတောင် မပီတော့ပေ။

"တကယ်ပေါ့ . . အဖေက အခုနောက်ပိုင်း အဲဒါကိုသုံးမှ မသုံးတော့တာ . . ."



www.burmeseclassic.com

www.burmeseclassic.com



သူ စကားကြားတော့ မျက်နှာက ခရမ်းသီး မီးဖုတ်လို့ရှုံ့သွားသည်။ အံ့လည်း အံ့သြသွား၏။

"ဘာ . . ဘာလဲ ဟင် . . ."

"တုတ် . . တုတ်ကောက်လေ . . ."

"ဗျာ . . ."

"ရှင်တောင်းတာ တုတ်ကောက်မဟုတ်လား . ."

"ဟာ . . မဟုတ်ပါဘူးဗျာ . . တုတ်ကောက်ကို ကျွန်တော် ဘာလုပ်ရမှာလဲဗျ . . ."

ဟိုငတိ အခုတော့ ကျွဲမြီးတိုသွားတဲ့ပုံစံနဲ့ ပြန်အော်နေလေသည်။ နန်းအိန္ဒြေထွင့်ခေါင်ကတော့ အပြုံးမပျက်ပင်။

"ရှင့်ပုံစံက . . တုတ်ကောက်တပ်လိုက်ရင် အားလုံးပြည့်စုံသွားပြီ . . အဲဒါကို ကျွန်မသိလို့ စေတနာနဲ့ပေးတာ . . မယူလည်း နေပေါ့ . . ."

သူမ ပြောပြီးလှည့်ထွက်ခဲ့၏။ အဲဒီကျောင်းသားလည်း သူ့ကိုယ်သူ ခြေဆုံးခေါင်းဆုံးကြည့်ပြီး ကျန်ရစ်ခဲ့လေတော့သည်။

နန်းအိန္ဒြေထွင့်ခေါင် ခြေလှမ်းဆယ်လှမ်းတောင် မပြည့်သေးပေ။ ပန်းစည်းတစ်ခု မြင်ကွင်းတစ်ခုသို့ ကျလာတော့သည်။ စိတ်ပျက်စွာ ခေါင်းမော့ကြည့်လိုက်၏။ ဒီတစ်ခါတော့ စတိုင်လ်ကောင်းကောင်းနှင့် နိုင်ငံခြားမင်းသားပုံပေါက်နေသည့် ကောင်တစ်ကောင်ပင်ဖြစ်သည်။ သူမ ထုံးစံအတိုင်း အပြုံးတုတစ်ခုကို တပ်ဆင်လိုက်တော့သည်။



"ကဲ . . ရဲမာန် . . မင်းသုံးရက်လုံးလုံး မင်း မမ အခန်းရှေ့ သွား,သွားနေတာ အခြေအနေ ဘာထူးလဲ"

"ဟာ . . ထူးတယ် သူငယ်ချင်း . . ထူးတယ်"

"ဘာလဲ . . မင်း မမနဲ့ မင်းအခြေအနေ တော်တော် တိုးတက်နေပြီပေါ့ . . ."

"ဟာ . . ဘယ်ကလာ ဟုတ်ရမှာ . . ငါ သွား,သွားနေတာ မမ မသိဘူးကွ . . သူ မမြင်အောင် ခိုးပြီးသွားတာ . . ."

"ဟာ . . မင်းဟာက ဘာလဲကွ . . ကိုယ်ချစ်တဲ့သူဆီ သွားပြီး ဟန်ရေးပြတာ . . ခိုးသွားရတယ်လို့ ကြောင်ပဲ . . ."

"ဟုတ်တယ် ရဲမာန် . . မင်း အဲဒီလို ကြုပ်ကြုပ်လုပ်နေ . . ဟိုက မင်းလိုက်နေတာကို သိချင်မှသိမှာ . . မင်းက သူ့ကို လိုက်နေတယ်ဆိုတာ သူ သိအောင်တော့ အရင်လုပ်သင့်တယ် . ."

"လာမယ်လေ . . အဲဒီအတွက် ငါသွားနေတာပါ . . နှေးစမ်းပါဦးကွာ . . ငါပြောတာလည်း ဆုံးအောင် နားထောင်ပါဦး . .

ဆောင်းဝင်မြို့ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကွ . . အခု ငါလုပ်မယ့် အစီအစဉ်က ဆန်းတယ် . . တမင်ဆန်းပြားအောင် လုပ်ထားတာ . . ."

"ပြောစမ်းပါဦး . . ."

"ငါ . . မမကို စာပေးမလို့ . . ."

"အဲဒါ ဆန်းသလားကွ . . ."

"ဟ . . ဆန်းတာပေါ့ကွ . . ဒီခေတ်ကြီးမှာ အဲဒါဆန်းတာ နိုးနိုးလေးနဲ့ ဆန်းသွားတာ . . မင်းတို့ စဉ်းစားကြည့် . . မမကို ဒီခေတ်ကြီးမှာ ဘယ်သူမှ စာပေးပြီး ရည်းစားစကားပြောတဲ့သူရှိမှာ မဟုတ်ဘူး . . တကယ်လို့ ရှိဦးတော့ ငါ့လိုစာမျိုး ဘယ်သူမှ ပေးရဲမှာ မဟုတ်ဘူးကွ . . ."

ဟိုနှစ်ကောင် သူ့စာကို တော်တော်စိတ်ဝင်စားသွား၏။

"အလာကြီးပါလားကွ . . ပြစမ်းပါဦး . . ."

"ဟဲ . . ဟဲ . . ပြမယ်လေ ပြီးမှ ငါ့အိုင်ဒီယာတွေ ခိုးမချရဘူးနော် . . ."

"အောင်မယ်လေးကွာ . . စိတ်ချ မင်းလို ရူးကြောင်ကြောင်ဖြစ်နေတဲ့ကောင်ဆီက ဘာမှအတုမယူဘူး . , မပြချင်လည်း နေဟေ့ကောင် . . . မကောင်းတတ်လို့ ကြည့်တာ . . ."

နှစ်ကောင်လုံး စိတ်မဝင်စားတော့ဟန်လုပ်ပြီး မျက်နှာတွေ တစ်ဖက်လှည့်သွားကြ၏။ ဒီလိုကျတော့လည်း သူ မနေနိုင်တော့။ အတင်းချော့မော့ဖတ်ခိုင်းရတော့သည်။ ဒီလိုမှမလုပ်ရင် ဒီစာဖတ်ဖို့ ပြန်ပြီး စိတ်လည်လာမယ့်ပုံ တစ်ကောင်မှမမြင်။

"အလကားပြောတာပါကွာ . . ဒီမှာ ရော့ . . ငါက နောက်တာပါ . . မင်းတို့ကလည်း စိတ်ချည်းပဲ . . ."

သူ စိန်ပေါက်လက်ထဲ စာကို အတင်းထိုးထည့်လိုက်တော့မှ ယူသွားတော့၏။ ဒါတောင် စိန်ပေါက်က . . .





"အေး . . အဲဒီလို လိမ္မာစမ်းပါ . . မငိုက်စမ်းပါနဲ့ . . အစ္စ ရာ . ."

တဲ့ . . ခံရပြန်ပြီ . . မမနဲ့ပတ်သက်မှပဲ တစ်သက်လုံး ဒီကောင့်တွေကို အနိုင်ယူလာသမျှ အခုမှ အသေအလဲ အဆော်ခံနေရသည်။

စိန်ပေါက်က စာအိတ်ထဲက စာကိုထုတ်ပြီး ဖြန့်ကာ အားလုံးမြင်ရအောင် စားပွဲပေါ် တင်လိုက်တော့သည်။

မမ/

မမ ..ကို ကျွန်တော် ချစ်နေတယ်ဆိုတာ မမ အလိုလို သိနေတယ်လို့ ကျွန်တော် စေခင်မမေးဘဲ သိတယ် ...

ဒါပေမယ့် 'မမ' ကိုချစ်ရတာ ဝေလှေတိုကြိုတ်စေပါက မှုစည်း တစ်ကောင်ကို ကမ္ဘာကနေ မှန်ပြောင်းနဲ့ရှာရသလို ခက်ခဲလိုက်တာ ဗျာ ...

ကြာတော့ ချစ်ရတဲ့လူတောင် စိတ်ပျက်လာပြီ ...

အဲဒါကြောင့် ကျွန်တော် ဆုံးဖြတ်ထားတယ် 'မ' သိနေပြီး သား 'မ' ကြားနေကျစကားဖြစ်တဲ့ 'ချစ်တယ်' ဆိုတဲ့ စကားကို ကျွန်တော် မပြောတော့ ဘူးဗျာ ...

'မ' ကျွန်တော့်ကို ချစ်ရင်သာ ကျွန်တော့်ဆီ 'မ' ကိုယ်တိုင်လာပြီး အဖြေပေးပါ ...

ရဲမာန်သွေး
စေတွ
(ခရုံတက္ကသိုလ်)
ရူပဗေဒ (၃[illegible])

"အရှုး . . ."

"ငပေါ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှားပါ့ကွာ . . ."

စာကိုဖတ်ပြီးတာနဲ့ ထင်တဲ့အတိုင်းပဲ ကောင်းချီးဩဘာဝိုင်း ပေးတော့တာပဲ . . .

"အဲဒီလိုဖြစ်အောင် သေချာရေးထားတာကွ . . မှတ်ထားပေါတယ်ဆိုတာ တစ်ခါတစ်ရံ အရာရောက်သွားတတ်တယ် . . မင်းတို့ စဉ်းစားကြည့် . . နန်းအိန္ဒြေထွင့်ခေါင်လို မိန်းမမျိုးကို ဘယ်သူက ဒီစာမျိုးပေးဖူးမလဲ . . စိတ်ချ . . ဘယ်သူမှ ပေးဖူးမှာမဟုတ်ဘူး . . သူ ဒါမျိုးလည်း တစ်ခါမှ ဖတ်ဖူးမှာ မဟုတ်ဘူး . . အဲဒါ အသစ်ကွ . . အသစ် . . ."

သူ့စကားကြားတော့ နှစ်ကောင်လုံး သဘောပြင်းချပြီး . . .

"လုပ်ပေါ့ ရဲမာန်ရာ . . အခုမှတော့ ပေါက်တဲ့နဖူး မထူးတော့ပါဘူး . . အဲဒီတော့ မင်းဒီစာကို ဘယ်လိုပေးမှာလဲ သူ့အိမ် လိပ်စာတပ်ပြီး ပို့မှာလား . . ."

"ရိုးတယ် . . ."

"လာပြန်ပြီ . . . ဒီလောက်ဆန်းချင်နေလည်း ကင်းမြီး ကောက်ထောင်ပြီး သွားပေးကွာ . . ."

ဉာဏ်ကြီးကတော့ စိန်ပေါက်စကားကို အားရပါးရဝင်ရယ် တော့သည်။ ဒီကောင် အရယ်ရပ်သွားမှ . . .

"ငါပြောတာ နားထောင်ပါဦး . . အဲဒါတွေအားလုံး ငါစီစဉ် ပြီးပြီ။ အဲဒါကြောင့် ငါ . . 'မမ' အတန်းရှေ့သွား,သွားနေတာပေါ့ ကွ . . ဒီလို 'မမ' က တနင်္လာနေ့တိုင်း သူ့မွေးနေ့ဆိုတော့ သက်သတ် လွတ် စားတယ် . . ."

သူ့စကားတောင် မဆုံးသေးဘူး စိန်ပေါက်က ဝင်ဖောက်၏။

"သိပြီ . . သိပြီ အဲဒါကို မင်းက အသားတုတွေ လက်ဆောင် သွားပေးရင်း ဒီစာပါ ပေးမလို့ပေါ့ . . ."





"ဟာ . . သေလိုက်ပါလား . . နေစမ်းပါဦးကွာ . . ငါ့စကား ဆုံးအောင် နားထောင်ပါဦး . . အဲဒီနေ့ဆို မမက အိမ်ကနေပြီး ထမင်းချိုင့်ထည့်လာတယ်ကွ . . ဆွဲခြင်းလေးနဲ့ ပြီးတော့ သူထိုင်နေ တဲ့နေရာဘေးနား ချချထားတယ် . . အဲဒါကို ငါစုံစမ်းလို့ သိထား တယ် . . လာမယ့် တနင်္လာနေ့ကျရင် 'မမ' မသိအောင် စာကို ဆွဲ ခြင်းထဲ သွားခိုးထည့်မယ်ကွာ . . ရှင်းရှင်းလေးပဲ . . ဒါလည်း ဆန်း သွားတာပဲ . . 'မမ' စာကိုမြင်ရင် ပထမအံ့ဩသွားမှာ . . ပြီးရင် သူ့ကို ဘယ်သူပေးတယ်ဆိုတာ သိသွားရင် လိုက်ရှာမှာပဲ . . သူ့ အတွက် အဲဒီလို ပုံစံမျိုးမကြုံဖူးတော့ ရင်ထဲမှာ တစ်ခုခုကျန်ခဲ့မယ် ထင်တာပဲကွာ . . ."

ဉာဏ်ကြီးရော၊ စိန်ပေါက်ပါ ငြိမ်သွား၏။ တစ်ခုခုကိုစဉ်းစား နေကျပုံပင် . . ပြီးမှ ဉာဏ်ကြီးက . . .

"လွယ်တော့ . . . မလွယ်လောက်ဘူး ရဲမာန် . . မင်း မမ မသိအောင် ဆွဲခြင်းထဲ စာထည့်ဖို့ဆိုတာ တော်တော်ခက်မယ် . ."

"စိတ်ချနေပါကွာ . . ငါ သေချာလေ့လာပြီးပြီ . . မမတို့ အတန်းတစ်ခုနဲ့ တစ်ခုကြား နားချိန်မှာ မမ အပြင်ခဏထွက်တုန်း အလစ်မှာ အတန်းထဲ မယောင်မလည်ဝင်ထည့်မှာပေါ့ကွ . ."

"မင်း အဆင်ပြေမယ်ဆို ပြီးတာပဲကွာ . . ."

"အဲဒီနေ့ကျရင် မင်းတို့နှစ်ကောင်ကို ငါမနက်ကတည်းက လာခေါ်မှာနော် . . . ပြီးမှ ဂျိဂျောင် မလုပ်နဲ့ . . ."

ဉာဏ်ကြီးနဲ့စိန်ပေါက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးမှ . . . .

"အေးပါကွာ . . ငါတို့လည်း မင်းနဲ့ပေါင်းနေမှတော့ မင်း ပေါတိုင်း လိုက်ပေါလိုက်ရုံပေါ့ကွာ . . ."

"ပြီးတာပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ နှစ်ကောင်စလုံး ပြန်သွားကြသည်။ 'မမ' မျက်နှာလေး မြင်ယောင်လာပြီး ပြုံးလိုက်မိသေး၏။

BURMESE CLASSIC .com



ထုံးစံအတိုင်း တနင်္လာနေ့သည် ပုံမှန်အတိုင်း ရောက်ရှိလာပါသည်။ မနက်စောစောကတည်းက စိန်ပေါက်နှင့် ညက်ကြီးကို ဝင်ခေါ်ပြီး သူတို့ဆိုင်တစ်ဆိုင်မှာ မနက်စာ စားနေကြသည်။ စားသောက်ပြီး အချိန်စောသေး၍ ဆက်ထိုင်နေလိုက်ကြ၏။

"ရဲဘာန် . . စာရော ပါလာတယ်နော် . . ."

"ပါတာပေါ့ကွ . . လယ်ထွန်သွားမှတော့ နွားမေ့လို့ ဖြစ်မလား . . ."

"ငါတော့ မျက်ခုံးလှုပ်လှုပ်ပဲ . . မင်း တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ စာကို သူ့ခြင်းထဲထည့်ရဲပါ့မလားကွာ . . ကြည့်လည်း သေပ်ဦး . . ."

"စိတ်မပူစမ်းပါနဲ့ ညက်ကြီးရာ . . မင်းတို့ သူငယ်ချင်းရဲ့ အရည်အချင်း ဘယ်လောက်ရှိတယ်ဆိုတာ မင်းတို့ ဒီနေ့ မျက်ဝါး ဆင်ထင် တွေ့ရမှာ . . ကြည့်နေ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ . . ကြည့်ကြသေးတာပေါ့ . . ."

ခဏကြာတော့ သူတို့ထွက်လာကြတော့သည်။ ရန်ကုန်တက္ကသိုလ်ထဲရောက်တော့ 'မမ' တို့ အဆောင်ရှေ့မှာ 'မမ' ကားကို ရှာသည်။ မတွေ့။ မရောက်သေးဘူး ထင်သည်။

"မင်း မမ မရောက်သေးဘူး ထင်တယ် . . ကား မတွေ့ဘူး"

"ဟုတ်တယ် . . မရောက်သေးဘူး ထင်တယ် . . ငါတို့ အောက်ဆင်းပြီး တစ်နေရာရာကနေ စောင့်ကြည့်နေလိုက်ရအောင်"

ပြောပြီး ကားပေါ်မှဆင်းကာ မမတို့အခန်းနား အကွယ်တစ်နေရာကနေရာမှ စောင့်နေလိုက်သည်။ သိပ်မကြာလိုက်ပါ။ ခဏနေတော့ 'မမ' ကားထိုးဆိုက်လာပါတော့သည်။ 'မမ' ပါတိတ်ဝမ်းဆက်လေးနှင့် ကြွကြွရွရွလေး ဆင်းလာကာ လက်ထဲတွင် ဆွဲခြင်းအနီရောင်လေး ကိုင်ထားတာ မြင်လိုက်ရ၏။ သူ အရောင်ကို သေချာမှတ်ထားလိုက်သည်။ ပြီးမှ ဟိုနှစ်ကောင်ကို လှည့်ပြီး . . .

"ကဲ . . ဟေ့ကောင်တွေ . . လစ်ကြရအောင် . . တော်ကြာ . . ငါတို့ကို တွေ့သွားဦးမယ် . . နေ့လယ်ထမင်းစားဆင်းချိန်လောက်မှ ပြန်လာတာပေါ့ကွာ . ."

"ဟာ . . မင်းက အမျိုးမျိုးပါလားကွာ . . အစောကြီးလာချင်တော့လည်း မင်းပဲ . . အခု ပြန်ချင်တော့လည်း ချက်ချင်းပဲ"

"ဟ . . မင်း ဘာနားလည်လို့လဲ ငါက မမ ဆွဲခြင်းထဲစာထည့်ရမှာကွ . . မမ ကားပေါ်က ဆင်းလာကတည်းက ဘာဆွဲခြင်းဆွဲလာလဲ အရင်ဆုံးသိရအောင် လာကြည့်တာပေါ့ . . တော်ကြာ . . အခန်းထဲရောက်သွားမှ ငါတို့လာကြည့်နေရင် ဘာ ထူးမှာလဲ . . ဘာဆွဲခြင်း၊ ဒါမှမဟုတ် ဘာဆွဲလာမှန်း မသိလိုက်ရရင် ဘယ်လိုလုပ်မလဲ . . အခုလို သေသေချာချာ သိလိုက်ရတော့ ကောင်းတာပေါ့ . . ."





စိန်ပေါက် စိတ်ပျက်လက်ပျက်နှင့် . . . .

"မင်း . . သဘောပဲကွာ . . လုပ်ချင်တာသာ လုပ်တော့"

သူတို့ ကန်တင်းဘက်သို့ အဆောင်ရဲ့အနောက်ပေါက်မှ အသာလစ်ထွက်ခဲ့လိုက်တော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ် ထမင်းစားချိန်လောက်ရောက်တော့ သုံးယောက်လုံး ကန်တင်းမှ ထွက်လာခဲ့ကြသည်။ 'မမ' တို့ အခန်းရှေ့ရောက်တော့ အတန်းတောင်ပြီးသွားလေပြီ။ ရဲမာန်သွေး စိတ်ညစ်သွားသည်။ အခန်းထဲတွင် လူသိပ်မရှိတော့ချေ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ထမင်း အပြန်အလှန် ခွံ့ကျွေးနေကြသည့် အတွဲတစ်တွဲနှင့် နောက်ဆုံးခုံတွင် စားပွဲပေါ် မှောက်အိပ်နေသည့် ကျောင်းသားတစ်ယောက်သာ အခန်းထဲတွင် တွေ့ရလေသည်။ စိန်ပေါက်က . . .

"ရဲမာန် . . ဘယ်လိုလုပ်မလဲ . . ဘယ်သူမှ မရှိတော့ဘူး"

"အေးကွာ . . သွားပြီထင်တယ် . . အဲဒါ ဒုက္ခ . . ဒီနေ့ကျမှ အတန်းကလည်း ဘာလို့များ စောစောဆင်းသွားလဲ မသိဘူးကွာ . . ဒီမှာ ဆယ့်ငါးမိနစ်တောင် လိုသေးတယ် . . ."

ရဲမာန်သွေး လက်မှနာရီကို ကြည့်ပြီး စိတ်ညစ်ညစ်စွာ ပြောတော့ ဉာဏ်ကြီးက . . .

"ငါ မင်းကို ပြောသားပဲ . . စောစောသွားမယ် . . မင်းက အေးဆေးပါဆို . . ."





"ငါလည်း ဒီလိုဖြစ်မယ်မထင်လို့ပေါ့ကွ . . အဲဒါ အရေးမကြီးဘူး . . မမ မရှိတော့ဘူးဆိုတော့ ဆွဲခြင်းလည်း ယူသွားမှာပဲ . . သူတို့ ဘယ်ကန်တင်းသွားလဲ မသိဘူး . . ."

"ကန်တင်းသိတော့ရော ဘာလုပ်လို့ရမှာလဲ မင်းလိုက်သွားလည်း လူတွေရှေ့ပေါ်တင်ကြီး သွားထည့်လို့မှ မရတာ . . ."

စိန်ပေါက် ပြောလိုက်တော့ ရဲမာန်သွေး တစ်ချက်ငိုင်သွားသည်။ ပြီးတော့ အခန်းထဲကို ဟိုကြည့်ဒီကြည့်လုပ်သည်။ အတွဲနှစ်ယောက်ကတော့ သူတို့ကို ဂရုထားမိပုံတောင် မပေါ် သူတို့ဟာ သူတို့ မိုးမမြင်လေမမြင် ဖြစ်နေကြသည်။ အိပ်နေသည့် ကျောင်းသားကတော့ အထူးပြောဖို့ပင် မလိုတော့ . . ဟောက်တောင်နေလိုက်သေးသည်။

ရဲမာန်သွေး တစ်ချက်စဉ်းစားလိုက်သည်။ ဒီအချိန် သူ အခန်းထဲဝင်၍ ဆွဲခြင်းရှိမရှိ ရှာလျှင် အကောင်းဆုံးဖြစ်သည်။ မမက တကယ်လို့ ဆွဲခြင်းကို ယူမသွားဘဲ ထမင်းချိုင့်ပဲ သယ်လျှင် သယ်သွားနိုင်သည်။ ဆွဲခြင်းကြီး တကားကားနှင့် ကျောင်းထဲတော့ လျှောက်မသွားတန်ရာ။ အကယ်၍ သူထင်တာမှန်ခဲ့ရင် ပွဲကပြီးပြီ။ အေးအေးဆေးဆေး လှုပ်ရှားလို့ရသည်။ တွေးပြီး အချိန်ဆွဲမနေတော့ အခန်းထဲသို့ ဝင်လိုက်တော့သည်။

အတွဲနှစ်ယောက်မှ ကောင်မလေးက သူ့ကိုတစ်ချက် ခေါင်းထောင်ကြည့်၍ ဘာမှမထူးဆန်းသလို ပြန်နေသွားသည်။ သူ ဝင်ဝင်ချင်း ညာဘက်အစွန်ဆုံး (Roll) မှ ခုံတွေပေါ် လျှောက်ကြည့်သည်။ ဆွဲခြင်းနှင့်တူတာ ဘာမှမတွေ့။ ခုံအောက်ရှာသည် မတွေ့။ ဒုတိယ (Roll) ဘာမှ မထူးခြား။ နောက်ဆုံး (Roll) ကို ထုံးစံအတိုင်း စေ့စေ့စပ်စပ်ရှာသည်။

တွေ့လိုက်ပါပြီ။ နောက်ဆုံးတန်းမရောက်ခင် နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



မြောက် ခုံရဲ့အောက်မှာ ဆွဲခြင်းအနီလေး တစ်ခု၊ အုတ်နံရံနား ကပ်ထားသောကြောင့် သေချာကြည့်မှသာ မြင်နိုင်သည်။ သူတော်တော်ပျော်သွားသည်။ ပတ်ဝန်းကျင်ကို တစ်ချက်လေ့လာလိုက်သည်။ သူ့ကိုဘယ်သူမှ သတိမထားမိချေ။ ပုံမှန်အတိုင်းပဲ ဖြစ်သည်။ သူ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ စာကိုဆွဲခြင်းထဲထည့်ပြီး လျင်မြန်စွာပြန်ထွက်ခဲ့လိုက်တော့သည်။ သူ ပြန်အထွက် အတန်းရှေ့မှာ ကျောင်းသူတစ်အုပ် ဝင်လာတာနှင့် သွားတိုး၍ တစ်ချက်လန့်သွားသေးသည်။ သူ့ကိုတော့ ထိုကျောင်းသူများက ရှုတ်တရက်ဆိုတော့ စူးစမ်းသလိုလှမ်းကြည့်ကြ၏။ သူ ဣန္ဒြေဆည်၍ မူမပျက်ပြန်ထွက်လာခဲ့တော့သည်။

ဉာဏ်ကြီးနဲ့စိန်ပေါက်ကတော့ သူလှုပ်ရှားပုံကို ရင်တမမနှင့်ကော်ရစ်တာမှနေ၍ ပြတင်းပေါက်မှတစ်ဆင့် ကြည့်နေကြသည်။ သူ ပြန်ထွက်လာတော့ . . . .

"တော်သေးတာပေါ့ကွာ . . ခြင်းတောင်းရှာတွေ့သွားလို့ ငါတို့က မင်းကို စိုးရိမ်နေတာ . . တော်ကြာ မင်းက ခြင်းတောင်းထဲ စာထည့် . . မင်း မမရောက်လာတာနဲ့ သွားတိုးမှာစိုးလို့ . ."

"မင်းတို့က မမ အလာကို စောင့်ကြည့်မနေဘူးလား"

"ကြည့်တော့ ကြည့်တာပေါ့ကွ . . ဒါပေမယ့် တကယ်တမ်းလာနေတာတွေ့ရင်တော . . မင်းကို ဘယ်လို အသိပေးမလဲ။ လှမ်းအော်ရင်လည်း ကြားသွားမှာ . . ငါတို့ကို သူက သိနေတော့ အဝေးကြီးကတည်းက သတိထားမိနိုင်တယ်။ ပြီးတော့ ငါတို့ အမူအရာပျက်နေတာတွေ့ရင် သဘောပေါက်သွားမှာပေါ့ကွ . . ."

"ကဲပါကွာ . . အဲဒါတွေ တွေးမနေနဲ့တော့ . . အခု အားလုံး ပြီးပြီ . . သွားမယ် . . ."

သူ ပြောပြီး လှည့်ထွက်ခဲ့တော့သည်။





"ဟာ . . ဟေ့ကောင် . . ရဲမာန်သွေး . . ."

ခြေတစ်လှမ်းနှစ်လှမ်းပဲ လှမ်းရသေးသည်၊ သူ့နာမည်ခေါ်သံကြားလိုက်ရ၏။ စိန်ပေါက်တို့ ခေါ်သံတော့မဟုတ် . . .။

"ဟေ့ကောင် . . ဘာကြောင်နေတာလဲ . . ."

"ဟာ . . ကိုဆွေ . . ."

"အေး . . ကိုဆွေတွေ ဘာတွေ လုပ်မနေနဲ့ . . မင်းက ဒီကို ဘာလာလုပ်တာလဲ . . ."

"ဟဲ . . ဟဲ . . ဒီလိုပါပဲဗျာ . . ဒါနဲ့ ခင်ဗျားကရော"

"ငါ့သူငယ်ချင်းတစ်ယောက်ဆီ လာတာကွ . ."

"ဟုတ်လို့လားဗျာ . ."

သူ့ရဲ့ မချိုမချဉ်အကြည့်နဲ့ အမေးကို ကိုဆွေသဘောပေါက်စွာ ပြုံးပြီး . . .

"ငါက လာရမယ့်သူမရှိပါဘူးကွာ . . . ဟဲ . . ဟဲ . ."

သူ့ ပခုံးကိုပုတ်ပြီး ပြောပါသည်။ ကိုဆွေက သူတို့လမ်းထိပ်မှာ ဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင်ပိုင်ရှင်လူပျိုကြီးတစ်ယောက်ပေါ့။ ပျော်ပျော်နေတတ်ပြီး သူတို့နဲ့လည်း ရင်းနှီးနေသည်။ စိန်ပေါက်တို့နဲ့ ကိုဆွေ လေကျနေ၏။ တစ်ယောက်နဲ့တစ်ယောက် နောက်ပြောင်နေ၍ စကားစဖြတ်မရဖြစ်နေကြသည်။ အတော်ကလေး အချိန်ကြာလာတော့ သူစကားစ ဝင်ဖြတ်လိုက်ရသည်။ တော်ကြာ မမ တို့ရောက်လာလျှင် သူတို့ကို မိသွားမှာစိုးရသည်။ ဆင်ပြောင်ကြီး တစ်ကောင်လုံး ဝင်ပြီးမှတော့ အမြီးကျမှ အတစ်မခံနိုင်။

ကိုဆွေလည်း သူတို့ကို နှုတ်ဆက်ပြီး လှည့်ထွက်သွားသည်။ သုံးယောက်စလုံး အခုမှ သက်ပြင်းချ၍ လှည့်ထွက်မည်အလုပ်နောက်မှ ခေါ်သံကြားသည်။ သူတို့ သုံးယောက်လုံး လှည့်မကြည့်ခင်တက္ကသိုလ်တွင် ဒီလိုပဲ သူများခေါ်လည်း ကိုယ့်ခေါ်တယ်ဟု ထင်



www.burmeseclassic.com

www.burmeseclassic.com



တက်ကြသည်။ လှည့်ကြည့်၍ ကိုယ်မဟုတ်လျှင် အလောင်ခံရတတ်သည်၊ အတွေ့အကြုံအရ သုံးယောက်စလုံးခေါ်သံကို ဂရုမစိုက်ဘဲ ဆက်ထွက်ခဲ့သည်။ နှစ်လှမ်း၊ သုံးလှမ်းပဲ လှမ်းရသေး၏။

"ဒီမှာ . . ရှင့် . . ဒီမှာ . . ရှေ့က သုံးယောက် . ."

သုံးယောက်စလုံး တိုင်ပင်မထားဘဲ ရပ်လိုက်ကြသည်။ သူတို့ကို ခေါ်တာသေချာသလောက်ဖြစ်နေပြီ။ သူတို့တစ်ခါမျှ မကြားဖူးသော မိန်းကလေးတစ်ယောက်အသံ၊ သူအလျှင်ဆုံး လှည့်ကြည့်လိုက်၏။

မျက်ဝန်းထဲ ပထမဆုံးပေါ်လာသောအရာမှာ လက်ညှိုးလုံးလောက်ကြီးရှိ၍ ဗိုက်ထိရောက်အောင် တွဲကျနေသည့် ရွှေဆွဲကြိုးကြီးတစ်ကုံး၊ ထမင်းစားပန်းကန်ပြားလောက်ရှိသည့် မျက်နှာ၊ ဂေါ်လီလုံးလောက်ရှိသော မျက်လုံး၊ ကျွဲပေါက်လောက်ရှိသည့် ခန္ဓာကိုယ်၊ သပြေသီးရောင် ထနေသည့် အသားအရေ။ သူ ရုတ်တရက်လန့်သွားပြီး နောက်သို့ တစ်ချက် ဆုတ်လိုက်ရ၏။

"ရဲမာန်သွေး . . ဆိုတာ . . မောင်လေးလား . . ."

ခန္ဓာကိုယ်နှင့်မလိုက်အောင် သေးငယ်စူးရှသော အစ်တစ်တစ် အသံတစ်ချက် ထွက်လာသည်။ သူ့နာမည်ကို မေးနေသည်။ ဘာတွေလဲ . . .။

"ဟုတ် . . ဟုတ် . . ပါတယ် . . ."

"ဟင်း . . ခစ် . . ခစ် . . ခစ် . . ထင်တော့ ထင်သား မောင်လေး နေမှာပါလို့ . . ."

ရှက်ကိုးရှက်ကန်းနှင့် ညှုတုတုအသံကြီး ချက်ချင်းပြောင်းသွား၏။ အလို မယ်မင်းကြီးမကာ ရှက်နေပါလား။ ဘယ်လိုဖြစ်တာပါလိမ့်။ တွေးနေစဉ်မှာပင် မယ်ကုဝဏ် လေထိုးထားတဲ့ ပုံပေါက်နေသည့် သူ့ရှေ့ကဟာကြီးကပင် ဆက်ပြီး . . .





"မင်းက မမကို ပလူတိုဂြိုဟ်ပေါ်က ပုစဉ်းလေးနဲ့နှိုင်းလိုက်တာပေါ့ . . ဟုတ်လား . . ဟင် . . ."

ခန္ဓာကိုယ်သည် လေထဲမှာ မြောက်ခနဲဖြစ်သွား၏။ သူ့ရည်းစားစာထဲက စကားလုံးတွေကို ဒီမိန်းမကြီးပြောနေပြီ . . .

"မမ က ထင်တော့ထင်သား . . ဒါပေမယ့် သိပ်မသေချာလို့ . . လက်စသတ်တော့ မင်းက လူဆိုးလေးပဲ . . ."

ဘုရား . . ဘုရား သူ့ခေါင်းထဲတွင် အတွေးတစ်ခုလက်ခနဲ ဝင်လာချိန်တွင် ကမ္ဘာကြီးချာချာလည်သွား၏။ ဒါမျိုးဖြစ်တတ်သည်။ အကယ်၍ သူတွေးလိုက်သလို ဖြစ်လာခဲ့လျှင် . . ဒုက္ခတော့ အကြီးအကျယ်ရောက်ပြီ။ သူ ဟိုနှစ်ကောင်ကို စစ်ကူတောင်းသည့်အကြည့်နှင့် လှမ်းကြည့်လိုက်၏။ စိန်ပေါက်နှင့်ဉာဏ်ကြီးနှစ်ယောက်စလုံး၏ မျက်နှာများသည် ကြောက်မက်ဖွယ်တစ်စုံတစ်ရာ တွေ့လိုက်ရသည့်နှယ် သွေးဆုတ်ဖြူရော်နေသည်။ ပြီးတော့ အထိတ်တလန့် နောက်သို့ ရုတ်ခနဲ ဆုတ်သွား၏။ ဒီကောင်တွေ ဖက်တီးမကြီးထံမှာ တစ်ခုခု တွေ့သွားပုံရသည်။ သူလည်း ချက်ချင်းလှည့်ကြည့်လိုက်၏။

ဒိန်းခနဲ ဖြစ်သွား၏။

ဟင် . . အစကတည်းက တစ်ခုခု လွဲမှားနေပြီဟု ထင်သော်လည်း လက်တွေ့တွေ့လိုက်ရတော့ သူ့ခေါင်းတစ်ခုလုံး ချာလပတ်ယမ်းသွား၏။ သူ့ရှေ့က အတ္တပေါမကြီး လက်ထဲတွင် ကိုင်ထားသည့် အရာမှာ သူ့စာအိတ်လေးပင် . . သွားပြီ . . သူ ခြင်းတောင်းမှားထည့်မိပြီ . . အတ္တပေါမကြီး သူ့ရှေ့သို့ တစ်ချက်တိုးကပ်လာ၍ . . .

"ဟင်း . . ဟင်း . . မင်းကို တို့အရင်တစ်ပတ်ကတည်းက အတန်းရှေ့မှာ ရစ်သီရစ်သီ လုပ်နေတာမြင်မိသား။ ဒါပေမယ့် တို့ မထင်ခဲ့ဘူး မောင်လေးရယ် . . အခုတော့ မင်းက တို့နှလုံးသားထဲကို လုပ်နိုး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . မ . . မဟုတ်ဘူးဗျ . . ဒါ . . ဒါ . . ကျွန်တော်"

"အို . . ရှက်မနေပါနဲ့ ကောင်လေးရယ် . . တို့က ပွင့်လင်းပါတယ် . . ."

အောင်မယ်လေး ပွင့်လင်းတယ်ဆိုပဲ ကယ်ကြပါဦးဗျာ . . ဒါကြီးနဲ့ ကျွန်တော် ဘယ်လိုစခန်းသွားရမလဲ . . သူ ခေါင်းကုတ်လိုက်၊ ဖင်ကုတ်လိုက်နှင့် ဘာပြောလို့ ပြောရမှန်းမသိတော့ အသံတွေပါ တုန်လာသည်။ ဖြစ်နိုင်လျှင် ချုံးပွဲချ ငိုချပစ်လိုက်ချင်သည်။ ဒါပေမယ့် အခုမှတော့ မတတ်နိုင်တော့ အတတ်နိုင်ဆုံး ရှင်းပြရတော့မည်။ မရှင်းပြလျှင်လည်း ရမယ့်ကိစ္စမဟုတ်။ ဒါကြီးနဲ့တော့ မဖြစ်ပေ။

"မဟုတ်ဘူး . . ဝတုတ်ကြီးရေ . ."

"ဘာ . . ."

"အဲ . . အဲ . . ဟို . . မ . . မမ လို့ပြောတာပါ ယောင်လို့"

ရင်ထဲက ရှိရင်းစွဲ စကားလုံးတွေ အမှန်အတိုင်းထွက်သွားလို့ မနည်းပြင်ယူလိုက်ရသည်။

"ဒီလိုပါ . . မမ . . . ဒါ . . ဒါ . . မမကို မဟုတ်ဘူး"

"ဘာ . . ဘယ်လို . . မင်းက တို့ခြင်းတောင်းထဲကို ထည့်ပြီးတော့ တို့ကို မဟုတ်ဘူးဆိုတော့ ဘာသဘောလဲ . . မင်း . . တို့ခြင်းထဲကို ဒီစာထည့်တာ တို့သူငယ်ချင်းတွေ မြင်တယ် . . မယုံရင်ကြည့်"

ပြောပြီး နောက်လှည့်ကာ သူ့သူငယ်ချင်းတွေကို လှမ်းခေါ်တော့သည်။ ပြဿနာက ပိုရှုပ်လာပြီ။ မဟုတ်မချင်း ရပ်မယ့်ပုံ သိပ်မမြင်တော့။ ခဏနေတော့ သူငယ်ချင်းသုံးယောက်လောက် ရောက်လာကြ၏။ သူနဲ့ အခန်းရှေ့မှာ တွေ့လိုက်တဲ့သူတွေထင်သည်။

"ဟုတ်တယ် . . တုံ . . ဒီချာတိတ်ပဲ . . တုံ့ခြင်းထဲကို သူကိုယ်တိုင် စာထည့်သွားတာ။ ငါတို့ ကိုယ်တိုင်တွေ့တယ် . . "





အဲဒီ သုံးယောက်ထဲက တစ်ယောက်ကလည်း ပြောရော ကျန်တဲ့နှစ်ယောက်ကပါ ထောက်ခံ၏။ ဘဝတော့ ဆုံးပြီ။ မဟာပထဝီမြေကြီးသည် ကမ္ဘာပျက်မတတ် သွက်သွက်ခါသွားသည်ဟု ထင်လိုက်ရသည်။ တဖြည်းဖြည်း သူတို့ကို ဂရုစိုက်လာတဲ့လူလည်း များလာတာ တွေ့လိုက်ရ၏။ ကျောင်းသူလေးယောက်လောက်နဲ့ သူတစ်ယောက်တည်း အငြင်းအခုန် ဖြစ်နေတာကို တော်တော်များများ စိတ်ဝင်စားလာကြပြီ။

တချို့လမ်းသွားလမ်းလာများက ရပ်၍ပင် မသိမသာကြည့်နေကြပြီး ကြာလျှင် မလွယ်တော့ . . ဒီကိစ္စ မြန်မြန်ဖြတ်မှ ဖြစ်တော့မည်။ သူတစ်ကိုယ်လုံးလည်း ချွေးတွေနဲ့ရွှဲနေပြီ။ မြင်မကောင်းတော့။

"ဒီ . . ဒီလိုပါဗျာ . . ကျွန် . . ကျွန်တော် ခြင်းတောင်းမှားထည့်တာပါဗျာ . . မ . . မမ . . ကိုပေးတာ မဟုတ်ပါဘူး . . ယုံ . . ယုံပါ မမရယ် . . ဘုရားပေး . . ပေး . . ကျမ်းပေးပေးပါ . ."

သူ့အသံက ငိုသံပါ ရောပါလာတာ ကိုယ့်ကိုယ်ကိုယ်သိသည်။ တကယ်လည်း ကြောက်စိတ်က ငယ်ထိပ်ရောက်နေပြီ . .။

"မင်းဟာမင်း ဘုရားပဲ ပေးပေး . . ကျမ်းပဲ ပေးပေး တို့နဲ့မဆိုင်ဘူး။ မင်း မလိမ်နဲ့။ မင်းကို တို့စောင့်ကြည့်နေတာကြာပြီ။ လွန်ခဲ့တဲ့ အပတ်ကတည်းက မင်း တို့အတန်းရှေ့လာပြီး တို့ကိုလာကြည့်နေတာ တို့သိတယ်။ မင်း အခုမှ လက်ပူးလက်ကြပ်မိလို့ လိမ်မယ် မစဉ်းစားနဲ့။ ဒီမယ် ကောင်လေး ယောကျ်ားဆိုတာ လုပ်ရဲရင်ခံရဲရတယ် . . ဘာဖြစ်လဲ . . မင်း တို့ကိုချစ်ရင် ချစ်တယ်ပေါ့ . . ကောင်လေးရယ် . . စိတ်ကူးမလွဲပါနဲ့ . . တို့ရဲ့ အသည်းနှလုံးဟာ . . တစ်သက်မှာ တစ်ခါ . . ."

"ဟာ . . မ . . မဟုတ်ဘူးဗျာ . . မဟုတ်ဘူး . . ကျွန်တော်ပြောတာ အမှန်ချည်းပါပဲဗျာ . . ယုံပါဗျာ . ."



www.burmeseclassic.com

www.burmeseclassic.com



ရဲမာန်သွေး မရတော့သည့်နောက်ဆုံး လက်အုပ်ကလေး ချီကာ တောင်းပန်လိုက်သည်။ တစ်ကိုယ်လုံးလည်း ဆတ်ဆတ်တုန် နေပြီး စိန်ပေါက်နဲ့ညက်ကြီးကတော့ ကြောက်လွန်းလို့ထင်သည် တစ်ယောက်လက်တစ်ယောက်ကိုင်ကာ ယောင့်တစ်နေရာမှာ ပြား နေအောင် ကပ်နေတော့၏။ စိန်ပေါက်ဆို အောက်မေးနဲ့ အပေါ် မေးရိုးပါရိုက်နေပြီ။ သို့သော် အတ္တပေါမကြီးက နည်းနည်းလေးမှ မရပေ။ အခုလည်း လူပုံအလယ်မှာ လူတော်တော်များများ သိကုန် ပြီမို့ . . မထူးဇာတ်ခင်းတော့မည့်ပုံ ထင်သည်။

"မရဘူး . . မင်း ဘယ်လိုပြောပြော . . ဒီစာက တို့ကိုပေး တယ်ဆိုတာ ဒီကလူတွေ အားလုံးသိတယ် . . မင်း ဘာလိမ်ချင်သေး လဲ . . ဒီမှာ မောင်လေး . . မိန်းမတစ်ယောက်ရဲ့အရှက်နဲ့သိက္ခာကို မင်းဒီလို လွယ်လွယ်လေးခွဲလို့ရမယ် ထင်လား . . ဒီမှာ ခင်တုံတုံချစ် တဲ့ နာမည်တစ်လုံးနဲ့နေတာ . . ပျော့ရင် ဖယောင်း၊ မာရင် သံချောင်း ဟေ့ . . ."

ပြဿနာကတော့ အထွတ်အထိပ်ရောက်ပြီ။ ရဲမာန်သွေး တုန်ရုံတင်မက တစ်ကိုယ်လုံး ပြာပါဆင်းလာသည်။ အတန်းပြန်စ ခါနီးမို့ လူတွေလည်း များလာပြီ။ ဒုက္ခပဲ . . သူ ကော်ရစ်တာအစကို အမှတ်မထင် ကြည့်မိလိုက်၏။

ဟာ . . ရင်တစ်ခုလုံး ဗြောင်းဆန်သွားသည်။ မျက်လုံးနှစ် လုံးစလုံး ပြာဆင်းသွား၏။ သူ 'မမ' လျှောက်လာတာ တွေ့လိုက်ရ သည်။ မမက သူတို့လူအုပ်ကို စူးစမ်းသည့်သဘောနှင့် လှမ်းကြည့် နေသည်။ လက်အုပ်ကလေးချီပြီး တစ်ကိုယ်လုံး ချွေးတွေနှင့်ဆတ် ဆတ်တုန်ကာ ခင်တုံတုံချစ်ရှေ့တွင် ရပ်နေသော သူ့ကိုတွေ့တော့ ရုတ်တရက် မှင်တက်သွား၏။ ပြီးတော့ အံ့သြသွား၏။ နောက်ဆုံး





အခန်းဝတွင် ရပ်ကြည့်နေကြသော သူများကို သွားမေးနေလေတော့ သည်။

ဘဝတွင် တစ်ခါမှ အဲဒီလောက် အရှက်မကွဲဖူးပေ။ ဒီ လောက် အကျဉ်းအကျပ်ထဲလည်း လုံးဝမရောက်ဖူးခဲ့။ အခုမှ ဘာ မဟုတ်သည့်ကိစ္စလေးက အမှိုက်စ ပြာသဒ်မီးလောင်ကိန်းဆိုက်နေ လေပြီ။ သူဖက်တီးကြီးကို အစွမ်းကို တောင်းပန်သည့်အကြည့်နှင့် ကြည့်လိုက်၏။ သို့သော် မထူးခြား သူ့ကိုပဲ စိမ်းကားရွှန်းလဲ့မှုတို့ ပေါင်းစပ်ထားသော မျက်လုံးနှင့် ပြန်ကြည့်ပြီး . . .

"ဒီမှာ . . မောင်လေး . . မင်း . . ဒီကိစ္စ ဘယ်လိုရှင်းမလဲ"

"ကျွန်တော် ဘယ်လိုရှင်းရမလဲဗျာ . . မဟုတ်ဘူးဆို မဟုတ် ဘူးပေါ့ဗျာ . . ဒါ ခင်ဗျားကို ပေးတာ မဟုတ်ဘူး . ."

ရဲမာန်သွေး အသံနည်းနည်းမာသွား၏။ ဒေါသလည်း တော် တော်ထွက်သွားသည်။ ဒီလောက် မဟုတ်ဘူး တောင်းပန်နေတာ တောင် မရတဲ့မိန်းမကြီးကို အစိမ်းလိုက်ဝါးစားချင်စိတ်ပေါက်သွား ၏။ သူ့အသံ နည်းနည်းမာသွားတော့ ဖက်တီးမကြီး တစ်ချက်တွန့် သွားပြီး . . .

"ဒါဆို . . ငါ့ကို ပေးတာမဟုတ်ဘူးဆို . . ဘယ်သူ့ကို ပေး တာလဲ . ."

"အဲ . . ."

သူ ဘာပြန်ဖြေရမှန်း မသိဖြစ်သွား၏။ မနန်းအိန္ဒြေထွန်း ခေါင်ကို ပေးတာဆိုပြီးတော့လည်း လူကြားထဲမှာ မဖြေရဲ။ တစ်ရှက် ကနှစ်ရှက် ထပ်ကွဲမည်။ မဖြေပြန်ရင်လည်း ဒုက္ခရောက်မည်။ သူ ဆုပ်လည်း ဆူး၊ စားလည်း ရှူး အဖြစ်ရောက်သွားပြီး အဲဒီအချိန်မှာ ပဲ ဘယ်က ဘယ်လို ရောက်လာမှန်းမသိ။ ဆရာမတစ်ယောက် ရောက်လာတော့၏။



www.burmeseclassic.com

"ဟဲ့ . . လူတွေ စုရုံး၊ စုရုံးနဲ့ ဘာဖြစ်နေတာလဲ . . သွား . . သွားစမ်း . . ကိုယ့်အခန်းကို ကိုယ်ဝင်ကြစမ်း . . ."

ဆရာမပြောပြီး သူတို့အနားရောက်လာတော့ သူတို့ကိုကြည့်ပြီး ကြောင်သွား၏။ ဖက်တီးမကြီးလည်း ဘယ်လိုဖြစ်တယ်မသိ ဆရာမကို မြင်တာနဲ့ 'ဆရာမ သူသမီးကို' ဆိုပြီး သူ့ကိုလက်ညှိုးထိုးကာ အိခနဲ ငိုချလိုက်ပါတော့သည်။ လူတွေလည်း တော်တော်များလာပြီ။ အုံးအုံးကျွက်ကျွက်လည်း ဖြစ်နေပြီ။ ပွဲက တဖြည်းဖြည်းကြမ်းလာ၏။ သူ့ဘဝတော့ ဒီနေ့စုတ်ပြတ်သပ်အောင် ပျက်ပြီဆိုတာ နားလည်လိုက်ချိန်မှာ အတ္တပေါမကြီးက ဆရာမကို တတွတ်တွတ်နှင့် ဖြစ်ကြောင်းကုန်စင်ကို ငိုယိုတိုင်တန်း နေပါတော့သည်။ နောက်ဆုံးတော့ မော်ကွန်းထိန်းရုံးခန်းသို့ အခစားဝင်လိုက်ရပါတော့၏။



နန်းအိန္ဒြေထွဋ်ခေါင်သည် ပထမကြားကြားချင်း ကိုယ့် နားကိုယ် မယုံကြည်အောင်ဖြစ်သွား၍ နောက်တစ်ခါ ထပ်မေးလိုက်ရသည်။

"ဟုတ်ရဲ့လား သူဇာရယ် . . နင်ကလည်း . . သေချာသိလို့လား . ."

"ဟယ် . . သေချာပါတယ် နန်းရယ် . . ငါက ဘာကိစ္စနင့်ကို ညာရမှာလဲ . . နင် မယုံရင် ဒီကလူတွေမေးကြည့် အကုန်လုံး သိနေတဲ့ကိစ္စ. ."

သူဇာဆိုသည့် ကောင်မလေးကလည်း သူကြားသမျှ အကုန်ပြန်ပြော၏။ နောက်ဆုံးတော့ နန်းအိန္ဒြေထွဋ်ခေါင် သူ့မျက်စိရှေ့တွင် လက်တွေ့မြင်လိုက်ရ၍ ယုံလိုက်ရသည်။ ရဲမာန်သွေးဆိုတဲ့ ခပ်ချောချော ကောင်လေးတစ်ယောက်က သူတို့အတန်း၏ ကွင်း (လူတကာကွင်း,ကွင်းသွား၍နာမည်ပေးထားခြင်းပင်) ခင်တုံတုံချစ်ကို ရည်းစားစာပေးသည်တဲ့။

သူ့မျက်စိထဲတွင် ရဲမာန်သွေးဆိုသည့် ကောင်လေးနှင့်ခင်တုံတုံချစ်ကို ယှဉ်တွဲမြင်ယောင်ကြည့်လိုက်သည်။ တစ်ယောက်က ချော

www.burmeseclassic.com



ချောငယ်ငယ်လေး။ တစ်ယောက်က မည်းမည်းဝဝ၊ လုံးလုံး၊ ထောင်ထောင်မောင်းမောင်းကြီး ဘယ်လိုမှ အဆီအငေါ်မတည့်ချေ။ ရာဝင်အိုး ဖားကပ်သလိုဖြစ်နေ၏။ တွေးပြီး ရယ်လိုက်မိသေးသည်။ ဒီကောင်လေး ဘယ်လိုဖြစ်တာလဲ သူ့ရုပ်ရည်လေးနှင့် ကြိုက်စရာ ဒီလောက်ရှားသွားသလား မသိပေ။ အလိုလိုနေရင်း ကောင်လေးကို နှမြောသလိုလိုဖြစ်သွား၍ ကိုယ့်ကိုယ်ကိုယ် အံ့သြမိသေးသည်။

ဒီကောင်လေး သူ့ကုမ္ပဏီမှာ အလုပ်လာလျှောက်သေးသည်။ အရင်ကလည်း တစ်ခါနှစ်ခါလောက် သူ့နောက်လိုက်ဖူးတာတွေ့ရ၏။ အလုပ်လာလျှောက်တော့မှ သူသေသေချာချာသိလိုက်ရသည်။ လူရည်သန့် ချောချောလေး။ ချမ်းသာသည့် မျိုးရိုးမှ ဆင်းသက်လာသူလေးပါ။ သူ ကားပျက်နေတုန်းကလည်း ကူညီခဲ့ဖူးသည်။ သူ့ကိုတောင် အတန်းရှေ့လိုက်ပို့ဖူး၏။ ဘာကြောင့်မှန်းမသိ သူ ကောင်လေးကို မြင်မြင်ချင်း ခင်မိတာတော့ အမှန်ပင်။ ပွင့်လင်းရိုးသား၍ တစ်ခါတလေ အူကြောင်ကြောင်နိုင်လှသော ကောင်လေးကို သူ အသိအမှတ်ပြုမိသည်။

အရင်အပတ်တုန်းကလည်း သူ့အတန်းရှေ့မှာ ကောင်လေးကို လှစ်ခနဲ တွေ့လိုက်မိသေးသည်။ အဲဒီတုန်းက သူ့ကိုလာကြည့်တာဟု ထင်လိုက်သေး၏။ အတန်းဆင်းတော့ ပျောက်သွားသည်။ ပြောမယ့်သာပြောတာ အရင်ကတည်းက ဒီကောင်လေး သူ့ကို ကြိုးစားနေတာပဲလို့ ထင်ထားမိတာ။ နောက်တော့ ကောင်လေးက သူ့ကို တခြားသူတွေလိုမျိုး တစ်ခါမှ လိုက်စကားပြောတာမျိုး၊ ချဉ်းကပ်တာမျိုး မလုပ်လာလို့ သူတောင် အံ့သြမိသေး၏။

အခု ဘယ်လိုဖြစ်သွားတယ်မသိ။ ကောင်လေးလိုက်နေတာ ခင်တုံတုံချစ်တဲ့။ မယုံလို့လည်း မဖြစ်ချေ။ ကောင်လေးက ခင်တုံတုံချစ်ကို ရည်းစားစာပေးလို့ ပြဿနာတွေတက်ပြီး မော်ကွန်းထိန်းဆီ





www.burmeseclassic.com

တောင် ပါသွားပြီ။ နန်းအိန္ဒြေထွင့်ခေါင် တစ်ယောက် လက်ဆုပ်ကလေးချီပြီး ခင်တုံတုံချစ်ကို တောင်းပန်နေသည့် ကောင်လေးမျက်နှာကို မြင်ယောင်မိပြီး ဘာကြောင့်မှန်းမသိ ရင်ထဲမှာ အကြိတ်အခဲတစ်ခု ဖြစ်လာသည်။ ခင်တုံတုံချစ်ကိုလည်း သူ့ရုပ်သူ့ရည်နဲ့ အဖြစ်သည်း လိုက်တာဆိုပြီး ရင်ထဲမှာ ဒေါသဖြစ်သွား၏။ အရင်က ကောင်လေး သူ့ကိုကြည့်ဖူးသည့် ချစ်မျက်ဝန်းစိုစိုတွေကို သတိရလာသည်။ သူ ယောက်ျားတစ်ယောက်အပေါ် ဒီလောက်ပဲ လူကဲခတ်ညံ့သွားပြီလား။ ကိုယ့်ကိုချစ်နေသည်ဟု တစ်ထစ်ချယုံကြည်ထားသူက အခုတော့ တွေးထင်သမျှတွေ ဆိန့်ရေဖြစ်သွားသည်။ သူ့ကိုယ်သူလည်း ဒေါသဖြစ်လာ၏။ ရှက်လည်း ရှက်သွားသည်။ ဘယ်လိုဖြစ်တယ်မသိ။ နန်းအိန္ဒြေထွင့်ခေါင်တစ်ယောက် ဒီနေ့ လူတိုင်းကို မကျေမနပ်ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မော်ကွန်းထိန်းရုံးခန်းတွင်ဖြစ်သည်။ ရဲမာန်သွေး၊ စိန်ပေါက်၊ ဉာဏ်ကြီးနှင့် ခင်တုံတုံချစ်တို့ မော်ကွန်းထိန်းရှေ့တွင် တန်းစီမတ်တတ်ရပ်နေကြသည်။ မော်ကွန်းထိန်းလည်း အကြောင်းစုံသိပြီးဖြစ်သည်။ ရယ်လည်း ရယ်ချင်သွားသည်။ သို့သော် ခွက်ထိုးခွက်လန် အော်မရယ်ပါ။ ပြုံးရုံသာပြုံးပြီး ခပ်တည်တည်ပဲနေပါသည်။ ခဏကြာတော့မှ ရဲမာန်သွေးတို့ကိုကြည့်ပြီး . . .

"မင်းတို့လည်း တက္ကသိုလ်ကျောင်းသားတွေဖြစ်နေပြီ . . လူကြီးတွေဖြစ်နေလို့ ဆရာယူဆတယ် . . အခုလို ပြဿနာမျိုးကို ဆရာ့အနေနဲ့ မင်းတို့ကို ဒီလိုဆုံးမနေရမယ့်အရွယ်လည်း မဟုတ်တော့ဘူး . . မင်းတို့မှာ ကိုယ့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိတဲ့အရွယ်တွေဖြစ်တဲ့အတွက် ဒီလိုကိစ္စမျိုးကို ဆရာ မပါချင်တာအမှန်ပဲ။ ဒါပေမယ့် အခုတော့ မင်းတို့တွေ တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေဖြစ်ပြီး ကျောင်းထဲမှာ သရုပ်ပျက်တဲ့အထိ ရောက်လာတာတော့ ဆရာ လက်မခံဘူး . . .





မော်ကွန်းထိန်းကပြောရင်း ရဲမာန်သွေးတို့ကို တစ်ချက်ကြည့်ပြီး ပြောလက်စစကားကို ခဏရပ်လိုက်၏။ ပြီးမှ ဆက်ပြီး . .

"ဆရာပြောတာ . . သဘောပေါက်ရဲ့လား . ."

"ပေါက်ပါတယ် ဆရာ . . ."

လေးယောက်စလုံး ပြိုင်တူဖြေလိုက်ကြသည်။

"ကဲ . . အဲဒါဆို . . ဒီက သမီးဘက်က မကျေနပ်တာရှိရင်လည်း ကိုယ့်ကျောင်းသူ/ကျောင်းသားချင်းတွေလို သဘောထားပြီး ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်ပေါ့ . . ဒီကကျောင်းသားကိုလည်း ဆရာ ဝန်ခံကတိလက်မှတ်ထိုးခိုင်းလိုက်ပါ့မယ် . ."

ဆရာက ပြဿနာကို အရိုးရှင်းဆုံးနဲ့ အသက်သာဆုံးဖြစ်အောင် စီမံပေးသည်။

ဒါပေမယ့် ခင်တုံတုံချစ်ဆိုတဲ့ အတ္တပေါမကြီးက အဲဒီအချိန်လည်းကျရော ချော်လဲရောထိုင် ဝင်လုပ်တော့တာပဲ . . ပြောပုံကိုကြည့် . . .

"ရပါတယ် ဆရာ . . သမီးကို သူ နောက် မနှောင့်ယှက်တော့ရင် ပြီးတာပါပဲ"

တဲ့ လုပ်ပုံက ကိုယ်ကပဲ သူ့ကို ရည်းစားစာ အမှန်တကယ်ပေးခဲ့သလိုလို၊ သူက စာပေးတာကို မကျေနပ်လို့ပဲ ရုံးခန်းရောက်လာသလိုလို ဝင်လုပ်၏။ သူ့စိတ်ထဲမှာ ခင်တုံတုံချစ်ကို ခွေးခေါင်းမားစက်လို ဟာကြီးနဲ့ အကြိမ်တစ်ရာလောက် လည်လှီးပစ်လိုက်၏။ ဒါပေမယ့် သူ့ဘာမှ စောဒက မတက်ရဲပေ။ ဒီပြဿနာပြေလည်သွားဖို့ အရေးကြီးသည်။ ဒီလောက်နဲ့ပြေလည်သွားတာကိုပဲ တော်တော်စိတ်ချမ်းသာသွားပြီး မော်ကွန်းထိန်းဆီတွင် ခံဝန်ကတိလက်မှတ်ထိုး၍ ပြန်လာခဲ့လိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမာန်သွေး မော်ကွန်းထိန်းရုံးခန်းတွင် ပြဿနာ ဖြစ်သည့် နေ့မှစ၍ အိမ်တွင်းအောင်းနေလိုက်သည်။ အပြင်လည်း ထွက်ချင်စိတ် မရှိတော့သလို၊ မမရှိရာ ကျောင်းသို့လည်း ခြေဦးတောင် မလှည့်ရဲတော့ပေ။ နောက်ဆုံး စိန်ပေါက်တို့နဲ့တောင် အဲဒီနေ့ပြန်လာပြီး ကတည်းက မတွေ့ဖြစ်။ အဲဒီနေ့ကအကြောင်းကို တွေးမိတိုင်း ရှက်မိ သည်။ စဉ်းစားကြည့်တိုင်း တစ်ယောက်တည်းရှိနေချိန်မှာ တောင် ကိုယ့်မျက်နှာကိုယ် ပြန်မကြည့်ရဲအောင် ရှက်သည်။ ပိုးစိုးပက်စက် ရှက်သည်။ ကိုယ့်ကိုယ်ကိုယ် သတ်ပစ်ချင်လောက်အောင် ရှက်သည်။ သူဖြစ်သွားသည့်ကိစ္စသည် အသေးအဖွဲ့ဟု မဆိုသာသော်လည်း သိပ် မထူးဆန်းသောကိစ္စပင်။ ထိုကိစ္စနှင့်သူ တိုင်းကျော်ပြည်ကျော် အရှက် ကွဲခဲ့ရသည်။ သူ့ကို မမတို့ တစ်ခန်းလုံးက ဘယ်လိုထင်မလဲ။ အဲဒီ ခင်တုံ့တုံ့ချစ်ဆိုတဲ့ ဘီလူးမကို၊ မိုးကြိုးပစ်ထားတဲ့ ရုပ်ပေါက်နေတဲ့ ဟာကြီးကို ရည်းစားစာပေးသူဟု ထင်မှာကျိန်းသေပင်။ အခုတော့





ဘယ်လို ရှင်းပြပြ သူ့ကိုယုံကြမည် မဟုတ်ပေ။ ပြဿနာဖြစ် သည့်နေ့ ကလည်း သူ့အမှန်အတိုင်း လူလယ်ခေါင်မှာ ဖွင့်ပြောလို့ မဖြစ်သည့် အကြောင်းတွေကြောင့်သာ ဟိုဟာမကြီးလုပ်သမျှ ငြိမ်ခံခဲ့ရသည်။ အဲဒီနေ့က သူ့ကိုကြည့်နေသည့် မမရဲ့ တအံ့တဩ အကြည့်လေးတို့ အခုထိ မမေ့နိုင်သေးပေ။ ရက်စက်လိုက်တာ ခင်တုံ့တုံ့ချစ်ရယ် . . ခင်ဗျားကြီးကို အသည်းထဲမှာ စွဲသွားတာပဲ။ လုပ်ရက်ပါပေ့ဗျာ . .။

ရဲမာန်သွေး စိတ်ညစ်ညစ်နှင့် (၃)ယောက်ထိုင် ဆိုဖာခုံပေါ် တွင် လူးလိမ့်နေမိတော့သည်။ ထိုအချိန်မှာ ဧည့်ခန်းထဲသို့ ဦးတောက်ထွန်းတစ်ယောက် စာအုပ် တစ်အုပ်ကိုင်ကာ ထွက်လာသည်။ သူ့သား ကို တစ်ချက်ကြည့်ပြီး ခုံတစ်လုံးတွင် ဝင်ထိုင်၏။ ရဲမာန်သွေးကတော့ သူ့အဖေ ဝင်ထိုင်တာတွေ့သော်လည်း မသိချင်ယောင်ဆောင်နေ လိုက်၏။ သိချင်ယောင်ဆောင်ပြီး နှုတ်ဆက်နေလျှင် စကားပြောနေ ရဦးမည်။ သူ ဒီအချိန်မှာ ဘယ်သူနဲ့မှ စကားမပြောချင်ပေ။ သို့သော် သူက မပြောချင်သော်လည်း ဦးတောက်ထွန်းက ပြောချင်နေသည်။

"ဟေ့ကောင် . . ရဲမာန်သွေး . . မင်းပုံစံက ဘာဖြစ်နေတာ လဲ . . ဘိန်းစားလို ခွေခွေခေါက်ခေါက်နဲ့ မတ်မတ်ထိုင်စမ်း . ."

ဦးတောက်ထွန်း စကားကြားတော့ ရဲမာန်သွေး မထိုင်ချင့် ထိုင်ချင်နှင့် ထိုင်လိုက်ရသည်။ ဒီလောက်နဲ့ မပြီးသေးပေ။

"ဟေ့ကောင် . . ငါ့ကို တည့်တည့်ကြည့်စမ်း . . ."

တစ်သက်လုံးမြင်တွေ့လာရသည့် မျက်နှာကို တခမ်းတနား ကြည့်နိုင်းနေပြန်သည်။ ရဲမာန်သွေး သူ့ပြောသလို တည့်တည့်ကြည့် ပေးလိုက်တော့မှပဲ စကားဆက်တော့သည်။

"ဒီမှာ . . မင်းကို ငါလေ့လာနေတာ ကြာပြီ . . ဘိန်းစား ဆေးပြတ်သလို ဘာဖြစ်နေတာလဲ. . ကျောင်းသွားတာလည်း မတွေ့ ဘူး . . ဘာလဲ ထွင့်ခေါင် သမီးနဲ့ ပတ်သက်နေပြန်ပြီလား . ."



www.burmeseclassic.com

www.burmeseclassic.com



ရဲမာန်သွေး ထိတ်ခနဲဖြစ်သွားသည်။ ဒီကိစ္စ သူ့အဖေသိသွားလျှင် မလွယ်။ သိလို့လည်း မဖြစ်ပေ။ ဒါကြောင့် ကမန်းကတန်းပင် ..

"ဟာ .. မဟုတ်ပါဘူး အဖေရာ .. သား နေမကောင်းလို့ပါ .."

"နေမကောင်း .. ဆေးခန်းသွားပြပေါ့ကွ .. အခု မင်းပုံစံက နေမကောင်းတာနဲ့ မတူဘူး .. ဒီမှာ ရဲမာန်သွေး မင်းကို ငါ မွေးထားတာပါကွ .."

ဘာမဆိုင် ညာမဆိုင် မဏ္ဍပ်တိုင်တက်ပြနေပြန်ပြီ .. ဘယ်သူက သူ့မွေးထားတာ မဟုတ်ဘူးဟု ထင်ကြေးပေးသွားလဲ မသိပေ။ အဲဒီနောက် ဦးတောက်ထွန်း အသံဆက်ထွက်လာပြန်သည်။

"ငါလည်း ငယ်ရာကကြီးလာတာပါ .. မင်း ဘာဖြစ်နေသလည်းဆိုတာ ငါရိပ်မိတယ် .. ဒီမှာ မိန်းမကိစ္စနဲ့ပတ်သက်ပြီး မင်း ဘဝလမ်းကြောင်း ပျောက်ပစ်မယ်ဆိုရင်တော့ .. အခုကတည်းက အိမ်ပေါ်ကဆင်းတော့ .. ငါ့သားလို့ပြောရမှာ ရှက်တယ် .."

မြွေပူရာကင်းမှောင့်ဆိုသောစကားကို သူလက်ခံသွားသည်။ အဖေ လေသံဖမ်းတရားနာကာ သူ့ကို ဦးထွင်ခေါင် သမီးကြောင့်လို့ ထင်ပြီး အသားလွတ် လာဟောနေတော့သည်။ အမှန်တကယ်တော့ မမနှင့် သိပ်မဆိုင်ပေ။ သူ့ဟာသူ မဆင်မခြင် ရှူးကြောင်ကြောင် သွားလုပ်လို့ တလွဲတချော်တွေဖြစ်ပြီး စိတ်ညစ်နေရတာ အဖေ မသိပေ။ ထင်ရာစွတ်ပြောနေတော့သည်။ (လူကြီးတွေ တစ်ခါတစ်ရံ တော်တော်ပြောရဆိုရ ကြပ်သည်)

ရဲမာန်သွေး သူ့အဖေကို ဘာမှဆက်ပြောမနေတော့ဘဲ ဦးတောက်ထွန်းရှေ့မှ ခပ်ဆိတ်ဆိတ်ထွက်လာခဲ့တော့သည်။ အိမ်ရှေ့ရောက်တော့ ဘယ်သွားလို့ သွားရမှန်းမသိဖြစ်သွား၏။ ပြီးမှ အိမ်





မှာလည်း နေချင်စိတ်မရှိ၍ လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့တော့သည်။

"ဘာသောက်မလဲ အစ်ကို .."

"ကျဆိမ့်တစ်ခွက် လုပ်ကွာ .."

ပြီးမှ ဆာသလိုလို ဖြစ်လာ၍ ...

"နန်းကြီးသုပ် တစ်ပွဲပါလုပ် ..."

စားပွဲထိုးလေးက လက်နောက်ပစ်၍ ...

"ဘာကြော်ထည့်မလဲ အစ်ကို .."

သူလည်း ပထမတော့ ကြောင်သွားသည်။

"အေး .. ဘာကြော်တွေရလဲ .."

"ပဲကြော် .. ဘူးသီးကြော် .. မန္တလေး .."

"ဟာ .. ဟေ့ကောင် .. နန်းကြီးသုပ်က အကြော်ထည့်စားရတာမှ မဟုတ်တာ ..."

သူလည်း စိတ်တိုတိုနှင့် အော်ပစ်လိုက်သည်။ ကောင်လေး ဖင်ကုတ်ခေါင်းကုတ်နဲ့ ...

"အဲ .. ဟို .. ကျွန် ... ကျွန်တော်က လူသစ်မို့လို့ပါ"

"မင်း လူသစ်ဖြစ်တာနဲ့ ငါ အကြော်ထည့်စားရမှာလားကွ"

ကောင်လေး အူတူတူဖြစ်သွား၏။ ခဏနေတော့မှ လူဟောင်းစားပွဲထိုးကောင်လေးတစ်ယောက် ရောက်လာ၍ ...

"ဟာ .. ဟေ့ကောင် .. မင်း သွား .. သွား .. အစ်ကို ဘာမှာထားလဲ .."

ဟိုကောင်လေးကို မောင်းထုတ်၍ သူ့ကိုမေး၏။

"အေး .. ကျဆိမ့်တစ်ခွက် .. နန်းကြီးသုတ်တစ်ပွဲကွာ .. မြန်မြန်လုပ် ..."

"ဟုတ်ကဲ့အစ်ကို .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး လှည့်ထွက်ကာ လှမ်းမှာလိုက်သည်။

"ချိုကျဲဝမ်း . . ရှမ်းခေါက်ဆွဲ တစ်ပဲ . . "

သွားပြီး အခုမှ မှတ်မိလိုက်သည်။ နောက်မှ ရောက်လာတဲ့ ကောင်လေးက နားလေးနေသည်။ ကြော်ငြာထဲကလို ဒီနေ့တစ်နေ့လုံး အဆင်မပြေဘူးဟု ထအော်ပစ်လိုက်ချင်ပါတော့သည်။

စိတ်ညစ်ရပါလား မမရယ် . . .။



ခင်တုံတုံချစ်တစ်ယောက် နေရင်းထိုင်ရင်း ရန်ကုန်တက္ကသိုလ်တွင် ဝုန်းခနဲနာမည်ကြီးသွားသည်။ လူတွေ ပါးစပ်ကြောင့်လည်းပါသည်။ ပထမတော့ ကောင် ချောချောလေးတစ်ယောက်ကို ခင်တုံတုံချစ်က ပြတ်ပြတ်သားသားငြင်းလိုက်ရာမှ ပြဿနာတက်၍ မော်ကွန်းထိန်းရုံးခန်းအထိ ရောက်ရသည်ဟု ပြောကြရင်း တစ်ဆင့်စကားတစ်ဆင့် အပွင့်ကားလာကြသည်။ နောက်တော့ ကိုရီးယားကားထဲမှ ဂျွန်စောနှင့် တူသည့်ကောင်လေးကိုပင် ခင်တုံတုံချစ်က လက်မခံ၍ ဟိုကောင်လေးဘက်မှ အတင်းမရမက ကြိုးစားရင်း ပြဿနာတွေဖြစ်တာတွေ၊ ဘာတွေအထိဖြစ်လာသည်။ ရဲမာန်သွေးပင် နေရင်းထိုင်ရင်း ဂျွန်စောနှင့်တူသွားရသည်။ တချို့က ထိုသတင်းကိုကြားပြီး အံ့သြကြသည်။ တချို့က အမြင်ကတ်ကြသည်။ တချို့ကတော့ မယုံ၊ သို့သော် အများစုကတော့ ခင်တုံတုံချစ်တစ်ယောက် ကြောက်ခမန်းလိလိ စန်းပွင့်သွားသည်ဟု ထင်ကြေးပေးကြ၏။

ကျောင်းသူကျောင်းသားများပင်မဟုတ် ဆရာ၊ ဆရာများ

တော်ဝင်မြို့စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ ခင်တုံတုံချစ်ကိစ္စကို စိတ်ဝင်စားလာကြသည်။ မော်ကွန်းထိန်းကိုယ်တိုင်က ဟုတ်မှန်ကြောင်း ဝန်ခံထားတော့ အားလုံးကအံ့သြကြပြန်၏။ တချို့ဆို ခင်တုံတုံချစ်ကို တကူးတက လာရောက်စောင့်ကြည့်ကြသူများပင် ရှိလာ၏။ သို့သော် သူတို့ထင်သလို အလှပဂေးလေး မဟုတ်ဘဲ ကျွဲပေါက်စလေး လောက်ရှိသည့် ခင်တုံတုံချစ်ကို မြင်သွားတော့ ရဲမာန်သွေးဆိုတဲ့ကောင်ကို နားမလည်နိုင်ဖြစ်သွားကြ၏။

"ဒီကောင့်နှယ်ကွာ . . မွေးကတည်းက မျက်လုံးပါမလာဘူး ထင်တယ် . ."

"လှတာ ချက်စားလို့မရဘဲ ဝတာ ဖက်ထားလို့ရတယ်ဆိုပြီး တွေးမိလို့နေမှာပေါ့ . ."

"ဖက်တီးကို (S.E) အက်စ်အီးနဲ့ မလဲဘူးဆိုတော့ ကောင်လား မသိဘူး . ."

"ငါတော့ အချစ်မှာ မျက်စိမရှိဘူးဆိုတာ ယုံသွားပြီ"

စသည်ဖြင့် ထင်ကြေးပေးကြ၏။ ဘာပဲဖြစ်ဖြစ် ခင်တုံတုံချစ်သတင်းသည် တက္ကသိုလ်တစ်ခုလုံး တောမီးပမာပြန့်နှံ့သွား၍ လူတိုင်းပါးစပ်ဖျားတွင် ခင်တုံတုံချစ်မှ ခင်တုံတုံချစ်ဖြစ်နေတော့၏။ နန်းအိန္ဒြေထွဋ်ခေါင်ပင်လျှင် ထိုရက်ပိုင်းတွေက ခင်တုံတုံချစ်နောက်သို့ အပြတ်အသတ်ကျန်ခဲ့တော့သည်။ ကြာတော့ လူတွေပါးစပ်ဖျားတွင် ခင်တုံတုံချစ်သာ နေရာယူနေ၍ နန်းအိန္ဒြေထွဋ်ခေါင်၏အလှပင် မေးမှိန်ပျောက်ကွယ်ရမလို ဖြစ်နေတော့သည်။ ဂျာနယ်တွေ ဒီသတင်းကြားရင်များ ရန်ကုန်တက္ကသိုလ်ထဲအထိ သူ့ထက်ငါ အလုအယက်လာပြီး ခင်တုံတုံချစ်ကို ဗျူးကြဦးမလား မသိပေ။



ပထမတော့ လူတွေဂရုမစိုက်တာ လွတ်လပ်တယ် ဆိုပြီး နန်းအိန္ဒြေထွဋ်ခေါင်တစ်ယောက် ပျော်နေခဲ့သည်။ သို့သော် ကြာတော့ စိတ်ပျက်လာသည်။ အရင်က သူ့ကို မနာလိုသူတွေက အခုဆို သရော်လာကြသည်။ အရင်တုန်းကဆို သူ့ကို မလှန်နိုင်လို့ ငြိမ်နေခဲ့ကြသည့် သူများမှာ တောမီးလောင်တုန်း လက်ခမောင်းခတ်ကုန်သည်။ ဟိုနေ့ကဆို (Zoo) က သွဲ့သွဲ့စိုးက သူ့ကို မကြားတကြား ပြောသွားသေး၏။

"ဘယ်လောက်လှလှ လူတိုင်းကြိုက်တာ မခံရပါဘူးအေ" တဲ့ သူ့သူငယ်ချင်းတစ်ယောက်ကို ပြောသလိုလိုနဲ့ သူ့ကိုစောင်းသွားခြင်းပင်။ ကြာတော့ ကျောင်းတက်ချင်စိတ်မရှိတော့ ကျောင်းရောက်လျှင်လည်း ခင်တုံတုံချစ်သတင်းပင် ကြားနေရသည်။ ဟိုနားသွားလည်း ခင်တုံတုံချစ်၊ သည်နားသွားလည်း ခင်တုံတုံချစ် ဖြစ်နေတော့သည်။ အခုတလော သူ့ကို လာကြည့်သူများပင် အရင်လောက် မများတော့။ အတော်နည်းသွားသည်။ ဘာကြောင့်မှန်းမသိကြတော့ နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်း ခံစားလာရသည်။ ခင်တုံတုံချစ်ကိုလည်း လုံးဝကြည့်မရတော့။ အခုမှ ခြေရာတိုင်းချင်လာသည်။ တစ်နေ့ တစ်နေ့ သူ့ဝက်ခန္ဓာကိုယ်ကို အလှတွေပြင်လာလိုက်ရတာ အမော။

ဟိုနေ့ကလည်း မျက်နှာတစ်ခုလုံး ဖွေးနေအောင် ဘာတွေလိမ်းလာလည်း မသိ။ အသားက မည်းရသည့်ကြားထဲ နှုတ်ခမ်းနီရဲနေအောင် ဆိုးလိုက်သေးသည်။ အရင်ကကျောင်းတွင် ရုပ်အဆိုးဆုံးဖြစ်သော ခင်တုံတုံချစ်နှင့် သူ့ကို အခု တန်းတူယှဉ်ပြောလာကြသည်။ လူတွေကလည်း အရင်ကတည်းက နန်းအိန္ဒြေထွဋ်ခေါင် မာနကြီး၍ ချိုးချင်နေတာနှင့်အတော် ဖြစ်သွားခြင်းဖြစ်သည်။ ခင်တုံတုံချစ် ကိစ္စကပေါ်လာတော့ အရင်ကတည်းက နန်းအိန္ဒြေထွဋ်ခေါင်ကို ပညာပေးချင်နေသူများ အချိုးရှာ သကာတွေ့သွားခြင်းပင်။ ဘာပဲဖြစ်ဖြစ် နန်းအိန္ဒြေထွဋ်ခေါင် တစ်ယောက်တော့ ဒီပွဲမှာ မရည်ရွယ်ဘဲ အတော်ထိသွားသည်။

အခုလည်း နန်းအိန္ဒြေထွဋ်ခေါင် ကုမ္ပဏီဝန်ထမ်းအတွက် လူတွေ့စစ်ဆေးမှုလုပ်နေသည်။ လုပ်နေရင်းမှ ရဲမာန်သွေးကို သတိရလာသည်။ ပြီးတော့ ရဲမာန်သွေးမျက်နှာလေးကို အတွေးအာရုံထဲ ဖျတ်ခနဲပေါ်လာပြီး ဘာရယ်မသိ ရင်တစ်ခုလုံး ပြင်းပြင်းထန်ထန် တစ်ချက်လှုပ်ရှားသွား၏။ အခုတလော ရဲမာန်သွေးဆိုတဲ့ ကောင်လေးအကြောင်းဘဲ သူတွေးမိနေသည်။ ဒီကောင်လေးလုပ်လို့ ဘာမှ မဆိုင်ပါဘဲနှင့် လူတကာရယ်မောခြင်းကို သူ ခံခဲ့ရ၏။ သူ့ဘဝတွင် အားလုံး၏ အရေးပေးမှု ချစ်ခင်မှု အလိုလိုက်မှုများသာ ခံခဲ့ရသည်။ အခုလို ရယ်မောလှောင်ပြောင်မှုမျိုးခံရမည်ဆိုတာ အိပ်မက်ပင် မမက်မိခဲ့။ ဒီကောင်လေးလုပ်လို့ သူဒီလိုဖြစ်သွားတာ ကောင်လေးတွင် အပြစ်မရှိဘူးလို့ ယူဆ၍ရသော်လည်း ဘာကြောင့် ဒီ ခင်တုံတုံချစ်ဆိုတဲ့ ရုပ်ဆိုးမကို ကြိုက်ရသနည်း။





ထို့ပြင် ခင်တုံတုံချစ်နှင့်သူသည် တစ်ခန်းတည်း အတူတက်ကြသူတွေ၊ ဒီ ရဲမာန်သွေးဆိုတဲ့ ချာတိတ်တွင် အလှအပခံစားတတ်တဲ့ နှလုံးသားမရှိရောသလား။ တစ်ခန်းတည်း အတူနေသူချင်းကို တက္ကသိုလ်တစ်ခုလုံး လျှမ်းလျှမ်းတောက် ကျော်ကြားသော သူ့အလှကိုကျော်၍ ဒီဟာမကို သွားချစ်ရသတဲ့လား . .

'တောက်' တွေးရင်း ရင်ထဲမှာ ဒေါသတွေထွက်လာသည်။ ဒီကောင်လေး ခင်တုံတုံချစ်ကို မလိုက်ဘဲ သူ့ကိုသာလိုက်ရင် ဒါမျိုးကြုံရမည်မဟုတ်ပေ။ အစ ဒီ ကောင်လေး သူ့ကိုလိုက်မှာပဲဟု တစ်ထစ်ချတွက်ထားသေးသည်။ သူ့ အဖေ သူငယ်ချင်းတစ်ယောက်၏ သားဖြစ်သော ရဲမာန်သွေးကို အင်တာဗျူးနေ့ကတည်းက သူ သတိထားမိခဲ့သည်။ နောက်တော့ သူ့ကို ကြိုးစားသလိုလိုနှင့် ဟိုကောင်မကို . . အိုး . . မတွေးချင်တော့ ဘာကြောင့်မှန်းမသိ . . ရင်တစ်ခုလုံး ဖြောင်းဆန်အောင်လှုပ်ရှားနေပြီး ခင်တုံတုံချစ်ကိုသာ မနာလိုဖြစ်နေမိတော့သည်။ တစ်ခါမှ မဖြစ်ဖူးတော့ နောက်ဆုံး ရင်ဘတ်ကလေးကိုဖိပြီး ကိုယ့်ကိုယ်ကိုယ်သာ အံ့ဩနေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမာန်သွေးကတော့ ဖြစ်ပျက်နေသည့်ကိစ္စတွေကို ဘာ တစ်ခုမှမသိပေ။ အိမ်ထဲက အိမ်ပြင်သိပ် မထွက်တော့လည်း ပတ်ဝန်းကျင်နှင့် အဆက်ပြတ်သလိုဖြစ်နေသည်။ ကျောင်းကိုတောင် တစ်ပတ်လေးရက်လောက်ပဲတက်ဖြစ်သည်။ ကျောင်းပြီးလျှင်လည်း အိမ်ကိုတန်းပြန်၏။ အရင်ကလို သူငယ်ချင်းတွေနှင့် လတ်လျားလတ်လျား လျှောက်သွားတာမျိုး မရှိသောကြောင့် ဦးတောက်ထွန်းတောင် အံ့ဩနေမိသည်။ သို့သော် ထွေထွေထူးထူးဘာမှတော့ မပြောပေ။ ဒီကောင် တစ်ခုခုကြောင့် အိမ်မြဲနေတာဖြစ်မယ်လို့သာ ထင်ထားသည်။

အခုလည်း ရဲမာန်သွေး ဆိုဖာခုံကိုမှီ၍ တီဗွီကြည့်နေသည်။ ဦးတောက်ထွန်းက ကုမ္ပဏီစာရင်းတွေထိုင်လုပ်နေရင်း သူ့သားသူ တစ်ချက်တစ်ချက်လှမ်းပြီး အကဲခတ်နေ၏။ ဘာမှ ထူးခြားမှုမရှိ။ သို့သော် ဦးတောက်ထွန်းစိတ်ထဲတွင် နေ့ချင်းညချင်းပြောင်းလဲသွားသော ရဲမာန်သွေး အမူအရာအပေါ် မယုံသင်္ကာတော့ဖြစ်နေတာ





အမှန်ပင်။ အဲဒီအချိန်မှာပဲ အိမ်ရှေ့က ဖုန်းမြည်သံကြားလိုက်ရသည်။ ဦးတောက်ထွန်း သူ့သားကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ထထိုင်မည့်ပုံမပေါ် တီဗွီကို စိတ်ဝင်စားနေပုံရသည်။ နောက်ဆုံး သူပဲ သွားကိုင်လိုက်တော့သည်။

ရဲမာန်သွေး တီဗွီကြည့်နေသော်လည်း စိတ်ကတစ်နေရာ ရောက်နေ၏။ 'မမ'ဆီ ရောက်နေတာဆို ပိုမှန်မည်။ သူ မမနဲ့မတွေ့ရတာ ပြဿနာဖြစ်သည့်နေ့မှစ၍ ဒီနေ့ဆို တစ်လလောက်ရှိပြီ။ အရမ်းတွေ့ချင်နေသည်။ ကိုယ့်စိတ်ကိုယ် မနည်းထိန်းထားလိုက်ရ၏။ တကယ်တမ်းကျ မမကို သူမျက်နှာချင်းမဆိုင်ရဲ။ အဲဒီနေ့က ဖြစ်သည့်ကိစ္စကြောင့် ရှက်နေသည်။ ကိုယ့်ကိုယ်ကိုယ်လည်း လိပ်ပြာမလုံသလို ခံစားရသည်။ တစ်သက်နှင့်တစ်ကိုယ် ဒါမျိုးတစ်ခါမှ မဖြစ်ဖူးပေ။ အထက်တန်းကျောင်းသားဘဝတစ်လျှောက် ဆရာမကြီးရုံးခန်းကိုတောင် သူမရောက်ဖူးခဲ့။ ဒီလိုမျိုးလည်း မရှိခဲ့။ အခုရှိမယ့်ရှိတော့လည်း ရှက်ဖွယ်လိလိပင်။ ရဲမာန်သွေး စိတ်ညစ်ညစ်နှင့် တီဗွီကိုပိတ်ကာ အိပ်ခန်းဘက်ထွက်လာလိုက်တော့သည်။ ဧည့်ခန်းကအဖြတ် သူ့အဖေ ဖုန်းပြောနေသံကိုကြားရ၏။

"ဩော် . . အေး . . ဟုတ်ပြီလေ . . ကျွန်တော် မနက်ဖြန် ဆက်ဆက်လာခဲ့ပါ့မယ် . ."

". . . . . . . . ."

"စိတ်ချပါဗျာ . . ဒီလူတွေပဲ လာရမှာပေါ့ . ."

". . . . . . ."

"OK . . . OK . ."

သူ့အဖေ ဘယ်သူနဲ့ပြောနေသည်မသိ။ သူကိစ္စမဟုတ်တော့ စိတ်မဝင်စားတော့ဘဲ တစ်ချက်သာကြည့်ပြီး သူ့အိပ်ခန်းဘက်သို့ လှည့်ထွက်ခဲ့တော့သည်။ အိပ်ခန်းထဲက ခုတင်ပေါ်တွင် ခဏလှဲနေ



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့ရှိုသေးသည်။ အိမ်ရှေ့မှ ကားသံကြားလိုက်ရသည်။ ကားသံကြား ကတည်းက ဦးဇာ်ကြီးကားဖြစ်သည်ဆိုတာ သိလိုက်ရသည်။ ခဏ ခနဘော့ သူ့အမေနှင့် စကားပြောနေသံကြားရပြီး သူ့အခန်းထဲသို့ ဝင်လာတော့၏။ ဦးဇာ်ကြီးတစ်ယောက်တည်းမဟုတ် စိန်ပေါက်ပါ ပါလာသည်။

"အမယ် . . မင်းက စည်းစိမ်ကျနေတယ်ပေါ့ . ."

"မင်း အိမ်တွင်းသိပ်အောင်းမနေနဲ့ . . တော်ကြာ လှုပ်ရှား မှုမရှိလို့ လေဖြတ်သွားဦးမယ် . ."

တစ်ယောက်တစ်ခွန်းပြောရင်း သူ့ခုတင်ပေါ် ဝင်ထိုင်တော့၏။

"မဟုတ်ပါဘူးကွာ . . အခုမှ တီဗွီကြည့်ပြီး လာလှဲနေတာ . . ဒါနဲ့ မင်းတို့က . . ."

သူ့စကားတောင် မဆုံးလိုက် ဦးဇာ်ကြီးက ဝင်ပြီး . . .

"ဒီကောင့် ကွန်ပျူတာပျက်သွားလို့ . . မြို့ထဲသွားပြီး ဆိုင် တစ်ဆိုင်သွားပြမလို့ . . မင်းကို လာခေါ်တာ . ."

"ဟာ . . မလိုက်ချင်ဘူး . . မင်းတို့ဟာ မင်းတို့သွား . . ငါ အိပ်ချင်လို့ . . ."

ပြောပြီး တစ်ဖက်ကိုလှည့်ရှုံ့ရှိုသေးတယ်။ မြန်လိုက်တဲ့ လက် တွေ။

"ဘုံး . ."

"ခွပ် . . ."

သူ့ခေါင်းကို တစ်ယောက်တစ်ချက်ဝိုင်းကျွေးကြတော့သည်။ သူ ခေါင်းပွတ်နေချိန်မှာ နှစ်ယောက်စလုံး သူ့ကိုခုတင်ပေါ်မှ ဆွဲချ၏။

"မရဘူး . . လိုက်ခဲ့ . . အပိုတွေ လုပ်မနေနဲ့ မယားတရူး"





ဆက်နေလို့မရတော့။ ပြောနေလည်း ရမယ့်ကောင်တွေမ ဟုတ်တော့ သူအဝတ်အစားလဲပြီး ဒီကောင်တွေနဲ့အတူ အခန်းထဲမှ ထွက်လာခဲ့လိုက်တော့သည်။ ဧည့်ခန်းစားပွဲတွင် သူ့အမေစာရင်း ဇယားတွေ လုပ်နေရင်း သူတို့ကို တစ်ချက်လှမ်းကြည့်၏။

"အမေ . . သား ဒီကောင်တွေနဲ့ ခဏအပြင်သွားဦးမယ်"

သွားသွားဆိုပြီး လက်ခါပြကာ သူ့အလုပ်သူ ဆက်လုပ်နေ တော့သည်။ သူလည်း ဒီကောင့်တွေနဲ့အတူ မြို့ထဲထွက်လာခဲ့လိုက် တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ နန်းအိန္ဒြေထွဋ်ခေါင်တစ်ယောက် မြို့ထဲမှာ ရောက်နေသည်။ မနက်ဖြန် အိမ်တွင် အလှူလုပ်မည်ဖြစ်၍ လိုအပ်သောပစ္စည်းများ ဝယ်ရန် အိမ်ဖော်ကောင်မလေး နှစ်ယောက်နဲ့ဖြစ်သည်။ လမ်းလျှောက်ရင်း ဝယ်မည့်ပစ္စည်းများကို စဉ်းစားလာခဲ့သည်။သူ့အသိတစ်ယောက် မုန့်တိုက်ကို ဝင်ရဦးမည်။ ပြီးတော့ ငံပြာရည်လည်း ဝယ်ရမည်။ City Mart လည်း သွားရဦးမည်။ နန်းအိန္ဒြေထွဋ်ခေါင် တွေးရင်းနှင့် လမ်းလျှောက်လာသည်။ အလုပ်က လုကိုနိုင်နေသည်။ တစ်နေ့လုံး ခုထိမနားရသေး။ မနက်ကတည်းက တစ်ယောက်တည်း လိုအပ်တာတွေမှန်သမျှ စီစဉ်ပေးနေရ၏။ အခိုင်းအစေတွေရှိသော် လည်း ကိုယ်တိုင်လုပ်တာလောက် စိတ်မချမ်းသာ၊ ကိုယ်တိုင်လုပ်လိုက်ရမှ ကျေနပ်သည်။ နန်းအိန္ဒြေထွဋ်ခေါင်မှာ အိမ်မှုကိစ္စဆို ငယ်ငယ်ကတည်းက ဝါသနာပါ၍ ဒါမျိုးဆို အပင်ပန်းခံလုပ်၏။ အခုလည်း မနက်ဖြန်_အလှူတွင် သူများတွေနှင့်မတူအောင် ဥရောပ အစားအစာကျွေးမည်ဟု စီစဉ်ထားသည်။ ဆိုင်တွေက





အော်ဒါမမှာဘဲ ကိုယ်တိုင်လုပ်သည်။ ဒါကြောင့် ဒီနေ့အလုပ်နဲ့လက်နဲ့ မပြတ် ဖြစ်နေတော့သည်။

“မမ . . ကိုအောင်ဦးတို့အိမ်က အရှေ့လမ်း မဟုတ်လား”

ပါလာသည့်ကောင်မလေးနှစ်ယောက်ထဲမှ မိစောပြောမှ သူ့အသိမုန့်တိုက်ရောက်မှန်း သတိထားမိလိုက်၏။ ဒီလို အလုပ်ရှုပ်သောနေ့ဆိုလျှင် နန်းအိန္ဒြေထွဋ်ခေါင် အလုပ်ပေါ် အာရုံနှစ်ထား၍ ခန္ဓာကိုယ်နဲ့စိတ် သိပ်မကပ်ဘဲ ဖြစ်နေတတ်သည်။ ဒါကိုသိသောသူ့အဖေကလည်း အိမ်ဖော်နှစ်ယောက်ကို ကူဖော်လောင်ဖက်ရအောင်ထည့်ပေးလိုက်ခြင်းဖြစ်သည်။

သူ့အသိမုန့်တိုက်တွင် မုန့်မှာ၍ ပြန်ထွက်လာကာ အနော်ရထာလမ်းပေါ်သို့ ဦးတည်လိုက်သည်။ အဖေပေးလိုက်တဲ့ လူကြုံပစ္စည်းတစ်ခုသွားပေးရန် ဖြစ်၏။ အနော်ရထာလမ်းပေါ်ရောက်တော့ လိပ်စာကို ဘေးလွယ်အိတ်ထဲမှ နှိုက်၍ ထုတ်ကြည့်ရင်း လျှောက်လာသည်။ အရေးထဲလိပ်စာထဲမှ လမ်းနာမည်က (၁၅)လမ်းလား (၁၇)လမ်းလား မသိအောင် မပီမသဖြစ်နေသေး၏။

လိပ်စာကို စိတ်ပျက်စွာ အာရုံစိုက်ဖတ်ရင်း ပလက်ဖောင်းပေါ်မှ လျှောက်လာရာ ကားလမ်းပေါ်သို့ သူ့ခြေဦးတို့ ဦးတည်နေသည်ကို သူ ကိုယ်တိုင် မသိပေ။ သူကတော့ အလုပ်များ၍ ခေါင်းရှုပ်နေသည်က တစ်ကြောင်း၊ လိပ်စာကို အာရုံရောက်နေသည်က တစ်ကြောင်းတို့ကြောင့် သတိမထားမလိုက်၊ အိမ်ဖော်ကောင်မလေး နှစ်ယောက်ကတော့ သူ့တို့သခင်မကို ကြည့်ပြီး သဘောပေါက်လိုက်သည်။ သို့သော် လူရှုပ်၍ နောက်တွင် တော်တော်လေးပြတ် ကျန်ခဲ့သောကြောင့် သတိပေးရန် အတင်းပြေးလိုက်သွားရ၏။ ထိုသို့မလုပ်လျှင် မဖြစ်တော့ ကားလမ်းပေါ်ရောက်သွားလျှင် ဘတ်(စ်)ကားတွေ ရှုပ်ရှုပ်နှင့် အန္တရာယ်ဖြစ်သွားနိုင်သည်။ ဒါတောင် ဘတ်စ်ကား နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်မောင်းလာ၍ နန်းအိန္ဒြေထွင့်ခေါင် ရှေ့ကတ္တရာလမ်းပေါ် ထိုးအဆိုက် နန်း အိန္ဒြေထွင့်ခေါင်ကလည်း အဆင်း၊ တိုက်မိတော့မလို့ သီသီလေးအလို မိစောက အချိန်မီဆွဲထားနိုင်၍ တော်သေးသည်။

"အောင်မလေး မမရယ် . . ကံသီပေလို့ . . ရှေ့လေးဘာလေး ကြည့်လျှောက်ပါဦး . ."

အိမ်ဖော်မလေးဆွဲရာနောက် နန်းအိန္ဒြေထွင့်ခေါင်တစ်ယောက် တော်တော်လေး လွင့်ပါသွားပြီး ဖရိုဖရဲဖြစ်သွား၏။ ဘာမှ ဖြစ်မသွားသော်လည်း ကြောက်တော့ တော်တော်ကြောက်သွား၏။



ရဲမာန်သွေး၊ ဉာဏ်ကြီးနဲ့စိန်ပေါက်ကတော့ ကွန်ပျူတာကို ဆိုင်တစ်ဆိုင်တွင်အပ်၍ မြို့ထဲသို့ ဘာ အလုပ်မှမရှိသောကြောင့် လျှောက်သွားကြသည်။ လျှောက်သွားနေရင်းမှ ဉာဏ်ကြီးက စာအုပ်အရောင်းဆိုင် တစ်ခုသို့ ဝင်သွားသည်။ စိန်ပေါက်ကတော့ အဟောင်းပစ္စည်းများ အရောင်းအဝယ်လုပ်သည့်ဆိုင်တစ်ဆိုင်ရှေ့တွင် ဆိုင်ရှင်နှင့် စကားပြောနေသည်။ သူ့အိမ်က ကက်ဆက်တစ်လုံးရောင်းဖို့ ဈေးမေးနေခြင်းဖြစ်သည်။ ရဲမာန်သွေးကတော့ အစကတည်းက ဟိုနှစ်ကောင်ခေါ်၍ ပါလာခြင်းဖြစ်သောကြောင့် ဘာအလုပ်မှမရှိ။ ဒီလိုပဲ ယောင်ခြောက်ဆယ် လုပ်နေ၏။ ပြီးမှ လမ်းဘေးဒိန်ချဉ်ဆိုင်တွင် ထိုင်ပြီး ဒိန်ချဉ်တစ်ခွက်မှာသောက်ကာ ဟိုနှစ်ကောင်ကိုစောင့်နေလိုက်သည်။ အဲဒီအချိန်မှာ မမျှော်လင့်သော အရာတစ်ခုနှင့်သွားကြုံသည်။ နန်းအိန္ဒြေထွင့်ခေါင်တစ်ယောက် လမ်းတစ်ဖက်ကမ်းရှိ မုန့်တိုက်တစ်ခုထဲမှ ထွက်လာတာမြင်လိုက်ရတော့သည်။

ရဲမာန်သွေး ရုတ်တရက်ဆိုတော့ ကြက်သေသေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သောက်လက်စ ဒိန်ချဉ်ခွက်သည် လမ်းတစ်ဝက်မှာတင် ရပ်သွား၏။ ပြီးမှ သတိဝင်လာ၍ကြည့်လိုက်တော့ နန်းအိန္ဒြေထွင့်ခေါင်တစ်ယောက် လူအုပ်ထဲတိုးဝင်သွားတာ တွေ့လိုက်တော့သည်။ ရဲမာန်သွေးအချိန်ဆွဲမနေတော့ သူ မမ နောက်ကလိုက်သွားဖို့ ဆုံးဖြတ်လိုက်သည်။ ဒိန်ချဉ်ဖိုး အမြန်ရှင်း၍ ဟိုကောင်တွေကိုခေါ်၍ အမြန်လှည့်ထွက်လာခဲ့တော့သည်။

"ဟေ့ကောင် . . စိန်ပေါက် . . ဟို . . ဟိုမှာ . . ငါတို့လိုက်သွားရအောင် . ."

စိန်ပေါက် ရဲမာန်သွေးစကားကို နားမဝင် ဆိုင်ရှင်နှင့် ဘာတွေ အချေအတင်ပြောနေလဲ မသိ။

"ထားလိုက်ပါဗျာ . . ရောင်းနေကျပဲ . . တစ်သောင်းဆို . . ကျွန်တော် မနက်ဖြန် ယူလာခဲ့မယ် . . ဘယ်လိုလဲ . ."

"ဟေ့ကောင် . ."

"မရလို့ ငါ့ညီရာ . . အစ်ကိုတို့လည်း နည်းနည်းပါးပါးလောက် စားရတာ မင်းလည်းအသိပဲ . . မင်းဟာက ဆားကစ်ပြန်လိုက်ရဦးမှာ . ."

"ဟေ့ကောင် . . စိန်ပေါက် . . ."

စိန်ပေါက် သူ့ကိုတစ်ချက်လှည့်ကြည့်ပြီး ဆိုင်ရှင်ဘက်ကပြန်လှည့်သွားကာ . . .

"ထားလိုက်ပါဗျာ . . နှစ်ထောင့်ငါးရာ တည်းတိုးတောင်းတာပဲ . . ."

သူ သဘောပေါက်လိုက်ပြီ။ စိန်ပေါက်ဆိုတဲ့ကောင် ဒီအချိန်မှာ သူ့ဘေးနား ဗုံးကွဲတောင် ဂရုစိုက်မှာမဟုတ်တော့ပေ။ သူ့ရဲ့ ပင်တိုင်စီးပွားရေးကို အထိအခိုက်ခံမယ့်ပုံမပေါ်။ သူပြောတာကိုလည်း ကြားမယ့်ကောင်မဟုတ်။ သူ မမကို လှမ်းကြည့်လိုက်တော့





သုတ်သုတ်သုတ်သုတ်နဲ့ လမ်းတစ်လမ်းထဲ ခိုးဝင်သွားတာ [illegible] ၏။ သူ ဆုံးဖြတ်ချက်တစ်ခုကို အလျင်အမြန်ချ၍ စိန်ပေါက်[illegible] ခပ်ကြမ်းကြမ်းတစ်ချက်ပုတ်လိုက်၏။

"ဘာလဲကွာ . . ."

စိန်ပေါက် မကျေမနပ် လှည့်ကြည့်၏။

"အေး . . ငါ ကိစ္စတစ်ခုရှိလို့ ခဏသွားလိုက်ဦးမယ် . . မင်းတို့ ကားရပ်ထားတဲ့နေရာကပဲ ငါ့ကိုစောင့်နေ . . ."

ပြောပြီး အမြန်လှည့်ထွက်ခဲ့တော့သည်။ ဒီလိုမှမလုပ်ရင်မရတော့။ ဒီကောင်တွေစောင့်နေလျှင် မမကအိမ်ပြန်ရောက်သွားတာတောင် ဒီကောင်တွေကိစ္စပြီးမယ့်ပုံမပေါ်ပေ။ အခုတောင် မမနဲ့ တော်တော်ဝေးသွားပြီ။ သူတစ်ဖက်ကားလမ်းကူး၍ မမဝင်သွားသည့် လမ်းထဲ အပြေးအလွှား ဝင်လာခဲ့လိုက်တော့သည်။

မမကတော့ ဘာတွေအရေးကြီးနေသည် မသိပေ။ ခြေလှမ်း ခပ်ကျဲကျဲလေးနှင့် မြန်မြန်လျှောက်နေသည်။ မမကို ဒါမျိုးမြန်မြန်လျှောက်တာ သိပ်မတွေ့ဖူးတော့ အထူးအဆန်းဖြစ်နေ၏။ ဒါလည်း တစ်မျိုးချစ်စရာကောင်းတာပါပဲ။ သူ့နောက်မှာလည်း ကောင်မလေးနှစ်ယောက်က ခြင်းတွေ၊ ကျွတ်ကျွတ်အိတ်တွေနှင့် မနိုင်မနင်း လိုက်နေရတာ တွေ့ရသည်။

သူလိုက်သာလာရတာ ရည်ရွယ်ချက်တော့ မရှိပေ။ မမြင်မတွေ့ရတာ တစ်လလောက်ရှိပြီဖြစ်တော့ သူ မမကို အရမ်းလွမ်းနေသည်။ သူ့ကိစ္စနဲ့သူမို့လို့သာ မမဆီ မသွားနိုင်ခြင်းဖြစ်သော်လည်း နှလုံးသားတစ်နေရာတစ်ခုလုံးမှာ မမသာ၊ အခုလည်း မမကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ အပျော်လွန်ကာ ထလိုက်လာခြင်းဖြစ်၏။ ရည်ရွယ်ချက်ကတော့ သူ့မှာမရှိ။ ဘာပဲဖြစ်ဖြစ် မမ နောက်က သူ ဒီလိုလိုက်နေရတာကိုပင် သူပျော်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေရင်းနှင့် အနော်ရထာလမ်းပေါ် ရောက်တော့ အိတ်ထဲမှ တစ်စုံတစ်ခုနှိုက်လိုက်တာ မြင်ရသည်။ စာရွက်တစ်ရွက်ဟု ထင်ရသည်။ စာရွက်ကို သေချာစိုက်ကြည့်ရင်း လမ်းလျှောက်နေ၏။ ဘေးပတ်ဝန်းကျင်ကိုလည်း ဂရုထားမိပုံမပေါ်၊ ကြည့်ရတာ စာရွက်ပေါ်မှာပဲ အာရုံရောက်နေပုံရသည်။ မမ စာရွက်ကိုကြည့်ရင်း လမ်းလျှောက်နေသည်။ တချို့လူတွေ သူ့ကိုတွန်းတိုက်သွားကြသည်။ သူကလည်း လူတွေကိုဝင်တိုက်သည်။ သို့သော် ဂရုစိုက်ပုံမပေါ်။

ရဲမာန်သွေး သူ့ မမကိုကြည့်ပြီး အံ့သြသွား၏။ ဘာစာရွက်မို့လို့ ဒီလောက် ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ်ရလောက်အောင် ဂရုစိုက်နေလဲမသိ။ လမ်းလျှောက်တာကလည်း ပိုမြန်လာသည်။

ကြည့်နေရင်းမှာပင် နန်းအိန္ဒြေထွဋ်ခေါင်၏ ဦးတည်ရာလမ်းကြောင်းသည် ကတ္တရာလမ်းဘက်သို့ ဦးတည်မှန်းမသိ ဦးတည်လာတာ ရဲမာန်သွေး သတိပြုလိုက်မိသည်။ ဦးကည်နေသည့် ပုံစံကလည်း သူကိုယ်တိုင် သိပုံမပေါ်။

ရဲမာန်သွေးလမ်းပေါ်သို့ အမှတ် မထင်ကြည့်လိုက်၏။ ဘတ်စ်ကားနှစ်စီး အရှိန်ပြင်းစွာမောင်းလာတာကို ခပ်ဝေးဝေးမှ မြင်လိုက်ရသည်။ ရဲမာန်သွေးစိတ်ပူသွားသည်။ မမရောက်နေသည့် နေရာက ကားမှတ်တိုင်တစ်ခုအလွန်မှာ။ အကယ်၍သာ မမတာ အဆင်း . . ဟာ . . ရဲမာန်သွေး တွေးနေရင်းမှာပင် မမ လမ်းပေါ် ဆင်းတော့မည်။ ဘတ်စ်ကားနှစ်စီးကလည်း မှတ်တိုင်မှာ လုရပ်တော့မည်။

ရဲမာန်သွေး ပျာသွား၏။ ဒီအတိုင်းကြည့်မနေနိုင်တော့ မမကိုပြေးဆွဲမှဖြစ်တော့မည်။ ရုပ်ရှင်တွေထဲမှာ အဲဒီလို အခန်းမျိုးကို မင်းသားလေးက မင်းသမီးလေးကို ပြေးဆွဲ၊ မင်းသမီးလေးက





မင်းသားလေးကို ကျေးဇူးတင်ပြီးတော့ ဇာတ်လမ်းတွေဖြစ်၊ တုတ်ပြီ . . တစ်ချက်ခုတ်နှစ်ချက်ပြတ် မမလည်း အန္တရာယ်ကင်းမည် . . သူလည်း မမနဲ့အဆင်ပြေ . . တွေးရင်း ရင်ထဲမှာ ဘယ်ကရောက်လာမှန်းမသိသော အင်အားတွေရောက်လာတော့၏။ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့။ ရဲမာန်သွေး နန်းအိန္ဒြေထွဋ်ခေါင်ဆီသို့ နွားသိုးကြိုးပြတ်ခြေကုန်သုတ်တော့၏။

ပြေးပြီး ရဲမာန်သွေး ရှိသမျှ အင်အားအကုန်ဖျစ်ညှစ်ပြေးနေပြီ။ အချစ်အတွက် အသက်ပင်သေသေပြေး၏။ ဘေးက လူတွေကိုတောင် တိုက်မိကုန်သည်။ တောင်းပန်မနေအား . . မမက လမ်းပေါ် ရောက်တော့မည်။ ဟော . . ဆင်းတော့မည်။ ဆင်းတော့မည်။ ဘတ်စ်ကားနှစ်စင်းကလည်း သူထင်ထားသည့်အတိုင်း အရှိန်နှင့် မှတ်တိုင်ကို ထိုးဆိုက်နေပြီ။ မမနှင့်သူ လက်တစ်ကမ်းအကွာလောက် ရောက်လာပြီ . . မမ ညာဘက်ခြေတစ်ဖက် ပလက်ဖောင်းပေါ်မှ အဆင်း ဘတ်စ်ကားနှစ်စင်းထဲမှ တစ်စင်းက မှတ်တိုင်ကိုလုပြီးအရပ် ရဲမာန်သွေး မျက်စိနှစ်လုံးစလုံး ပျာသွား၏။ သွားပြီ . . မမတိုက်မိပြီ . . ရဲမာန်သွေး . . နန်းအိန္ဒြေထွဋ်ခေါင်၏ ပခုံးကို အားကုန်ပြေး၍ ဆွဲထည့်လိုက်တော့သည်။

သို့သော် ဘယ်လိုကဘယ်လို ဖြစ်သွားတယ်မသိပေ။ နန်းအိန္ဒြေထွဋ်ခေါင်တစ်ယောက် သူ့မျက်ဝန်းထဲမှ ဆွေ့ခနဲပျောက်သွားတော့၏။ (အမှန်တော့ မိစောက သူ့ထက်ဦးသွားခြင်းပင်) ဟင် . . ဘယ်လိုဖြစ်သွားပါလိမ့်။ သူလှမ်းဆွဲသော လက်သည် လေကိုသာ ဖမ်းမိသွားတော့၏။ သူကလည်း ကိုယ့်အရှိန်ကို ထိန်းမရတော့။ ဘယ်လိုမှ ထိန်းမရတော့။ ကတ္တရာလမ်းပေါ်သို့ နန်းအိန္ဒြေထွဋ်ခေါင် မရောက်ဘဲ သူ အရှိန်ပြင်းစွာ ရောက်သွားတော့၏။ သွားပြီ . . ဘတ်စ်ကားကြီး၏ ဟွန်းသံ၊ မှတ်တိုင်မှ လူများ၏ ရန်ကြွသံ၊ ဘာတို့မှ



www.burmeseclassic.com

www.burmeseclassic.com



သဲသဲကွဲကွဲ မမြင်တော့။ သူ ဘတ်စ်ကားနှင့် အရှိန်ပြင်းစွာ တိုက်မိတော့မည်ဆိုတာ တွေးမိပြီး ကြောက်လန့်တကြား မျက်စိနှစ်လုံးပိတ်၍ အော်မိအော်ရာ အော်ချလိုက်တော့၏။

"မမ . . ."

(သူ့ကိုလည်း တစ်စုံတစ်ခုက စွေ့ခနဲ ဆွဲခေါ်လိုက်သည်ဟု ထင်လိုက်မိသည်)

"ဆွဲဆရာရေ . . အတွယ်တစ်ယောက်ပါတယ် . . နောက်မှာ တရုတ်ကြီးကား ကပ်နေပြီ ကစ်တော့ . . ."

ရဲမာန်သွေး သူ့ကိုယ်သူ သတိထားမိလိုက်ချိန်မှာ ဟီးနိုး ဘတ်စ်ကားပေါ် ရောက်နေပြီ။ ဘတ်စ်ကား လူထွက်ပေါက်အနီးမှာ တန်းလေးကို ကိုင်၍ ရပ်နေမိသော သူ့ကိုယ်သူပြန်ကြည့်ရင်း အံ့ဩသွား၏။ သူသိလိုက်ပြီ။ ဟီးနိုးဘတ်စ်ကားကာ ထိုးအဆိုက် သူက အရှိန်မထိန်းနိုင်၍ ဘတ်စ်ကားဘေးပေါက်ထဲ တစ်ခါတည်း ဝင်ချသွားခြင်းပင်။ ဒါကို စပယ်ယာက ကားမမီမှာစိုးလို့ ပြေးလာသူထင်ပြီး သူ့လက်တစ်ဖက်ကိုဆွဲ၍ ကားပေါ်ကောက်တင်ပေးလိုက်သေး၏။ သူ လူထွက်ပေါက်နားက တန်းလေးကိုကိုင်၍ ပလက်ဖောင်းပေါ် လှမ်းကြည့်၏။ နန်းအိန္ဒြေထွင့်ခေါင်တစ်ယောက် သူအော်လိုက်တာ ကြားသွားပုံရ၏။ ဘတ်စ်ကားဘေး အပေါက်နားတွင် တွယ်လျက်ပါသွားသော သူ့ကို ကြောင်တောင်တောင်လေးနှင့် ကြည့်နေလေတော့သည်။

❀ ❀ ❀



ဘတ်စ်ကားပေါ်မှ အော်ကြီးဟစ်ကျယ်အော်၍ နှုတ်ဆက်သွားသော ရဲမာန်သွေးကို နန်းအိန္ဒြေ ထွင့်ခေါင်တစ်ယောက် ဘယ်လိုမှ နားမလည်နိုင် အောင် ဖြစ်နေတော့သည်။ လူလယ်ကောင်ကြီးမှာ ဘတ်စ်ကား ပေါ်မှ ဘာကြောင့်ဒီလောက် အာခေါင်ခြစ်၍ နှုတ်ဆက် သွားရသနည်း။ ပြီးတော့ ရဲမာန်သွေးက ဘတ်စ်ကားစီးရအောင် သူ့ကားက ဘယ်ရောက်သွားလို့လဲ။ ပျက်နေတယ်ဆိုရင် လည်း Taxi ငှားလာလို့ရတာပဲ။ ဘတ်စ်ကားစီးနေရလောက်အောင် ဆင်းရဲနေသူ လည်း မဟုတ်။ ဟင်း . . ဘယ်လိုကောင်လေးပါလိမ့်။

"မမ . . ဟို ဘတ်စ်ကားပေါ်က အစ်ကိုကြီးက မမသူငယ်ချင်းလား . ."

"အေး . . ဟုတ်တယ် . . ကျောင်းကပါ . ."

စပ်စုနေသော မိစောကို ဖြေရှင်းချက်ပေးပြီး ဆက်ထွက်လာခဲ့တော့သည်။ လမ်းတစ်လျှောက်လုံး သူ့ခေါင်းထဲမှာ ရဲမာန်သွေးအာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပဲ တွေးလာမိ၏။ ဒီကောင်လေးအကြောင်းတွေးလိုက်တိုင်း သူမှာ အဖြေရှာမရသော အံ့ဩမှုတွေနဲ့ချည်း ရင်ဆိုင်နေရသည်။ အမှတ်မထင်သောအချိန်တွင် ရုတ်တရက်ပေါ်ပေါက်လာပြီး နားမလည်နိုင်တဲ့ကိစ္စတွေ လုပ်လုပ်သွားတတ်သည်။ နန်းအိန္ဒြေ၊ ရဲမာန်သွေးအပေါ် အင်တာဗျူးကိစ္စကတည်းက အများနဲ့မတူ သူ့ကို ချဉ်းကပ်ပုံလေး နည်းနည်းထူးနေ၍ စိတ်ဝင်စားမိခဲ့တာ။ ခင်တုံတုံ ချစ် ကိစ္စမှာ စဉ်းစားရကြပ်သွားခဲ့သည်။

အခုလည်း ဘတ်စ်ကားပေါ်ကနေ သူ့ကိုအော်ဟစ်နှုတ်ဆက် သွားသောဖြစ်ရပ်ကြောင့် ပိုပြီးထူးဆန်းသလိုဖြစ်သွား၏။ ပိုပြီး စိတ်ဝင်စားလာမိတာကို သူကိုယ်တိုင်ဂရုမပြုမိဘဲ ဖြစ်နေတော့သည်။ အခုလည်း ဒီနေ့တစ်နေ့လုံး အလုပ်လုပ်ရင်း ရဲမာန်သွေးအကြောင်းပဲ တွေးနေမိမှာတော့ အမှန်ပင်။

နန်းအိန္ဒြေထွဋ်ခေါင်ဘဝတွင် ယောက်ျားတစ်ယောက်အပေါ် ဒီလောက်အချိန်ပေး၍ စဉ်းစားနေမိတာ ဒီတစ်ယောက် ပထမဆုံးဖြစ်၏။ ဒီလိုနဲ့ပဲ နန်းအိန္ဒြေထွဋ်ခေါင်၏ စိတ်ကူးထဲမှ တစ်ဆင့် နှလုံးသားထဲသို့ ရဲမာန်သွေးတစ်ယောက် နေရာယူမှန်းမသိ ယူလာမိသည်ကို သူကိုယ်တိုင်သတိမထားမိပေ။ ဘာပဲဖြစ်ဖြစ် ရဲမာန်သွေးကတော့ သူ့ရဲ့အူကြောင်ကြောင် လုပ်ရပ်များကြောင့် နန်းအိန္ဒြေထွဋ်ခေါင်၏ အတွေးနှလုံးသားကို စိုးမိုးလာနိုင်သူဖြစ်မှန်းမသိ ဖြစ်လာပါတော့သည်။

ရဲမာန်သွေးမှာ နေရင်းထိုင်ရင်း တစ်မှတ်တိုင်လောက် လမ်းပိုလျှောက်လိုက်ရသည်သာ အဖတ်တင်သွားသည်။ ရှေ့မှတ်တိုင်တွင်ဆင်းကာ အနော်ရထာလမ်းအတိုင်း ပြန်လျှောက်လာခဲ့သည်။ မမကို ပြန်တွေ့လိုတွေ့ငြား လိုက်ရှာသည်။ မတွေ့တော့ စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် တော်တော် ဒေါသထွက်သွား၏။ မမနှင့် ပတ်သက်သမျှ





တွေ သူလုပ်လိုက်တိုင်း အကုန်လုံးတလွဲတချော်တွေဖြစ်နေသည်။ ဖူးစာရေးနတ်က သူနှင့်မမကို သဘောတူပုံမပေါ်။ ကံကြမ္မာကလည်း သူ့ကို မေ့ထားပုံရသည်။ ကံကောင်းချောမောစွာ ဘာတစ်ခုမှ ဖြစ်မလာ။ ရဲမာန်သွေး တောက်တခေါက်ခေါက်ဖြင့် ဒေါသကြီးစွာ လျှောက်လာမိတော့သည်။

ကားရပ်ထားသည့် နေရာရောက်တော့ ဟိုကောင်တွေ တစ်ကောင်မှ မရောက်သေး။ သူတော်တော်ကြာကြာ ရပ်စောင့်နေသေးသည်။ တော်တော်နှင့် ပေါ်မလာ။ နေကလည်း ကျဲတောက်နေအောင် ပူနေ၍ လမ်းဘေး ခေါင်မိုးအရိပ်တစ်ခုအောက်တွင် ငုတ်တုတ်ထိုင်စောင့်နေလိုက်ရသည်။

ခဏနေတော့ ဉာဏ်ကြီးနဲ့စိန်ပေါက်တို့ ရောက်လာကြတော့သည်။

"ဟေ့ကောင် . . မင်း ဘယ်သွားတာလဲ ရောက်တာကြာပြီလား . ."

ဉာဏ်ကြီးကပြောရင်း ကားနောက်တံခါးဖွင့်ပေး၏။ စိန်ပေါက်က လက်မှကွန်ပျူတာ (System) ပုံးကို ကားပေါ်တင်၍ . . .

"ငါတို့ အအေးတစ်ခုခုသွားသောက်ကြရအောင်ကွာ . ."

ရဲမာန်သွေးတစ်ချက်စဉ်းစားကာ . . .

"သွားလေ . . ."

ပြီးတော့ သူတို့အအေးဆိုင်တစ်ခုသို့ ထွက်လာခဲ့လိုက်တော့၏။

"ရဲမာန် . . ခုန မင်းဘယ်ထွက်သွားတာလဲ . ."

ရဲမာန်သွေး စိန်ပေါက် အမေးကို ပြန်မဖြေသေးဘဲ . .

"မင်းတို့က ဘာလို့ဒီလောက်ကြာနေရတာလဲ . . ငါ နေပူထဲမှာ ရပ်စောင့်နေလိုက်ရတာ သေတော့မယ် . ."



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကြီးက ဝင်ပြီး . . .

"ဒီကောင့် ကွန်ပျူတာဆိုင်ပြန်သွားနေတာ . . ဟိုရောက်တော့ ခဏကြာရင် ရပြီဆိုတာနဲ့ တစ်ခါတည်း စောင့်ယူနေရလို့ . . နေပါဦး . . အဲဒါက အရေးမကြီးဘူး . . မင်းက ငါတို့ကိုတောင် မစောင့်နိုင်ရလောက်အောင် . . ဘာတွေ ဒီလောက်အရေးကြီးလို့ တစ်ယောက်တည်း ထွက်သွားရတာလဲ . . ."

သူ လာချပေးသော ဖျော်ရည်ကို တစ်ငုံစုပ်၍ . . .

"ငါ . . မမကို တွေ့လိုက်လို့ . . ."

"ဟေ . ."

နှစ်ကောင်စလုံး အံ့သြစွာသံပြိုင်ထွက်လာကြတယ် . . စိန်ပေါက်က . . .

"အဲဒါနဲ့ . . ."

သူ့စကားကိုထောက်ရင်း ဘယ်လိုလဲဆိုတဲ့ အမူအရာနဲ့ မေးငေါ့ပြတော့ . . သူဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တော့တယ်။ သူထင်တဲ့အတိုင်းပါပဲ ဟိုနှစ်ကောင် ခွက်ထိုးခွက်လန်ရယ်တော့တာပါပဲ . . . ရယ်နေရင်းမှ ဉာဏ်ကြီးက . . .

"တော်သေးတာပေါ့ ရဲမာန်ရာ . . မင်း မသေကောင်း မပျောက်ကောင်း . . တကယ်လို့သာ ဘတ်စ်ကားနဲ့တိုက်မိလို့ကတော့ မင်းဘဝဆုံးပြီ . . ."

"ကြောင်တာလည်း ကြည့်ကြောင်ပေါ့ကွာ . . ကိုယ့်အသက်အန္တရာယ်ဖြစ်လောက်အောင်တော့ မကြောင်သင့်ဘူး ဟေ့ကောင်"

သူ စိန်ပေါက်စကားကြောင့် တော်တော်အောင့်သွားတယ်။

"ဟေ့ကောင် . . ဒါ ငါကြောင်လို့ ဖြစ်တာမဟုတ်ဘူးကွ . . ချစ်လို့ . . ငါ မမကို ချစ်လို့ မမ တစ်ခုခုဖြစ်မှာစိုးလို့ . . ."





သူ့အသံက မာမာနဲ့ ပြန်ပြောတော့ နှစ်ကောင်စလုံး ရယ်ကျဲကျဲနှင့် . . .

"အေးပါကွာ . . ဟုတ်ပါပြီ . . မင်း မမကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါတို့သိပါတယ် . . ဒါပေမယ့် ငါတို့ပဲသိနေလို့ မင်း မမကို မင်းပိုင်ဆိုင်ရမှာမှ မဟုတ်တာ။ သူသိသွားဖို့လည်း လိုတယ်လေ"

"ဟုတ်တယ် ရဲမာန် . . . ဉာဏ်ကြီးပြောတာမှန်တယ် . . မင်း မမကို မင်းဖွင့်ပြောသင့်ပြီ . . မင်း ဒီလို သူ မသိ ငါရာနှုန်းပြည့်ဆိုတဲ့ ပုံစံမျိုးလုပ်နေလို့ကတော့ အခုကိစ္စမှာ မင်းသေသွားတောင် ဟိုက သူ့ကြောင့်ဖြစ်တယ်ဆိုတာ သိလိုက်မှာမဟုတ်ဘူး . . အခု မင်းလုပ်နေပုံက မင်းတစ်ယောက်တည်း ကျိတ်ခံစားနေတယ် . . မင်း သူ့ကို ချစ်တဲ့အကြောင်း ပြောဖို့ မင်းမကြိုးစားတော့ဘူးလား . ."

သူ ဒီနှစ်ကောင်ပြောတော့ တွေဝေသွားသည်။ ဒီကောင်တွေပြောတာဟုတ်သည်။ သူလုပ်နေပုံက ဒီကောင်တွေပြောသလို သူချစ်တာ သူသာသိပြီး မမ သိမှာမဟုတ်။ ဒီအတိုင်းနေသွားလို့ကတော့ မမ ကိုသူပိုင်ဆိုင်ဖို့ ဝေလာဝေး . . မမက သူ့ကိုချစ်နေပါတယ် ဆိုတာတောင် သိဖို့မလွယ်။

ရဲမာန်သွေး စဉ်းစားရင်း ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချလိုက်တော့သည်။ သူ နန်းအိမ်နွေ့ထွန်းခေါင်ကို တုံးတိုက်တိုက် ကျားကိုက်ကိုက် ဖြစ်ချင်ရာဖြစ် ပြောလိုက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းအိန္ဒြေထွင့်ခေါင် ဒီနေ့အလှဆုံး ပြင်ထားသည်။ နဂိုကတည်းက လှသောသူဖြစ်သောကြောင့် အလွန်လှပနေ၏။ အလှူကို ရောက်လာကြသော သူများကလည်း အထက်တန်းလွှာများချည်း ဖြစ်သော ကြောင့် အရောင်အဝါတွေ ဖျတ်ဖျတ်လက်နေ၏။ နန်း အိန္ဒြေထွင့်ခေါင်ကတော့ ဟိုဝိုင်းနားသွားလိုက်၊ ဒီဝိုင်းနားသွားလိုက် ဖြင့် ဧည့်ခံနေရသည်။ အရောင်အဝါတောက်ပနေသည့် ပန်းခင်းကြီးထဲမှ လိပ်ပြာလေးတစ်ကောင်လိုဖြစ်နေတော့သည်။

လာရောက်ကြ သူများထဲမှ ယောကျ်ားလေးရှင်များကလည်း နန်းအိန္ဒြေ၏အလှတွင် ယစ်မူးနေ၏။ သူတို့၏ မိဘများကလည်း ချွေးမတော်ချင်နေကြသည်။ ဦးထွင့်ခေါင်ကို စကားလေးဘာလေး တီးခေါက်ကြည့်ကြဖူး သူများဖြစ်၏။ ဦးထွင့်ခေါင်ကတော့ သူ့သမီး အိမ်ထောင်ရေး သမီးနှင့်သာဆိုင်သည်ဟု ပြောထားဖူး၏။ ထို့ကြောင့် သူတို့သားများကိုသာ နန်းအိန္ဒြေထွင့်ခေါင်၏ အချစ်ပန်းကို ခူးဆွတ်နိုင်ဖို့ မြှောက်ပေးရုံအပြင် တခြား ချဉ်းကပ်စရာ နည်းလမ်း ရှာမရ





ဖြစ်ကုန်၏။ တော်တော်များများကတော့ နန်းအိန္ဒြေထွင့်ခေါင်၏ လှပ ချောမောသော ရုပ်လက္ခဏာနှင့်ချမ်းသာကြွယ်ဝသော ပစ္စည်းဥစ္စာ များကိုပါ တွဲဖက်မက်မောကြခြင်းပင်ဖြစ်သည်။

နန်းအိန္ဒြေထွင့်ခေါင် ဧည့်သည်တွေကို ဧည့်ခံနေရင်း မိစော က ပန်းစည်းတစ်ခုကိုကိုင်၍ လာပေးသည်။ နှင်းဆီပန်းအဖြူတွေ ဖြစ်၏။

"မမ . . ရော့ . . မမ မှာထားတဲ့ပန်းတွေ . . ခြံက လာပေး သွားတယ် . . ."

"ဩော် . . အေး . . အေး . . ."

ယူထားလိုက်ပြီး ဘုရားပန်းအိုးထိုးရန် အပေါ်ထပ်သို့ ပြေး တက်သွား၏။ နန်းအိန္ဒြေထွင့်ခေါင် ပန်းထဲတွင် နှင်းဆီဖြူကို အကြိုက် ဆုံးဖြစ်သည်။ ဒါကြောင့် ဈေးထဲက ကောင်လေးကို မနက် လတ်လတ် ဆတ်ဆတ် ခူးထားသော ပန်းများလာပို့ရန် မှာထားခြင်းဖြစ်သည်။ ပန်ဖို့မဟုတ် . . . ဘုရားပန်းထိုးရန် ဖြစ်သည်။

ဘုရားပန်းထိုးပြီး ကန်တော့ကာ အောက်ထပ်သို့ ပြန်ဆင်း ခဲ့တော့သည်။ အဲဒီအချိန်မှာ လှေကားရင်းတွင် ပန်းစည်းကြီးတစ်ခု ကိုင်၍ ရပ်နေသော ကိုတင်မောင်မောင်ချစ် (ခင်တုံတုံချစ်ရဲ့အစ်ကို မဟုတ်ပါ) ကိုတွေ့လိုက်ရသည်။ သူတို့ ကုမ္ပဏီက ရှယ်ယာဝင်တစ်ဦး ဖြစ်သည်။ သူ့ကို အသေရရ၊ အရှင်ရရ လိုချင်နေသူလည်းဖြစ်၏။ လက်ထဲက ပန်းစည်းကြီးကလည်း ပန်းတွေစုံလင်လှသည်။ သူ့တို့ တွေ့တော့ ဒရောသောပါး ရယ်ပြ၏။ ရှေ့ရှေ့သွားများ အပါအဝင် အံဆုံးအထိ အကုန်မြင်ရအောင်ဖြဲကာ ရယ်ပြ၏။ နန်းအိန္ဒြေထွင့် ခေါင် မြို့လယ်ကောင် ခွေးချေးနင်းမိသလို စိတ်ပျက်သွားသည်။ သို့သော် လူမှုရေးအရ ပြန်ပြုံးပြလိုက်ရသည်။

"ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဒါ နန်းအတွက် ကိုသ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်နူးခဲ့တာ . . မနက်အစောကြီး နှင်းတွေဝေနေတဲ့ကြားထဲက ဒီပန်းလေးတွေကို ကိုတင် ကိုယ်တိုင် ဆွတ်လာခဲ့တာပါ နန်းလေးရယ် . . "

ပြောပြီး ဆံပင်ကိုတစ်ချက်သပ်လိုက်ကာ ဇာတ်မင်းသားစတိုင်လ်လို မာန်ပါပါ ကမ်းပေး၏။

နန်းအိန္ဒြေ ကိုတင်မောင်မောင်ချစ်ဆိုတဲ့ လူကြီးကိုကြည့်ပြီး စိတ်ပိုညစ်သွားသည်။ ရယ်လည်း ရယ်ချင်သွားသည်။ ကိုတင်မောင်မောင်ချစ် ခေါင်းမှ ဆံပင်များသည် ဆီပင်လယ်ကြီးတွင် နစ်နေသည်ဟု ထင်ရသည်။ တစ်ခေါင်းလုံး ဘာဆီတွေလိမ်းလာသလဲ မသိ၊ ရွှဲနေ၏။ နဖူးပေါ်တောင် ခဏခဏ စီးကျလို့သုတ်ထားပုံရသည်၊ နဖူးကြီးပြောင်ဝင်းနေ၏။ အလိုလိုကမှ ရုပ်က ကလေးမသာ မျက်မှန်တပ်ထားသလိုဖြစ်နေရသည့်ကြားထဲ အခုလိုဖြစ်နေတော့ အတော်အော်ဂလီဆန်ချင်စရာ။ သို့သော် ပေးသောပန်းစည်းကိုယူ၍ ကိုတင်မောင်မောင်ချစ်ကို ထိုင်စရာနေရာတစ်ခုစီစဉ်ပေးလိုက်သည်။ ဒါ အရေးကြီးသည်။ ထိုင်စရာနေရာမရှိလျှင် သူနောက်တကောက်ကောက် လျှောက်လိုက်နေဦးမည်။

"ဟဲ . . ဟဲ . . ဟဲ . . နန်းလေး ဒီနေ့ အရင်ကထက်ပိုလှနေပါလား . . "

ထုံးစံအတိုင်း သွားကြီးဖြဲပြီး သူပေးသောခုံတွင် ဝင်ထိုင်ကာ ပြော၏။

"ဟုတ်ကဲ့ . . ချီးမွမ်းတာ ကျေးဇူးတင်ပါတယ် . . "

ပြောပြီး အလုပ်ရှိသလိုလိုနှင့် လှည့်ထွက်ခဲ့တော့သည်။ ဒီလူကြီးရှေ့မှာ ကြာကြာနေလျှင် မလွယ်။ သူ့ရဲ့ဇာတ်မင်းသားအိုက်တင်ကြီးနဲ့ စကားပြောတာကို ကြည့်လို့မရ။ အသတ်တောင် တိုသွားနိုင်သည်။





နန်းအိန္ဒြေထွင့်ခေါင် အိမ်ရှေ့သို့ထွက်လာခဲ့လိုက်သည်။ သူ့အဖေ ဦးထွင့်ခေါင်ကတော့ ဝိုင်းတစ်ဝိုင်းတွင် ထိုင်ကာ သူမိတ်ဆွေတွေနှင့် စကားပြောနေတာ တွေ့ရ၏။ အချိန်ကလည်း တဖြည်းဖြည်းကြာလာတော့ ဧည့်သည်အလာ မရှိသလောက် နည်းသွားပြီ။ ပြန်သူများသာ ရှိတော့၏။ တချို့ဧည့်သည်များကို အပြန်တွင် လိုက်နှုတ်ဆက်ရင်း ခြံဝသို့ အမှတ်မထင်ကြည့်မိလိုက်၏။

လင်ကရူဇာကား အနက်ရောင်တစ်စီး ဝင်လာတာတွေ့လိုက်ရသည်။ အလှူလာ ဧည့်သည်ဖြစ်မည်။ ဘယ်သူပါလိမ့်ဆိုတဲ့ သဘောနဲ့ ကြည့်နေလိုက်၏။ ကားခေါင်းခန်းမှ သူတို့အဖေ အရွယ်လောက်ရှိသည့် ခန့်ခန့်ချောချော အံန်ကယ်ကြီးတစ်ယောက် ဆင်းလာတော့သည်။ သူ့အဖေ မိတ်ဆွေ ဖြစ်မည်ဟု တွေးကာ နန်းအိန္ဒြေထွင့်ခေါင်တစ်ယောက် သူ့အဖေကို အသိပေးရန်အလှည့် ကားမောင်းသည့်ဘက်မှ ဆင်းလာသူကို တွေ့လိုက်ရတော့ ရင်တစ်ခုလုံး ဝုန်းခနဲဖြစ်သွားတော့၏။ တော်တော်လည်း အံ့သြသွား၏။ တခြားမဟုတ် ရဲသွေးမာန်ပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမာန်သွေးကတော့ သူ့အဖေ ဦးတောက်ထွန်းနှင့် ပါလာခြင်းပင်။ မနက်စောစော သူ့အဖေက လာနှိုး၍ ပထမအံ့ဩနေရသည်။ တစ်ခါတလေ နေဖင်ထိုးအောင် အိပ်တတ်သောအကျင့်ကြောင့် လာနှိုးလျှင်လည်း အမေ သာလာနှိုးနေကျ။ ဒီတစ်ခါ သူ့အဖေဦးတောက်ထွန်း ကိုယ်တိုင် လာနှိုး၍ စိတ်ထဲအံ့ထုးအဆန်းဖြစ်နေသည်။ ပြီးမှ မမတို့ အလှူသွားမလို့ ကားမောင်းပို့ရင်း လိုက်ခဲ့ရန် လာနှိုးကြောင်း သိလိုက် ရတော့ ရဲမာန်သွေး လိုလိုချင်ချင်ပင် အိပ်ရာမှငေါက်ခနဲ ထလိုက်သည်။ မမနဲ့တွေ့ရမည်ဆိုတော့ ထုံးစံအတိုင်း ရင်ခုန်နေသည်။ ဒီ တစ်ခါတွေ့လျှင် အလွဲလွဲအမှားမှား ဘာတစ်ခုမှမဖြစ်အောင် ဆင်ဆင်ခြင်ခြင်နေမည်ဟု တွေးထားသည်။ မမနဲ့တွေ့လျှင် ပြောမယ့်စကားတွေတောင် တွေးထားလိုက်သေးသည်။ တစ်ရက်နေလို့ မှန်တစ်ခါမကြည့်သော ရဲမာန်သွေးတစ်ယောက် အလှူသွားဖို့အတွက် မှန်ကြည့်တာ နောက်ဆုံးတစ်ခါနဲ့ဆို ဆယ်ခေါက်လောက်ရှိသွားသည်။ ကိုယ့်ကိုယ်ကိုယ် ကျေနပ်လောက်အောင်ရှိသွားတော့မှ





မမတို့အလှူသို့ ထွက်လာလိုက်တော့၏။ သူ အလှုပြင်တာ နည်းနည်းကြာသွားလို့ ကားပေါ်ထိုင်စောင့်နေရသော သူ့အဖေ၏ မာန်မဲခြင်းလောက်တော့ ခံလိုက်ရသည်။

ကားပေါ်က ဆင်းဆင်းချင်း အိမ်တံခါးဝတွင်ရပ်နေသော နန်းအိန္ဒြေထွန်းခေါင်ကိုတွေ့လိုက်ရတော့ ရဲမာန်သွေးတစ်ယောက် ဝမ်းသာသွားသည်။ မမက ထင်ထားတာထက်ပင် လှနေသေး၏။ ရဲမာန်သွေးလှုပ်ရှားနေသော စိတ်ကို အတတ်နိုင်ဆုံးငြိမ်အောင် ထိန်း၍ သူ့အဖေနောက်မှ လိုက်ခဲ့တော့သည်။

"ကြွပါရှင် . . အထဲကိုကြွပါ အန်ကယ် . . အထဲမှာ ဖေဖေ ရှိပါတယ်ရှင့် . . ."

သူ့အဖေကိုကြည့်၍ ယဉ်ကျေးပျူငှာစွာ ကြိုဆို၏။ ရဲမာန်သွေးဘက်လှည့်၍ . . .

"လာ . . မောင်လေး . . လာ . . အထဲကို . ."

ဟု ပြောကာ ရှေ့မှ ဦးဆောင်ဝင်သွားတော့သည်။ အထဲရောက်တော့ မမ၏ အဖေလို့ထင်ရသည့် လူကြီးတစ်ယောက် ထလာ၍ . .

"ဟာ . . . ကိုတောက်ထွန်း လာဗျာ . . လာ . . နောက်ကျလိုက်တာ . . ကျွန်တော်က မနက်စောစော ရောက်မယ်ထင်လို့"

"အေးဗျာ . . ဒီမှာ သားတော်မောင် အိပ်ရာနိုးနေရတာနဲ့ ကြာသွားတာ . ."

သူ့အဖေစကားလည်းကြားရော . . မမက သူ့ကိုတစ်ချက်လှမ်းကြည့်ပါ၏။ သူလည်း ရှက်ရှက်နဲ့ ပြန်ပြုံးပြလိုက်သည်။ မမအကြည့်ကို သူ သိ၏။ အိပ်ပုပ်ကြီးလိုက်တာဆိုတဲ့ အကြည့်မျိုး၊ ဘာကြောင့်မှန်းမသိ မမမျက်ဝန်းတွေက နွေးထွေးလှိုက်မောနေသလိုပင် ခံစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ သူတို့စားသောက်ပြီးသွားတော့ သူ့အဖေက ဦးထွန်းခေါင်နှင့် အာလာပသလ္လာပ ထိုင်ပြောနေသည်။ သူ မမကို ရှာကြည့်သည်။ မတွေ့။ ခဏနေမှ အိမ်အပေါ်ထပ်က ဆင်းလာပြီး သူ့ကိုတစ်ချက်ပြုံးပြကာ အိမ်ရှေ့ထွက်သွားတာ တွေ့လိုက်ရသည်။ ရဲမာန်သွေး ထိုင်နေရာမှ အသာလေးထပြီး အိမ်ရှေ့ထွက်ခဲ့လိုက်တော့သည်။ သူ့အဖေကတော့ ဦးထွန်းခေါင်နှင့် စကားကောင်းနေဆဲ။

အိမ်ရှေ့ရောက်တော့ မမကို သစ်ခွပန်းရုံလေးနားတွင် တွေ့လိုက်ရ၏။ တစ်အိမ်လုံးလည်း ငြိမ်သည်သိပ်မရှိတော့။ သူတို့အပြင် တစ်ဝိုင်းနှစ်ဝိုင်းလောက်ပဲ ကျန်တော့သည်။ ဒါကြောင့် အိမ်ပြင်မှာ လူရှင်းနေ၏။ သူ မမရှိရာသို့ လှမ်းသွားလိုက်သည်။

"မမ . ."

နောက်မှ ခေါ်သံကြားတော့ နန်းအိန္ဒြေထွန်းခေါင် တစ်ချက်တွန့်သွားပြီး လှည့်ကြည့်လိုက်၏။

"ဪ . . မောင်လေး . . . စားပြီးသွားပြီလား . ."

"ဟုတ်ကဲ့ . . ."

"ကောင်းရော . . ကောင်းရဲ့လား မသိဘူး . . မမကိုယ်တိုင် လုပ်ထားတာဆိုတော့ . . ."

"ဟာ . . အဲဒါကြောင့် . . ကောင်းနေတာဖြစ်မယ် . . ကျွန်တော် ဒီလောက်ကောင်းတာ တစ်ခါမှ မစားဖူးဘူး . ."

ရဲမာန်သွေး အပိုတွေလျှောက်ပြောပစ်လိုက်သည်။ အမှန်တကယ်တော့ သူ ဥရောပအစားအစာကို အဲဒီလောက် မကြိုက်။ တစ်ဇွန်း၊ နှစ်ဇွန်းသာ စားခဲ့သည်။ ဒါပေမယ့် ရဲမာန်သွေး စကားကြောင့် နန်းအိန္ဒြေထွန်းခေါင် ရင်ထဲကြည်နူးမှုလေး ဖြစ်သွားတာတော့ အမှန်ပင် . . .

"ဟင်း . . ဟင်း . . မောင်လေးက မြှောက်နေပြန်ပြီ . ."





ပြောပြီး သစ်ခွပန်းတစ်ပွင့်ကို ကတ်ကြေးလေးနဲ့ညှပ်ပြီး ပလတ်စတစ်အိတ်လေးထဲ ထည့်နေ၏။

"မမက ပန်းကြိုက်တယ်နော် . . ."

"အင်း . . မိန်းကလေးပဲကွယ် . . ကြိုက်တာပေါ့ . ."

"မမက ပန်းတွေထဲမှာ ဘယ်ပန်းအကြိုက်ဆုံးလဲ ဟင်"

"နှင်းဆီ . . ."

"ဪ . . ."

ရဲမာန်သွေး ရောက်တတ်ရာရာတွေ လျှောက်ပြောနေလိုက်သည်။ အခုထိ စကားဦးတည်ချက်မရှိသေး။ နောက်တော့ ဘာဆက်ပြောရမှန်းမသိ စဉ်းစားနေမိသည်။ စဉ်းစားနေရင်း မမကို သူငေးကြည့်နေမိ၏။ ပြီးမှ . . မမ အသံထွက်လာတော့သည်။

"မောင်လေး မနေ့က ဘတ်စ်ကားပေါ်က မမကို နှုတ်ဆက်သွားတာ . . ဘယ်သွားတာလဲ"

ရဲမာန်သွေး ကြောင်တောင်တောင်ဖြစ်သွားသည်။ သူ ဘယ်တုန်းကမှ ဘတ်စ်ကားစီးပြီး မမကို မနှုတ်ဆက်ဖူးပေ။ ရဲမာန်သွေး ဦးနှောက်ခြောက်သွားသည်။ ပြီးမှ သတိရသွား၏။ မနေ့က ကိစ္စကို မမက အစအဆုံးမသိဘဲ သူထင်ရာပြောခြင်းဖြစ်မည်။ ရဲမာန်သွေး တွေးရင်း မျက်နှာကြီးထူအမ်းသွား၏။ မမ အဖြစ်မှန်ကို သိသွားလို့ကတော့ သူ့အတွက် ရှက်စရာပင်။ ဒါကြောင့် ချော်လဲရောထိုင်ပဲ လုပ်ချလိုက်တော့သည်။

"အဲ . . ဟို . . ကားပျက်သွားလို့ . . အဲဒါ အသိဝပ်ရှော့ဆရာ သွားခေါ်တာ . . မမ . . Taxi ငှားနေရတာ ကြာလို့ ဘတ်စ်ကားပဲ စီးသွားလိုက်တာ . . နီးနီးလေးပါ . . အဲဒီနေရာနဲ့ဆို နှစ်မှတ်တိုင်လောက်ပဲရှိတာ . . အဲဒါနဲ့ မမကိုတွေ့တော့ ကျွန်တော် လှမ်းနှုတ်ဆက်လိုက်မိတာ . . ."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးမှ ကိုယ့်ကိုယ်ကိုယ် မလုံမလဲ ဖြစ်သွား၏။ ဘတ်စ်ကားပေါ်က နှုတ်ဆက်ရလောက်အောင် သူနဲ့မမနဲ့က ဘာမှ ဒီလောက်ကြီး ပတ်သက်သေးတာ မဟုတ်ပေ။ သို့သော် မတတ်နိုင် အခြေအနေအရ ဒီအဖြေအကောင်းဆုံး ဖြစ်နေ၏။ နန်းအိန္ဒြေထွန်းခေါင်က သူ့ကိုပြုံးကြည့်ပြီး သစ်ခွပန်းအိတ်ကလေးကို ကိုင်ကာ ရှေ့မှလျှောက်သွားရင်း ထပ်မေး၏။ အခုတော့ သူက စကားပြောမလို့သွားတာ။ သူချည်းပဲ အပြောခံနေရတော့သည်။

"ဒါနဲ့ မောင်လေး . . ကျောင်းတောင် . . မလာတော့ဘူးနော် . . ."

"ဗျာ . . ဘာ . . ဘာဖြစ်လို့လဲ . . မမ . ."

သူ ပျာသွားသည်။ စကားတောင် ထစ်ထစ်ငေါ့ငေါ့ ဖြစ်သွား၏။ နန်းအိန္ဒြေထွန်းခေါင် သူ့ကို ဘယ်အဓိပ္ပါယ်နဲ့ မေးလဲမသိပေ။ တွေးနေရင်း မေ့ထားတာကြာပြီဖြစ်သော 'ခင်တုံတုံချစ်' မျက်နှာကြီး ပြေးမြင်မိသည်။

"ဘာမှမဖြစ်ပါဘူးကွယ် . . မတွေ့မိလို့ မမက မေးကြည့်တာပါ . . ."

"အဲ . . ဟို . . ကျွန် . . ကျွန်တော် . . ဟို . ."

သူ တကယ်ဘာဖြေရမှန်းကို မသိတော့ . . မအားလို့ပါဗျာ ဟု ပြောလျှင်လည်း အားတုန်းကတော့ 'ခင်တုံတုံချစ်' ဆီလာသည် ထင်ဦးမယ်။ အဲဒီနေ့က ဖြစ်သွားသည့်ကိစ္စကို မမ အခုလောက်ဆို သိပြီးနေလောက်ပြီ။ သူ ဒုက္ခရောက်နေသည်။

"သြော် . . ဆောရီးနော် . . မမ နည်းနည်းမှားသွားတယ် . . မဖြေလည်းရပါတယ် . . ဘာမှမဟုတ်ပါဘူး . . ဒီအတိုင်း ဘာရယ် မဟုတ်မေးကြည့်တာ . ."

သူ တွေဝေနေတာကို တစ်မျိုးသဘောပေါက်သွားပုံရသည်။





ဒီလိုတော့ မဖြစ်။ သူ တစ်ခုခုပြောမှ ရတော့မည်။

"ဟာ . . မဟုတ်ပါဘူး မမ . . မမ ထင်သလို မဟုတ်ဘူး ကျွန် . . ကျွန်တော့်ကို ကျောင်းကိုလာဖို့ ဖိတ်တဲ့လူမရှိလို့ပါဗျာ . ."

သူ ပြောမိပြောရာ ပြောချလိုက်တော့သည်။ အဲဒီတော့မှ ဘာကြောင့်မှန်းမသိ မမ မျက်နှာတစ်မျိုးဖြစ်သွားပြီး . . .

"ဖိတ်မယ်သူ မရှိတော့လည်း . . မမက လာလည်ဖို့ ဖိတ်ပါတယ်ကွယ် . . လာလည်ပါ . ."

သူ တော်တော်ပျော်သွားသည်။

"တ . . တကယ်လား . . မမ . . ကျွန်တော် လာလည်မှာနော် . . . မမ ဆီကို . . ."

"အေးပါကွယ် . . လာပါ . . မမဆီ မောင်လေး အချိန်မရွေး လာလည်နိုင်ပါတယ် . . ."

"ကျွန်တော် လာရင် မမက လက်ခံစကားပြောမှာမို့လို့လား"

"ဘာလို့ မပြောရမှာလဲ . . မောင်လေးနဲ့မမက တစိမ်းတွေမှ မဟုတ်တော့တာ . . ပြောမှာပေါ့ . . မင်းသာ လာဖြစ်အောင် လာခဲ့ပါကွာ . ."

နန်းအိန္ဒြေထွန်းခေါင် သူ့ကို ရွှန်းရွှန်းစားစား ကြည့်ရင်းပြောတော့ သူ့နားတောင် သူမယုံဖြစ်သွားသည်။ ဘယ်လိုဖြစ်ပြီး နေ့ချင်းညချင်း ရဲမာန်သွေးတို့ ကံဇာတာတက်သွားရတာလည်း မပြောတတ်ပေ။ ဘယ်လိုပဲဖြစ်နေနေ ရဲမာန်သွေးတစ်ယောက်တော့ နန်းအိန္ဒြေ၏ ဖိတ်ကြားခြင်းခံလိုက်ရသောကြောင့် မြင်းကို ဂျိုတပ်ပေးသလို ဖြစ်သွားမှာတော့ အမှန်ပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်တော့ ရဲမာန်သွေးတို့ ရန်ကုန်တက္ကသိုလ်ထဲသို့ နောက်တစ်နေ့ပဲ သွားကြတော့သည်။ ထုံးစံအတိုင်း စိန်ပေါက်နဲ့ ဉာဏ်ကြီးတို့ကတော့ ပါလျက်ပင်။ သို့သော် စိတ်ထဲမှာတော့ အားလုံးလိုလို လန့်နေကြသည်။ စိန်ပေါက်ကဆို . .

"ဖြစ်မှလည်း လုပ်ပါ ရဲမာန်ရာ . . ငါတော့ ဟိုတစ်ခါ ပြဿနာတက်ပြီးကတည်းက လန့်နေတာ . . ဒီတစ်ခါ တစ်ခုခုထပ်ဖြစ်ရင် မလွယ်ဘူးနော် ဟော့ကောင် . ."

"ဒီတစ်ခါ သေချာပါတယ်ကွ . . မမ ကိုယ်တိုင် ငါ့ကိုဖိတ်တာ . . ."

သူ ပြောသာပြောလိုက်ရတာ . . သူလည်း သွားရမှာ မဝံ့မရဲဖြစ်မိသည်။ ဒီကြားထဲ ဉာဏ်ကြီးစကားကြောင့် တွန့်သွားရသေး၏။

"မင်း ခင်တုံတုံချစ်ကြီးနဲ့ ပြန်တွေ့နေရင် ဘယ်လိုလုပ်မလဲ"

သူ ဘာဆက်ပြောရမှန်းမသိတော့။ ခင်တုံတုံချစ် မျက်နှာကြီး မြင်ယောင်လာတော့ ပျော်ရွှင်နေတာလေးပင် ဘယ်ရောက်သွားမှန်းမသိတော့ပေ။ သို့သော် သွားတော့သွားရမည်။ အခုလို မမ





ကိုယ်တိုင်ဖိတ်တဲ့ အခွင့်အရေးမျိုး ရှား၏။ ဒါမျိုးလက်လွှတ်မခံနိုင်။ လာမယ့်ဘေး ပြေးတွေ့ရုံသာရှိတော့သည်။ သို့သော် ခင်တုံတုံချစ်တစ်ယောက် သူနဲ့ဖြစ်သည့် ကိစ္စကြောင့် နာမည်ကြီးနေသည်ဆိုတာကိုတော့ သူမသိသေးချေ။

ကားကို အဆောင်ရှေ့သစ်ပင်ရိပ်တစ်ခုတွင် ရပ်၍ အခြေအနေကို တစ်ချက်အကဲခတ်လိုက်သည်။ ကျောင်းသား၊ ကျောင်းသူများကတော့ ပုံမှန်အတိုင်း လှုပ်ရှားနေကြ၏။ စိန်ပေါက်နဲ့ဉာဏ်ကြီးကတော့ တတ်သမျှမှတ်သမျှ ဘုရားစာတွေကို နောက်နေတာလား၊ အတည်လား မသိ ရွတ်နေကြ၏။ သူ ကားပေါ်က ဆင်းတော့ ဟိုနှစ်ကောင်ပါ လိုက်ဆင်းပြီး တွန့်ဆုတ် တွန့်ဆုတ်နှင့် ပါလာကြသည်။

သူတို့ အတန်းရှေ့ရောက်တော့ မမ တို့ စာသင်နေသည်ကို တွေ့ရသည်။ ကျောင်းသားအားလုံး ဆရာမဆီ အာရုံရောက်နေသောကြောင့် သူတို့ကို ဘယ်သူမှဂရုမထားမိ။ မမကို ရှေ့ဆုံးတန်းမှာ ထိုင်နေတာ တွေ့လိုက်ရသည်။ သူ့ကိုတော့ မမြင်သေးပေ။ အဲဒီအချိန်မှာပဲ စိန်ပေါက်က သူ့ကို အသာလက်ကုတ်ပြီး . . .

"ဟော့ကောင် . . ဟော့ကောင် . . ဟိုမှာ မင်းဟာကြီး မင်းကို ကြည့်နေတယ် . ."

"ဟင် . . ဘယ်မှာလဲ . . ."

စိန်ပေါက်က မျက်နှာအမူအရာနဲ့ ညွှန်ပြတော့မှ သူတွေ့သွားသည်။ ဟုတ်ပါသည်။ တစ်ခါမြင်ဖူးရင် လူတိုင်းမှတ်မိသည့် ခင်တုံတုံချစ်ကြီး သူ့ကို သတိထားမိသွားပြီး စိမ်းစိမ်းကြီး စိုက်ကြည့်နေ၏။ အကြည့်က ကြောက်စရာကြီးပင်။ စိန်ပေါက်ကပြောပြီး နောက်သို့ ဆုတ်သွားတော့၏။ ဉာဏ်ကြီးလည်း မျက်စိမျက်နှာပျက်သွားသည်။ သူတစ်ယောက်တည်းသာ အတန်းရှေ့ ငူငူကြီးကျန်ခဲ့၏။ အဲဒီအချိန်မှာပဲ ခင်တုံတုံချစ်ကြီးက သူ့ကိုစိုက်ကြည့်နေရာမှ ဖြုံခနဲရယ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



သိုက်တာတွေ့လိုက်ရတော့သည်။ သူ ဆက်မနေရဲတော့ ဟိုကောင်တွေ ထွက်သွားသော အခန်းအကွယ်လေးဘက် ထွက်လာခဲ့လိုက်တော့၏။

"ခင်းဟာက မလွယ်ဘူး ရဲမာန် . . ငါတို့တော့ မနေရဲတော့ဘူး၊ ဒီတစ်ခါ အရှက်သပ်ကွဲရင် မလွယ်ဘူးနော် . ."

"ဟုတ်ပါတယ် . . သူငယ်ချင်းရာ ပြန်ကြရအောင် . . ငါတော့ တွေးကြည့်တာနဲ့တင် သေချင်စော်နံလာပြီ . ."

ဒီနှစ်ကောင်မျက်နှာ ဆီးရွက်လောက်ပဲ ကျန်တော့၏။ ဒါပေမယ့် ရောက်ပြီးမှတော့ ပြန်မလှည့်ချင်တော့ပေ။

"မင်းတို့ကလည်းကွာ ယောကျ်ားတွေမဟုတ်တဲ့အတိုင်းပဲ။ ငါ ရှက်ဖို့လည်း ထားကြပါဦး။ ခဏလေးပါ တော်ကြာဆို အတန်းပြီးတော့မှာ . . ."

"အေး . . အဲဒါဆိုလည်း မင်းတစ်ယောက်တည်း နေခဲ့တော့ . . ငါတို့ကတော့ ကြောက်တယ် . . တော်ကြာ ဒီဟာမကြီးက ထွက်လာပြီး ပြုသမရှာဘူးလို့ မပြောနိုင်ဘူး။ ရှာရင် ဘယ်လိုလုပ်မလဲ"

"ဟာ . . ငါတို့က သူ့ကို ဒီတစ်ခါ ဘာမှသွားမလုပ်ရင် ဘာမှမဖြစ်ပါဘူးကွာ . . ဟိုတစ်ခါ ငါတို့သူ့ကိုသွားပြီး ဇာတ်လမ်းစလို့ ဖြစ်ရတာပါ . . ခဏလေးစောင့်ပါ . . သူငယ်ချင်းတို့ရာ . . ငါ တောင်းပန်ပါတယ် . ."

ဝန္နလသွေးပါသော ဒီနှစ်ကောင်ကို မနည်းချော့မော့တောင်းပန်လိုက်ရသည်။ အရေးထဲ အတန်းကလည်း မဆင်းသေးပေ။ သူ မမကိုအပြင်မှာ သူတို့ရောက်နေကြောင်း မျက်ရိပ်ပြရန် စဉ်းစားပြီး အတန်းရှေ့ အရဲစွန့်ကာ ထွက်ခဲ့လိုက်တော့၏။ ဟိုနှစ်ကောင်ကတော့ လိုက်မလာပေ။ အနောက်မှာပဲ ကျန်ခဲ့တော့သည်။

သူ အခန်းရှေ့မှအဖြတ် ခင်တုံတုံချစ်ကို တစ်ချက်လှမ်းအကဲခတ်လိုက်သည်။ သူ့ကိုမြင်တော့ အဝေးကပင် လှမ်းလှမ်းရယ်ပြနေသည်။ ပြီးတော့ ဘေးက သူ့သူငယ်ချင်းနှစ်ယောက်ကိုလည်း လှည့်ပြောကာ သူ့ကို မျက်စပစ်မေးငေါ့ပြနေ၏။ ခက်တော့ခက်နေပြီ။ သူ့ကိုလာကြည့်တယ်လို့များ ထင်နေသလား မသိပေ။ အခန်းရှေ့ကြာကြာ ဆက်မနေချင်တော့။ မမကို သူရောက်နေကြောင်းသာ လှုလုံးပြ၍ တစ်နေရာကသာ မမ ထွက်အလာကို စောင့်နေလိုက်တော့မည်ဟု တွေးကာ မမကိုသာမြင်သာအောင် လှုပ်ရှားပြလိုက်သည်။ ပထမတော့မမြင် နောက်တော့ သူ့ကိုမြင်သွားပြီး ချက်ချင်းပြုံးပြ၏။ သူလည်း ဒီနားမှာရှိနေမည်ဆိုသည့် ပုံစံလုပ်ပြ၍ စိန်ပေါက်တို့ထံ ပြန်လာခဲ့လိုက်တော့သည်။ စိန်ပေါက်တို့ဆီရောက်တော့ . .

"ဟေ့ကောင် . . အဆင်ပြေလား . . ဘယ်လိုလဲ တွေ့ခဲ့လား . ."

"အေး . . တွေ့တယ် . . ငါ ရောက်တာ မမ သိသွားပြီ . . တော်ကြာ အတန်းပြီးတော့မှာပါ . . ဒီကပဲ စောင့်နေလိုက်တော့မယ် . ."

ခင်တုံတုံချစ် သူ့ကိုလှမ်းလှမ်းရယ်ပြနေသည့်အကြောင်းကိုတော့ ချန်လှပ်ထားလိုက်သည်။ တော်ကြာ အကြောက်လွန်ပြီး နှစ်ကောင်စလုံး ပြေးထွက်သွားလျှင် ဒုက္ခ၊ သူ မမတို့ အတန်းဆင်းချိန်ကို စောင့်ကာရပ်နေရင်း တွေးနေမိသည်။ သူ ဒီနေ့ မမနဲ့တွေ့ရင် ဘာတွေပြောရမည်နည်း။ ထမင်းစားပြီးပြီလား။ နေကောင်းလားဆိုတာမျိုးလောက်တော့ မဖြစ်ချေ။ အခုဟာက ဒီအဆင့်လောက်နဲ့ မဖြစ်တော့။ အဆင့်ကျော်သင့် ကျော်ရတော့မည်။ မမနဲ့ စတွေ့ကတည်းက အခုအချိန်ထိ သူ့မှာ ရင်းရတာတွေ တော်တော်များနေပြီ။ တွေ့တုန်းကလည်း အပင်ပေါ်ကပြုတ်ကျ၍ လူဖြစ်ရှုံးမသွားရတာတော်သေးသည်။







www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ခင်တုံတုံချစ်ကိုစွ ပြဿနာထပ်တက်သည်။ နောက်ဆုံး မြို့ထဲမှာ ဘတ်စ်ကား တိုက်မိမလိုဖြစ်ပြီး ကံသီလို့ လွတ်လာခဲ့ရသည်။ ဒါတွေကို မမ သိမှာမဟုတ်။ သူကသာ မမအတွက် ကြိုးစားရင်းဖြစ်သွားရသည်။ ဒီတစ်ခါတော့ သူ မမကိုချစ်နေသည်ဆိုတာ သိသွားအောင်တော့ တစ်ခုခုလုပ်မှရတော့မည်ဟု တွေးနေလိုက်၏။

သူတွေးနေရင်းမှာပင် ခင်တုံတုံချစ် မျက်နှာကြီးပေါ်လာ၏။ ဒီမိန်းမကြီးကိုတော့ ဘယ်ဘဝရေစက်ကြောင့်လဲမသိ တွေ့တွေ့ချင်းကတည်းက သူတော်တော်ကြောက်သည်။ ရွံလည်းရွံသည်။ သို့သော် ဘာမှတော့ သွားမပြောရဲပေ။ သွားပြောဖို့ နေနေသာသာ ပြဿနာတက်ပြီးကတည်းက မျက်နှာချင်းမဆိုင်ရဲလို့ သူကျောင်းကိုတောင် မလာရဲတော့သည့် အခြေအနေဖြစ်သွားရသည်။ သို့သော် အခုတော့ မမကိုယ်တိုင်က 'လာခဲ့ပါ' ဆိုသည့် စကားလေးတစ်ခွန်းကြောင့် 'မ မျက်နှာတစ်ရှာထင်၍ အရဲစွန့်ကာ လာခဲ့ရတာ' ဒီမိန်းမကြီးကိုတော့ သူ အတတ်နိုင်ဆုံး ဝေးဝေးရှောင်နေတာ အကောင်းဆုံးဟု တွေးထားလိုက်၏။ အဲဒီအချိန်မှာပဲ မမ တို့အတန်းပြီးသွားလေပြီ။

နန်းအိန္ဒြေထွန်းခေါင်တစ်ယောက် အတန်းထဲမှထွက်ထွက်ချင်း ရဲမာန်သွေးကို လိုက်ရှာမိသည်။ ခဏနေတော့ ရဲမာန်သွေး တစ်ယောက် ကော်ရစ်တာထောင့်ချိုးလေးမှ ထွက်လာတာတွေ့လိုက်ရတော့ ပျော်သွားသည်။ သူဘာဖြစ်မှန်းမသိ ဒီကောင်လေးကို တွေ့နေရလျှင် ရင်ထဲမှာ ပျော်နေမိသည်။ ရင်လည်း ခုန်နေမိ၏။ ရဲမာန်သွေး၏ လုပ်ရပ်များကို ထူးဆန်းလွန်း၍ သတိထားမိရင်းကနေ သူ ရဲမာန်သွေးအပေါ် သံယောဇဉ်တွယ်မိသွားပြီထင်သည်။

အခုလည်း သူကိုယ်တိုင် ရဲမာန်သွေးကို သူ့ဆီလာစေချင်နေ၍ လာလည်ပါဟု တကူးတကခေါ်ထားခြင်းပင်။ ယောကျ်ားလေး





တစ်ယောက်ကို သူ့ဆီကို လာလည်ရန်ဖိတ်ကြားခြင်းမှာ ရဲမာန်သွေး ပထမဆုံးပင်ဖြစ်သည်။

နောက်အကြောင်းတစ်ချက် သူ့မှာရှိသေး သည်။ အဲဒါကတော့ ခင်တုံတုံချစ်နှင့်တကွ တစ်ကျောင်းလုံးကို သူ့အလှအပ၏ အစွန်းအစကိုလည်း ပြသလိုခြင်းလည်းပါသည်။ ခင်တုံတုံချစ်ကိုလည်း ပညာပေးချင်နေသည်။ ဒီကောင်ချောချောလေးက နင့်လိုဟာကို မျက်စိလည် လမ်းမှားပြီး ရည်းစားစာပေးတာကို အဟုတ်ကြီးမှတ်မနေနဲ့ဆိုတဲ့ သဘောကိုလည်း သိသွားစေချင်သည်။ ပြီးတော့ သူ့အလှမှာ ဘယ်ယောကျ်ားလေးမှ မလွန်ဆန်နိုင်ပါဘူးဆိုသည့် သဘောကိုလည်း တစ်ကျောင်းလုံးကို ပြသလိုသောကြောင့်လည်းပါသည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်လိုက်ခြင်းဖြစ်၏။ ခဏနေတော့ သူ့နားသို့ ရဲမာန်သွေး ရောက်လာတော့၏။

"စောင့်နေရတာ ကြာသွားပြီလား မောင်လေး . ."

"မ . . မကြာသေးပါဘူး မမ . ."

သူ့ကိုပြောပြီး ဟိုကြည့်ဒီကြည့်လုပ်နေ၏။ တစ်ခုခုကိုစိုးရိမ်နေပုံရသည်။ သူ့နောက်ကပါလာသည့် သူငယ်ချင်းနှစ်ယောက်ကလည်း မျက်နှာတွေပျက်နေလိုက်ကြတာ ဘာကို ဒီလောက်စိုးရိမ်နေလည်း မသိ။ သူနဲ့စကားပြောနေတာကိုများ ခင်တုံတုံချစ်တွေ့သွားပြီး အထင်လွဲမှာ စိုးနေတာလား။ နန်းအိန္ဒြေထွန်းခေါင်တွေးရင်း ဒေါသထောင်းခနဲထွက်သွား၏။ (အမှန်တော့ ရဲမာန်သွေးတို့က ခင်တုံတုံချစ်နှင့်တွေ့ရမှာ ကြောက်နေခြင်းကြောင့်ပင်ဖြစ်သည်) ဒါကို နန်းအိန္ဒြေထွန်းခေါင်က အမိပ္ပါယ် တလွဲကောက်သွားသည်။ အရင်ကတည်းကမှ ဖြစ်ပေါ်နေသော သံသယသည် ပိုကြီးသွား၏။ နောက်ပြီး သူ့လိုလူတစ်ယောက်ကိုလည်း ဂရုမစိုက်ကောင်းလားဟု တွေးပြီး ရဲမာန်သွေးအပေါ် ကြိတ်မနိုင်ခဲမရဖြစ်သွားတော့သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုတော့ ပြုံးချိုထားဆဲပင်။ နန်းအိမ်ရွှေထွင့်ခေါင်ပဲလေ .. ဒီလောက်နဲ့တော့ အမူအရာပျက်သွားရလောက်အောင် သတိလက်လွတ်တော့ ဖြစ်မသွားပေ။

"မောင်လေး .. မင်း အားတယ်ဆိုရင် မမတို့တစ်နေရာမှာ တစ်ခုခု သွားစားရအောင် .."

"ဟာ .. အားပါတယ် မမ .. သွားလေ .. မမ ကြိုက်တဲ့ နေရာသွားပါ .."

ကောင်လေးက ဒါမျိုးကျတော့လည်း ပျော်ရွှင်သွားသလိုပင်။ သူ ရဲမာန်သွေး၏အမူအရာကို အကဲခတ်မရဖြစ်နေတော့သည်။ သို့သော် ဘာပဲဖြစ်ဖြစ် ရဲမာန်သွေးကိုတော့ သူ့ဘက်ပါအောင် ထိန်းထားရမည်။ ဒါမှ သူ့ရည်ရွယ်ချက်တွေ အောင်မြင်မည်ဖြစ်၏။

ရဲမာန်သွေးကတော့ နန်းအိမ်ရွှေထွင့်ခေါင်၏ အလေးထားဆက်ဆံမှုကြောင့် အလွန်ပျော်နေ၏။ သို့သော် နောက်ကျောမလုံဖြစ်နေသည်။ ဘယ်အချိန်ဘယ်နေရာကနေ ခင်တုံတုံချစ်ကြီးထွက်လာမလဲဆိုတာသာ တွေးကြောက်နေရ၏။ ခင်တုံတုံချစ်နှင့် ပြဿနာက မော်ကွန်းထိန်းရုံးခန်းတွင် လူကြားလို့မှ မသင့်တော်အောင် အကြီးအကျယ်ဖြစ်သွားခဲ့ခြင်းပင်ဖြစ်သည်။

သို့သော် မမက သူ့ကို အဲဒီအကြောင်းတွေ မမေး၍တော်သေးသည်။ တကယ်တမ်းမေးလာလျှင် သူမှာဖြေစရာကျပ်သွားမှာကျိန်းသေပင်။ ထို့ကြောင့် ခင်တုံတုံချစ်ကိုတွေ့လျှင် မမ ထိုကိစ္စကို သတိရသွားနိုင်သည်။ သူ့ကိုမေးလျှင် ဒုက္ခ။ ဘယ်လိုဖြေရမှန်းမသိ။ ဒါကြောင့် ခင်တုံတုံချစ်နှင့်ဝေးရာ ကန်တင်းသို့ ထွက်လာလိုက်တာ အကောင်းဆုံးဖြစ်ပါတော့သည်။

မမနဲ့အတူ အခုလိုတွဲလျှောက်နေရသော အချိန်သည် သူ့ဘဝအတွက် ပျော်စရာအကောင်းဆုံးဖြစ်ပါသည်။ ကမ္ဘာပေါ်တွင်





ရှိသမျှချစ်သူစုံတွဲများသည် ဘယ်လိုရင်ခုန်မှုမျိုးတွေနှင့် စတင်တွေ့ဆုံကြသလဲတော့ သူအတိအကျမသိပေ။ သူကတော့ မမကို ရင်ခုန်မှုပေါင်းစုံ အလွဲအမှားပေါင်းများစွာနှင့်ရင်းပြီး ချစ်ခဲ့ရ၏။ ယခု မအနားမှာ ရှိနေသည့် အချိန်ကလေးကိုပင် နိဗ္ဗာန်လို့ထင်နေမိသည်။

ကျွန်တော် 'မ'ကို အရမ်းချစ်တယ်ဗျာ။ သူမ မျက်နှာလေးကို မသိမသာခိုးကြည့်ရင်း စိတ်ထဲကပြောကာ လျှောက်လာမိလိုက်တာ နောက်က စိန်ပေါက်လက်ကုတ်လိုက်တော့မှပဲ ပစ္စုပ္ပန်အခြေအနေကို ပြန်ရောက်လာတော့၏။ သူ ဒါနဲ့ပဲ အနောက်ကိုလှည့်ကြည့်လိုက်တော့ စိန်ပေါက်ကော ဉာဏ်ကြီးပါ နေ့ခင်းကြောင်တောင် သရဲခြောက်ခံရသလို မျက်နှာတွေပျက်နေတာ တွေ့လိုက်ရတော့တာပါပဲ။

ဟင်.. ဒီကောင်တွေ .. ဘာ .. ဘာဖြစ်ပါလိမ့် ..

စိန်ပေါက်မျက်လုံးက အရင်ကထက် နှစ်ဆပြူးထွက်နေ၏။ ဉာဏ်ကြီးမျက်နှာဆို ကျောက်မီးသွေးတွင်းကို မိုးကြိုးပစ်ထားသလိုဖြစ်နေ၏။ သူ ဒီကောင်တွေကြည့်နေရာကို တစ်ချက်လှမ်းကြည့်လိုက်တော့ . . .

ဘုရား .. အနိစ္စ .. ကယ်တော်မူပါ ..

သူ့ရန်ကုန်တက္ကသိုလ်ထဲ ဂေါ်ဇီလာကို မြင်လိုက်ရရင်တောင် အဲဒီလောက် လန့်မယ် မထင်ပါ။ အခုဟာက သူ့အကြောက်ဆုံး ခင်တုံတုံချစ်နှင့် ပက်ပင်းကြီး သွားတိုးနေပြီ .. သူ တစ်ယောက်တည်း မဟုတ်ပေ။ ဘေးမှ အဖော်သုံးယောက်ပါ၏။ ခင်တုံတုံချစ်ကတော့ သူ့ကိုမမြင်သေး။ လက်နှစ်ဖက်လုံးမအားအောင် ကိုင်လာသည့် မုန့်တွေကို စိတ်ရောက်နေသည်။

ဘုရား .. ဘုရား သူ့ကိုတွေ့သွားလို့မဖြစ်၊ ဘေးမှာလည်း မမ ပါလာသည်။ မမနဲ့ သူငယ်ချင်းတွေဖြစ်နေလျှင် သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမချောင်။ ဒီဟာမကြီးက အားနာတတ်မယ့်ပုံလည်းမပေါ်။ မစား ရသည့်အမဲ သဲနဲ့ပက်မယ့်ပုံကြီး။

တွေးနေစဉ်မှာပင် ခင်တုံတုံချစ်နဲ့ ပါလာတဲ့ သူငယ်ချင်းသုံး ယောက်ထဲက ငါးမြွေထိုးရုပ်ပေါက်နေသည့် တစ်ယောက်က သူ့ကို တွေ့သွားသည်။ အဲဒီငါးမြွေထိုးမမ ခင်တုံတုံချစ်ကို သတင်းမပို့ခင် သူအမြန်ဆုံးလှုပ်ရှားလိုက်တော့၏။ သူ ဖျတ်ခနဲ မမ ဘေးမှခွာ ထွက်၍ နီးစပ်ရာလမ်းချိုးထဲ ဝင်ချပ်လိုက်တော့သည်။ ဟိုနှစ်ကောင် ကတော့ ဘယ်ကတည်းက ဘယ်ရောက်သွားသည်မသိ။ အငွေ့တောင် မမြင်ရတော့ပေ။ စိန်ပေါက်နဲ့ညာဏ်ကြီးတို့က အရေးအကြောင်းဆို အဲဒီလို အားကိုးရသည်။

နန်းအိန္ဒြေထွင့်ခေါင်ကတော့ ရဲမာန်သွေးတို့ပျောက်သွား တာ လုံးဝမသိလိုက်ပေ။ သူ့အတွေးနှင့်သူ လျှောက်လာရင်း ခင်တုံတုံ ချစ်ကို ရုတ်တရက်တွေ့လိုက်ရတော့ သူ့အကြံအောင်ပြီဆိုပြီး ပျော် သွား၏။ သူ့ဘေးနားမှာ ရဲမာန်သွေးတစ်ယောက်လုံးက ပါနေတော့ ခင်တုံတုံချစ်တွေ့လျှင် အံ့ဩသွားမည်။ အဲဒီအခါကျမှ 'တွေ့တယ် မဟုတ်လား . . နန်းအိန္ဒြေရဲ့အလုကို ဘယ်သူမှမကျော်နိုင်ပါဘူး လေ . . ဆိုတဲ့ ပုံစံမျိုး ခပ်ထေ့ထေ့ကြည့်ပစ်လိုက်မည်ဟု တွေးလာ ကာ ရဲမာန်သွေးကိုလှည့်ကြည့်လိုက်တော့ မရှိတော့ပေ။

နန်းအိန္ဒြေထွင့်ခေါင် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွား တော့သည်။ အနောက်ဘက်လှည့်ကြည့်လိုက်တော့လည်း ရဲမာန်သွေး နှင့်တူတဲ့လူတောင် မတွေ့ရ။ သူ ဘယ်လိုမှ မစဉ်းစားတတ်အောင် ဖြစ်သွားတော့သည်။ နောက်မှ တစ်ခုခုကို သွားပြီး စဉ်းစားမိလိုက် တော့သည်။

ဪ . . ဒင်းက ဒီလိုကိုး . . အဲဒီအချိန်မှာပဲ ခင်တုံတုံချစ်





တို့လူစု ရောက်လာတော့၏။ ဟိုရှာဒီရှာလုပ်ပြီး တစ်ယောက်ထည်း ဒေါသထွက်နေတဲ့ သူ့ကိုတွေ့တော့ . . .

"ဘာရှာနေတာလဲ နန်းအိန္ဒြေရဲ့ . . အဖိုးတန်ပစ္စည်း ပျောက်သွားလို့လားဟင် . ."

အရွဲ့စကားလား၊ အတည်မေးတာလား မခွဲခြားတတ်လေ . . ဒေါသဖြစ်နေရသည့်ကြားထဲ ရွဲ့သလိုလို အမေးခံလိုက်ရတော့ ဒေါသကို ပိုဆွပေးလိုက်သလို ဖြစ်သွားတော့၏။ ဒါတောင် ခင်တုံတုံ ချစ်နဲ့ပါလာတဲ့ ငပိန်မ အေးစိုးကထပ်ပြီး . . .

"ပစ္စည်းပျောက်တာဆို ရှာလို့ရပါတယ် နန်းအိန္ဒြေရဲ့ . . လူ ပျောက်တာဆို မလွယ်ဘူးနော် . . တို့ Notice Board မှာ ကြော်ငြာ ပေးရမလားဟင်"

တဲ့ . . သူ ဒီလောက်ဆို သဘောပေါက်လိုက်ပြီ။ ဒီအေးစိုး ဆိုတဲ့ကောင်မကို အစောကြီးကတည်းက သူကြည့်မရ။ ကိုယ့်ထမင်း ကိုယ်စားပြီး ကျောင်းမှာရှိသမျှလူအတင်းကို ရေပက်မဝင်ပြောချင် နေတဲ့ ဟာမတွေ။

တွေးရင်း . . နန်းအိန္ဒြေထွင့်ခေါင်၏ မာနသည် ဝုန်းခနဲ ပေါက်ကွဲသွားတော့၏။ သို့သော် စိတ်ကိုအတတ်နိုင်ဆုံး တည်ငြိမ် အောင်ထား၍ ပြန်ပြောလိုက်သည်။ ဒီအချိန်မှာ ကိုယ်က ဒေါသ ထွက်ပြီး ရှူးရှဲ၊ ရှူးရှဲ သွားလုပ်လျှင် ကိုယ်ပဲ အရှက်ကွဲဖို့ရှိသည်ဆို တာ သိထား၏။

"ရပါတယ် အေးစိုးရဲ့ . . အဲဒီလူပျောက်ကို ရှာနေစရာမလို ပါဘူး။ သူက နောက်ဆုံးတော့ ကိုယ်ရှာစရာမလိုဘဲ ကိုယ့်ဆီ ဦးနိုက် လာမှာပါ။ မယုံစောင့်ကြည့်နေလေ . . ."

"ဟုတ်ပါပြီသတဲ့ရှင် . . ကြည့်ရသေးတာပေါ့"

ဟု ပြောပြီး ထွက်သွားတော့သည်။ နန်းအိန္ဒြေထွင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



သာ တစ်ယောက်တည်း ဆွေ့ဆွေ့ခုန်ကျန်ရစ်ခဲ့တော့၏။ သူ့ပုံစံ၊ သူ့ရုပ်ရည်အဆင့်အတန်းနှင့် ဒီလိုဟာမတွေကို အခုလို ယောကျ်ား တစ်ယောက်ကိစ္စနဲ့ပတ်သက်ပြီး စကားဖက်ပြိုင်ပြောနေရမည်ဟု အိပ်မက်ပင် မမက်ဖူးခဲ့ပေ။ အခုမှ ရဲမာန်သွေးဆိုတဲ့ ချာတိတ် တစ်ယောက်ကြောင့် သူမျှော်မှန်းမထားတဲ့ အရာတွေနဲ့သွားကြုံနေ ရ၏။ အခုမှတော့ မထူးတော့။ သူ့ဘက်က တုံ့ပြန်မှုပြန်မလုပ်လျှင် ရောင့်တက်မည်။ အားလုံးကို စိန်ခေါ်၍ နန်းအိန္ဒြေအကြောင်း သိ အောင် ပြရတော့မည်။ သူ့အလှအပ၊ သူ့မာယာ အားလုံးထုတ်သုံးရ တော့မည်။

ရဲမာန်သွေးဆိုတဲ့ ကောင်ကလည်း သူနဲ့တွဲသွားတာကို ဒီဟာ မ တွေ့သွားမှာ အရမ်းကြောက်နေပုံရသည်။ သူ့လို လူမျိုးနဲ့တွဲ လျှောက်ရတာတောင် မမက်မောဘဲ ခင်တုံတုံချစ် အထင်လွဲမှာ ကြောက်ပြီး ထွက်ပြေးသွားတဲ့ ကောင်လေး။

တွေ့ကြသေးတာပေါ့ ရဲမာန်သွေးရယ် . . မင်းဟာ နန်း အိန္ဒြေထွန်းခေါင်ရဲ့ ချစ်သူအဖြစ်ကလွဲပြီး တခြား ချစ်သူ လုံးဝဖြစ် ခွင့်မရှိဘူးဆိုတာ မှတ်ထားလိုက်ပေတော့။ နန်းအိန္ဒြေထွန်းခေါင် ကြုံးဝါးရင်း ကျောင်းဆက်တက်ချင်စိတ် မရှိတော့တာကြောင့် အိမ် ကိုပဲပြန်လာခဲ့လိုက်တော့သည်။

အကယ်၍သာ ရဲမာန်သွေးတစ်ယောက် ဒီအကြောင်းတွေ သိခဲ့ပါလျှင် . .

လောကကြီးတွင် ဒီလိုဆန်းကြယ်မှုတွေလည်း ဖြစ် တတ်ပါ သည်။



အချိန်နှင့်ဒီရေသည် လူကိုမစောင့်သလို၊ စာမေး ပွဲသည်လည်း ရဲမာန်သွေးတို့ကို 'စောင့်မနေပါ။ အချိန်တန်တော့ မကြုံချင်ဘဲ ကြုံလာရသည်။ အချိန် ရှိသရွေ့ မမအတွက်သာ အချိန်ကုန်နေရ၍ စာမေးပွဲ လည်း နီးရော ရဲမာန်သွေးတစ်ယောက် အရူးမီးဝိုင်း ဖြစ်သွားသည်။ စိန်ပေါက်နဲ့ ညက်ကြီးကလည်း ဘာမှ အားကိုးလို့မရ။ သူ့ထက်တောင် ဆိုးနေသေးသည်။ စိန်ပေါက်ဆို စာအုပ်အဟောင်းတွေ ရောင်းစားရင်းက ကျောင်းစာအုပ်တွေပါ ရောပါသွားလို့ ဖတ်စရာစာအုပ်တောင်မရှိ ဖြစ်သွားသည်။ ညက်ကြီး လည်း ဘာမှမထူး၊ အချိန်ရှိသရွေ့ စိန်ပေါက်ညီမကို လုံးပမ်းနေရ၍ ဘာမှဟုတ်တိပတ်တိ မရှိပေ။ ဒါကြောင့် သုံးကောင်စလုံး ဘယ်သူ့ အဖေခေါ်ရမှန်းမသိအောင် ပျာနေတော့၏။

"ဟေ့ကောင် စိန်ပေါက် . . မင်း မနေ့က တင်မိမိတို့ဆီ စာအုပ်သွားငှားတာ ရခဲ့လား . ."

"မရပါဘူးကွာ . . ငါ့ကို မငှားဘူးတဲ့ . ."

"ဘာလို့လဲ . ."

တော်ဝင်မြို့စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ရောင်းစားမှာစိုးလို့တဲ့ . ."

အဲဒီလို သူငယ်ချင်းတွေက ယုံကြည်မှုရှိကြသည်။ နောက်ဆုံး သူတို့သုံးယောက်လုံး စာမေးပွဲလည်း ဖြေခါနီးရော နီးစပ်ရာကျောင်းသား၊ ကျောင်းသူဆီမှာ မျက်နှာငယ်လေးတွေနှင့်သွားပြီး အပြော အဆိုခံ၊ ခိုင်းတာလုပ်နှင့် တပည့်ခံကာ စာမေးပွဲကိုရင်ဆိုင်ရတော့၏။ အဲဒီရက်ပိုင်းတွေမှာတော့ စာမေးပွဲနတ်က မမကို ခေတ္တမေ့သွားစေပါသည်။



နန်းအိန္ဒြေထွဋ်ခေါင်ကတော့ ရဲမာန်သွေး တစ်ယောက် စာမေးပွဲရှိနေတာကို မသိပေ။ သူ့ဆီ လာနိုး၊ လာနိုးနဲ့မျှော်နေမိ၏။ သူ့မှာလည်း တစ်ဒုက္ခ၊ အမြဲတမ်း ယောက်ျားတိုင်း၏ အရေးထားခြင်းခံနေရပြီး ခုကျမှ ရာဇဝင်ရိုင်းသွားတော့ မခံချင်။ သူလည်း အချိန်ရှိသရွေ့ ရဲမာန်သွေးအကြောင်းပဲ တွေးနေမိသည်။ ဒီကောင်လေး ကျောင်းကိုလည်း မလာတော့။ အပြင်မှာလည်း မတွေ့တော့။ ဘာလိုလိုနဲ့ ဟိုတစ်ခါ လစ်ပြေးပြီးကတည်းက ပျောက်သွားလိုက်တာ တစ်လ တောင်ရှိသွားပြီ။ မတွေ့ရတာကြာတော့လည်း လွမ်းသလိုလိုဖြစ် လာ၏။ မတွေ့ပါဘူးဆိုမှ တွေ့ချင်နေသည်။ ရဲမာန်သွေး သူ့ဘေးနား မှာ ရှိနေခဲ့သည့်အချိန်ကလေးတွေကို သတိရလာသည်။ ဖြူစင်ပြီး အရှက်အကြောက်လွန်နေသည့် ကောင်လေးမျက်နှာကို ခဏ ခဏ မြင်ယောင်နေမိ၏။ နန်းအိန္ဒြေထွဋ်ခေါင်တစ်ယောက် ရဲမာန်သွေး အပေါ် အရွဲ့တိုက်ချင်သလိုလို ဘာလိုလိုနှင့် တကယ်ချစ်မိသွား လေပြီ။

တော်ဝင်မြို့တော်အုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တွေးရင်းတွေးရင်းနှင့် မရှိုးမရှုဖြစ်လာပြန်သည်။ ဒီကောင်လေး ဆင်ခန္ဓာကိုယ်နှင့် ဘီလူးခေါင်းတပ်ထားသော ဟာမကို ဘာလို့ ဒီလောက်ကြိုက်နေရတာလဲ စဉ်းစားမိပြန်သည်။ အဖြေထွက်မလာ သူ့လို လူတကာလိုချင်တပ်မက်တဲ့ အလှပိုင်ရှင်ကို ဘာဖြစ်လို့ စိတ်မဝင်စားသလဲ။ အဖြေက ထွက်မလာ။ နောက်ဆုံး ခေါင်းတွေသာ နောက်ကျိလာသည် အဖြေထုတ်မရဖြစ်နေ၏။ ဟင်း . . ကောင်လေးရယ် . . မင်း မမကို စိုးမိုးလွန်းပါလားကွာ . . ။

နန်းအိန္ဒြေထွင့်ခေါင်တစ်ယောက် အိပ်ရာထဲမှာသာ လူးလှိမ့်နေမိတော့သည်။

# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဈေး FMI နှင့်ဗိုလ်ချုပ်အောင်ဆန်းလမ်း တစ်လျှောက် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်ဖြစ်သောကြောင့် လူရော၊ ကားပါ အရင်ကထက် ပိုမိုရှုပ်ထွေးနေ၏။ ထိုလူအုပ်ကြားတွင် ဘောင်းဘီရှည်၊ ရှူးဖိနပ် စတိုင်လ်ကောင်းကောင်းနဲ့ ကောင်လေးတစ်ယောက် FMI ထဲဝင်သွားသည်။ ခဏကြာတော့လက်ထဲမှာ အထုပ်နှစ်ထုပ်ကိုင်၍ ပြန်ထွက်လာပြီး ဗိုလ်ချုပ်ဈေးထဲ ဝင်သွားသည်။

ထိုအချိန်တွင် နောက်ဆုံးပေါ် အဝတ်အစားများ ကိုယ်ပေါ်နေရာမလပ် ဆင်မြန်းထားသော ကောင်မလေးတစ်ယောက်ကလည်း တစ်ဖက်က ကားလမ်းမှကူးလာပြီး ဗိုလ်ချုပ်ဈေးထဲသို့ပင် ဝင်သွားလေသည်။ ဈေးတစ်နေရာတွင် သူမက ထိုစတိုင်လ်ကောင်းကောင်းနဲ့ ကောင်လေးကို ချက်ချင်းလှမ်းတွေ့သွားသည်။ မျက်နှာမှာလည်း အံ့သြဝမ်းသာသွားဟန် သွက်လက်လာ၏။ တစ်နေရာရောက်တော့ ရှေ့ကကောင်လေးကို မီသွားသည်။ သူမကမှင်စ၍ လှမ်းခေါ်လိုက်၏။





"မောင်လေး . . ရဲမာန်သွေး . . ."

ရဲမာန်သွေး ရုတ်တရက် သူနာမည်ခေါ်သံကြားလိုက်တော့ လှည့်ကြည့်လိုက်ရာ နန်းအိန္ဒြေထွဋ်မိုးခေါင်ဖြစ်နေတော့သည်။

"ဟာ . . မမ . . ဘယ်လာတာလဲ . ."

ဗိုလ်ချုပ်ဈေးမှာ တွေ့နေလျက်သားနဲ့ ဘယ်ကလာတာလဲ . . ဆိုသော စကားသည် အပိုသက်သက်သာ ဖြစ်သော်လည်း ထုံးစံအရ မေးလိုက်ရခြင်းဖြစ်သည်။

သူ မမကို ရုတ်တရက်တွေ့လိုက်ရတော့ ရွှေကောက်ရသည့် သူတောင်းစားတစ်ယောက်လို ပျော်သွား၏။ မမက အရမ်းလှနေသည်။ မမ ရယ်ချစ်လိုက်တာ . . .

"မမလည်း ဒီပဲလာတာ . . ဒါနဲ့ မင်းက . . ."

"အဟဲ . . ကျွန်တော်လည်း စာမေးပွဲပြီးသွားတာနဲ့ ဈေးမရောက်တာကြာလို့ ထွက်လာလိုက်တာ . . ."

"ဟုတ်လား . . စာမေးပွဲဖြေနေရတယ် . . ဟယ် . . ဖြေနိုင်လား . ."

"ဟုတ်ကဲ့ . . . မဆိုးပါဘူး မမ . . ."

"ဒါနဲ့ မင်းတစ်ယောက်တည်းလား . . ."

"ဟုတ်ကဲ့ မမ . . ဟိုကောင်တွေ ပါမလာဘူး . . စိန်ပေါက်က ခရီးထွက်သွားတယ် . . ဉာဏ်ကြီးက သူ့အိမ်မှာ . ."

"ဪ . . ."

"ဟို . . ဟို . . မမရော တစ်ယောက်တည်းပဲလား . ."

"မမက အမြဲတမ်း တစ်ယောက်တည်းပါပဲကွယ် . ."

နန်းအိန္ဒြေထွဋ်မိုးခေါင်စကားကြောင့် ရဲမာန်သွေးရင်ထဲ လှိုက်ခနဲဖြစ်သွား၏။ မမရယ် အဖော်လုပ်ပေးပါရစေဗျာ . .

မမကဆက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အအေးတစ်ခုခုသွားသောက်ရအောင် လိုက်မလားဟင်"

ဘာပြောကောင်းမလဲ . . ဒါမျိုးဆို ရဲမာန်သွေးတို့ စကားတောင်မဆုံးလိုက်။ ခြေလှမ်းက သုံးလှမ်းလောက်စပြီးနေပြီ။

ဒီလိုနဲ့ သူတို့မီးရောင်မှိန်မှိန်လေးတွေထွန်းထားတဲ့ အအေးဆိုင်တစ်ခုသို့ရောက်လာကြတော့၏။ နှစ်ယောက်စလုံး ရင်ထဲမှာ တစ်ယောက်နဲ့တစ်ယောက် မသိကြသေးတဲ့ ရင်ခုန်သံတူညီမှု ကိုယ်စီနဲ့ပေါ့။ အအေးဆိုင်ရောက်တော့ သင့်တော်ရာ အအေးတစ်ခွက်စီမှာလိုက်ကြပြီး တိတ်ဆိတ်ငြိမ်သက်မှုကို နန်းအိန္ဒြေထွင့်ခေါင်က စတင်ဖောက်ခွဲလိုက်ပါသည်။

"ဒါနဲ့မောင်လေး . . မမ တစ်ခုမေးရဦးမယ် . . ဟို . . ဟိုဟာလေ . . ဖြေချင်မှဖြေနော် . . စပ်စုတယ်လည်း မထင်နဲ့ . ."

ရဲမာန်သွေး နန်းအိန္ဒြေထွင့်ခေါင် စကားကြောင့် တွေဝေသွား။ ဘာများပါလိမ့် . . .

"ဟုတ်ကဲ့မေးပါ . . မမ . . ."

နန်းအိန္ဒြေထွင့်ခေါင် စားပွဲပေါ်က Menu စာရွက်လေးကို ကောက်ကိုင်ကာ လှုပ်ကစားရင်း . . .

"ဩော် . . ဟို . . ဟိုဟာလေ . . မောင်လေးနဲ့ခင် . . ခင်တုံတုံချစ်ကိစ္စလေး . . မမက . . ဟို . . သိချင်နေလို့ပါ . ."

"ဗျာ . . ."

ရဲမာန်သွေး သုံးမိနစ်လောက် မေ့ခနဲဖြစ်သွား၏။ သူလုံးဝထင်မထားသော မေးခွန်း။ ဇာတ်လမ်းတော့ စပြီ . .။

ရဲမာန်သွေး တော်တော်နှင့် မဖြေနိုင်။ ဘယ်ကဘယ်လို စဖြေလို့ ဖြေရမှန်းလဲ မသိဖြစ်နေ၏။ မဖြေပြန်လျှင်လည်း အထင်လွဲသွားမည်။ ဖြေလိုက်ပြန်လျှင်လည်း . . ဟင်း . . ဘာလုပ်ရပါ့။ နန်းအိန္ဒြေထွင့်ခေါင်ကတော့ သက်ပြင်းချလိုက်၊ ခေါင်းကုတ်လိုက်





ဖြစ်နေသော သူ့ရှေ့က ရဲမာန်သွေးကို ငေးကြည့်နေမိ၏။ ရဲမာန်သွေး တစ်ယောက် ဖြေရကျပ်နေပုံရသည်ဟု တွေးလိုက်ရှ် . . .

"မောင်လေး . . မဖြေချင်ဘူးဆိုရင်လည်း ရပါတယ် . . ဘာရယ်မဟုတ်ဘူး။ ကျောင်းမှာ သတင်းကကြီးနေလို့ မမက မေးလိုက်တာပါ . ."

"ဗျာ . . ကျောင်းမှာ သတင်းကြီးနေတယ် . . ."

ရဲမာန်သွေး နန်းအိန္ဒြေထွင့်ခေါင်စကားကြောင့် တော်တော်အံ့ဩသွားပြီး တော်တော်လန့်သွားသည်။

"ဟုတ်တယ်လေ . . မောင်လေးက အဲဒီခင်တုံတုံချစ်ကို ရည်းစားစာပေးလို့ ဟိုက မကျေနပ်တာနဲ့ ရုံးခန်းရောက်သွားတယ်ဆိုပြီး မမတို့ကျောင်းတစ်ခုလုံးနီးပါး သိကြတယ်လေ . ."

ရဲမာန်သွေး ဆံပင်တွေပါထောင်သွားသည်။ အဲဒီလောက်ဟိုလေးတကျော်ကျော်ဖြစ်သွားတာ သူလုံးဝမသိ။ ဒါဆို ပြဿနာက သူထင်ထားတာထက် ဆိုးနေလေပြီ။ မမလည်း သူတို့ ခင်တုံတုံချစ်ကို တကယ်ရည်းစားစာပေးတယ်ထင်နေမှာပဲ။ ဒုက္ခတော့ရောက်ပြီ။ ဘယ်ကဘယ်လို စရှင်းပြရမှန်းမသိ။ ဦးနှောက်ခြောက်သွား၏။ နောက်ဆုံးတော့ ရဲမာန်သွေး ဆုံးဖြတ်ချက်တစ်ခုကို ရဲတင်းစွာချလိုက်တော့သည်။ တက်ချင်တဲ့ ပြဿနာတက်တော့ သူ ဒီအကြောင်းကို မမသိအောင် ရှင်းပြရတော့မည်ဟု တွေးကာ . . .

"အဲ . . အဲဒီကိစ္စတွေအားလုံးက မမ တို့ထင်သလို လုံးဝမဟုတ်ဘူး မမ . . တကယ်လို့ သိချင်ရင် ကျွန်တော် ရှင်းပြလို့ရပါတယ် . . ဒါပေမယ့် မမ ကျွန်တော့်ကို ကတိတစ်ခုပေးရမယ် . ."

ရဲမာန်သွေးပြောပြီး နန်းအိန္ဒြေထွင့်ခေါင်၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။ ရဲမာန်သွေးမျက်နှာက အခုတော့ လုံးဝတည်ငြိမ်အေးစက်သွားသည်။ အရာရာကို ရင်ဆိုင်လိုက်ဖို့ အသင့်ဖြစ်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုး၊ နန်းအိန္ဒြေထွဋ်ခေါင် ရဲမာန်သွေးစကားကြောင့် တော်တော် အံ့သြသွား၏။ မဟုတ်ဘူးတဲ့ . . ကောင်လေးမျက်နှာ အမူအရာက လိမ်ညာပြောနေသည့်ပုံ လုံးဝမပေါက်ပေ။ သူ့ကို တည်ငြိမ်စွာ စိုက် ကြည့်နေသောကြောင့် ရင်ထဲမှာနွေးခနဲဖြစ်သွားပြီး ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။ ခေါင်းကလေးငုံ့ကာဖြင့် . . .

"ဘာ ကတိလဲ . . ဟင် . ."

"မမ ကျွန်တော်ရှင်းပြတာကို နားထောင်ပြီးရင် ကျွန်တော့် ကို စိတ်မဆိုးရဘူးဆိုတဲ့ ကတိ . ."

ရဲမာန်သွေးအသံက တည်ငြိမ်ပြတ်သား၏။ နန်းအိန္ဒြေထွဋ် ခေါင် ရဲမာန်သွေးကိစ္စကို ပိုစိတ်ဝင်စားသွားသည်။ သိချင်စိတ်လည်း ပိုပြင်းပြလာတော့သည်။ ဒါကြောင့် . . .

"ဘာလို့ စိတ်ဆိုးရမှာလဲကွယ် . . မမက သိချင်လို့ မောင် လေးကို ပြောပြရတာပဲ စိတ်ဆိုးစရာလား . . ."

"အဲဒါဆိုပြီးတာပါပဲဗျာ . . အဲဒါဆို မမ သေချာနားထောင်"

ပတ်ဝန်းကျင်တစ်ခုလုံး အသံတွေ အားလုံးတိတ်ဆိတ်သွား သည် ထင်ရသည်။ Sound Box မှ အနောက်တိုင်းသီချင်းသံလေး သဲ့သဲ့သာ မသိမသာလေး ပျံ့လွင့်နေသည်။ ရဲမာန်သွေးထံမှ ထွက် ပေါ်လာမည့် စကားသံကို နန်းအိန္ဒြေထွဋ်ခေါင် မျှော်လင့်တကြီး စောင့်ဆိုင်းနေသည်။ ခဏကြာတော့ ရဲမာန်သွေးထံမှ စကားသံထွက် လာတော့သည်။

"ကျွန်တော် အဲဒီနေ့က ကျွန်တော်သိပ်ချစ်တဲ့သူတစ်ယောက် ကို ရည်းစားစာ တစ်စောင်ပေးဖို့ ရည်ရွယ်ပြီး ကျောင်းကိုလာခဲ့ တယ်။ ဒါပေမယ့် သူ မသိအောင် ကျွန်တော်ပေးမှာ။ ဒါကြောင့် သူမရှိတုန်း ကျွန်တော် အတန်းထဲဝင်ပြီး ရည်းစားစာကို သူ့ခြင်း တောင်းထဲ ကျွန်တော် သွားထည့်ပြီး ပြန်ထွက်လာခဲ့ပါတယ် . .





ဒါပေမယ့် ကျွန်တော်လုံးဝ ကံမကောင်းဘူး မမရယ် . . ကျွန်တော် ထည့်ခဲ့တဲ့ ခြင်းတောင်းကလေးက ကျွန်တော်ချစ်တဲ့သူ့ရဲ့ခြင်းတောင်း မဟုတ်ဘဲ ခင်တုံတုံချစ်ရဲ့ ခြင်းတောင်းဖြစ်နေတယ်ဗျာ . . အဲဒီ နောက်ပိုင်းတော့ . . . .

( . . . . . . . . )

( . . . . . . . . )

( . . . . . . . . )

ရဲမာန်သွေး စကားသံပြန်လည်တိတ်ဆိတ်သွားသည်။ လောကကြီးတစ်ခုလုံး သူတို့နှစ်ယောက်တည်းရှိနေသည်ဟု ထင်ရ လောက်အောင် ချောက်ချားအေးစက်သွားပြန်သည်။ နှစ်ဦးစလုံးပြော ရန် ဘာသာစကားမေ့သွားသလို တစ်ယောက်မျက်နှာတစ်ယောက် သာ စိုက်ကြည့်နေမိတော့သည်။ ရွှန်းလဲ့တောက်ပနေသော မျက်လုံး တစ်စုံ၊ အံ့သြလွန်းသော အမူအရာနှင့် နန်းအိန္ဒြေထွဋ်ခေါင်တစ် ယောက် လောကကြီးကို ခေတ္တမေ့သွားသည်ထင်သည်။ အနည်းငယ် ကြာသွားမှ သတိပြန်ဝင်လာပြီး . . .

"အဲ . . ဒါဆို . . မောင် . . မောင်လေး တကယ်ရည်းစား စာ ပေးချင်နေတဲ့သူက . . ."

ရဲမာန်သွေး အေးစက်တည်ငြိမ်သော အမူအရာနှင့် နန်း အိန္ဒြေထွဋ်ခေါင်ကို မျက်တောင်မခတ် စိုက်ကြည့်ကာ တစ်လုံးချင်း ပြောချလိုက်တော့သည်။

"နန်းအိန္ဒြေထွဋ်ခေါင်ဆိုတဲ့ မမကိုပဲ . ."

"ရှင် . . ."

အံ့သြလွန်းသောစိတ်၊ အဆမတန်မြန်သွားတဲ့ ရင်ခုန်သံ၊ တစ်ခါမှ မဖြစ်ပေါ်ဖူးသော ရှက်ရွံ့မှု အားလုံးတစ်ချိန်တည်း ပေါင်း ဆုံမှုကြောင့် နန်းအိန္ဒြေထွဋ်ခေါင်၏ မျက်နှာတွင် နှင်းဆီရောင်သွေး



www.burmeseclassic.com

www.burmeseclassic.com



ပြေးကာ ခေါင်းငုံ့သွားရတော့သည်။ သူကိုယ်သူ ဘာဖြစ်သွားမှန်း မသိလောက်အောင် သတိလက်လွတ် ဖြစ်သွားမိသည်။ ရဲမာန်သွေး မျက်နှာကိုလည်း မမော့ကြည့်ရဲတော့ပေ။ နန်းအိန္ဒြေထွင့်ခေါင်ဘဝတွင် ရည်းစားစကားပြောနည်းပေါင်းစုံဖြင့် ချဉ်းကပ်ခဲ့သော ယောကျ်ားများကို သွေးအေးအေးဖြင့် တုံ့ပြန်နိုင်ခဲ့သလောက် အခုတော့ အင်အားကြီးမားလွန်းတဲ့ အချစ်၏စွမ်းအင်အောက်တွင် ရည်းစားစကားတစ်ကြိမ်မှ အပြောမခံဖူးသော အပျိုဖျန်းလေးတစ်ယောက်နှယ် ရင်ခုန်လှိုက်မောနေရတော့သည်။

"မမ . . ."

ရဲမာန်သွေးအသံက ညှင်းပျောင်းတိုးလျသော်လည်း နန်းအိန္ဒြေထွင့်ခေါင်ကို ဆတ်ခနဲတုန်လှုပ်သွားစေပါသည်။ ရဲမာန်သွေး နန်းအိန္ဒြေထွင့်ခေါင်၏ အမူအရာကိုကြည့်ပြီး သူ့အခြေအနေ အလွန်ကောင်းကြောင်း အလိုလိုသိလိုက်ပြီ။ သို့သော် သူအလွန်အံ့ဩသွားတာတော့ အမှန်ပင်။ သူထင်ထားတာ ဒီလိုမဟုတ်ပေ။ အချစ်နဲ့ ပတ်သက်ရင် ရင့်ကျက်တည်ငြိမ်သည်။ သွေးအေးပြီး မာယာများသည်ဟု နာမည်ကြီးနေသော နန်းအိန္ဒြေထွင့်ခေါင်မှာ ယခုသူ့ရှေ့တွင် သခင်မလေးတစ်ကောင်လို အပြစ်ကင်းစွာ ရှက်ရွံ့နေလေပြီ။ သူ့ အိပ်မက်ထဲတွင် လမ်းလျှောက်နေသလို ဖြစ်နေတော့၏။ သို့သော် ရသည့်အခွင့်အရေးကိုတော့ လက်လွှတ်မခံတော့ပေ။ သဒ္ဒါတဲ့ ဆွမ်းတော်ရှိနှင့် ရပ်နေလျှင် ထမင်းငတ်သွားမည်။ ဒါကြောင့် . . .

"မမကို ကျွန်တော် အရမ်းချစ်တယ် . . မမရယ် . . . ဒီစကားကို ကျွန်တော် ထပ်ပြောပါရစေ။ စိတ်လည်း မဆိုးပါနဲ့ဗျာ . . မမ အတွက် ကျွန်တော် ဘယ်လောက်ထိ ဒုက္ခတွေကြုံခဲ့ရသလဲ ဆိုတာ ကျွန်တော်သာ အသိဆုံးပါ . . မမ ကျွန်တော့်အချစ်ကို ယုံပါ"

နန်းအိန္ဒြေထွင့်ခေါင် ခေါင်းငုံ့တိတ်ဆိတ်နေဆဲပင်။





"မမ . . ."

" . . . . . . . "

"မမ . . . ."

" . . . . . . "

"မမ . . ကျွန်တော့်ကို ကြည့်ပါဦးဗျာ . . ."

လှုပ်တောင် မလှုပ်။ နဂိုအတိုင်းပင် ခေါင်းငုံ့နေဆဲ။ မျက်နှာကို ဆံပင်နဲ့တောင် ကွယ်လိုက်သေးသည်။ သဘောပေါက်လိုက်ပြီ၊ ကံသည် နှစ်ခါ မကောင်းနိုင်ပါ။ ဒါမျိုးတော့ ရဲမာန်သွေးတို့က မွေးကတည်းက မသင်ဘဲတတ်လာသည်။ နန်းအိန္ဒြေထွင့်ခေါင်၏ ညာဘက်ပေါင်ပေါ်တင်ထားသော လက်ဖဝါးလေးကို ကံစမ်းမဲနှိုက်သလို မျက်စိမှိတ်၍ လှမ်းကိုင်လိုက်တော့၏။ ဒီတစ်ခါတော့ ရဲမာန်သွေးတို့ အလွဲလွဲအချော်ချော် မဖြစ်ပေ၊ (လွဲလို့လည်းမရ၊ လွဲလျှင် ရှင်းလို့ဆုံးမှာ မဟုတ်ပေ) မမ၏ အေးစက်တုန်ရင်နေသော လက်ကလေး ဆုပ်ကိုင်မိချိန်တွင် . . . .

"အို . . . ."

ရဲမာန်သွေး၊ နန်းအိန္ဒြေထွင့်ခေါင် ဘေးတွင် ဆွေ့ခနဲ ဝင်ထိုင်လိုက်တော့၏။ (ဒါမျိုးကျ မြန်လိုက်တဲ့ကောင် . . .)

"မမရယ် . . ပျော်လိုက်တာဗျာ . ."

"ဘာဆိုင်လို့လဲ . . မင်းနော် . . ."

"ဘာလို့ မဆိုင်ရမှာလဲ . . မမက ကျွန်တော့်ချစ်သူပဲဟာကို . . ."

"အိုး . . မင်းကို ဘယ်သူပြောလို့လဲ . ."

"ဟောဒီ ကောင်မလေးပြောတာ . . ."

ပြောပြီး ဇာတ်လိုက်ကျော် ရဲမာန်သွေး ဘာလုပ်လိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



မသိ နန်းအိမ်ခြွေထွင့်ခေါင်၏ အသံ သဲ့သဲ့ တုန်ရင်စွာထွက်ပေါ်လာပါတော့သည်။

"အိုကွယ် . . မင်း . . ."

စကားတောင် ဆုံးအောင်မပြောနိုင်ဘဲ ရဲမာန်သွေး၏ ရင်ခွင်ထဲမှာ ငြိမ်သက်သွားလေတော့သည်။

သူ ....
မြားတွေချွန်မလို့ လုပ်တုန်းရှိသေးတယ် ....
စစ်ပွဲက ပြီးသွားပါလား ...
အခုတော့ ငါ ...
လက်နက်မရှိတဲ့ တပ်မှာ
ဗိုလ်ချုပ်လုပ်နေရပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးသည် ဘယ်သူမှ မနိုင်းစေဘဲ သူ့အလိုလို လည်နေသောကြောင့် ရက်တွေလတွေ ပြောင်းလဲလာခဲ့သည်။ သူ မမကို နွေရာသီတွင် ထီးမိုးပေးခဲ့သလို၊ မမကလည်း မိုးရာသီတွင် မိုးပေးခဲ့သည်။ ဆောင်းရာသီတွင် နှင်းထုပါးပါးနဲ့အတူ သူတို့ အနွေးထည်ကိုယ်စီနှင့် မနက်စော စောလမ်းလျှောက်ခဲ့ကြဖူးပြီ။ သူ မမကို ရိုးသားစွာ ချစ်ခဲ့သလို မမကလည်း ရိုးသားစွာပြန်ချစ်ခဲ့ပါသည်။ တချို့ကိစ္စများတွင် ရိုးသားခြင်းသည် အံ့သြလောက်အောင် ဆန်းပြားသွားတတ်ပါသည်။ သူ မမအချစ်ကို ရိုးသားစွာကြိုးစားရင်းက ဆန်းပြားစွာရရှိခဲ့၏။

သူတစ်ပါးအပေါ် မရိုးမသားကြံစည်၍ တိုက်ခိုက်ခဲ့သော ခင်တုံတုံချစ်သည် သူနဲ့မမတို့အကြောင်း လူတကာသိသွားသောအခါ ကျိတ်ကျိတ် ငိုနေသည်ဟု သတင်းရပါသည်။ သို့သော် သူ မမကို ပိုင်ဆိုင်ခွင့်ရခဲ့သည်မှာလည်း ခင်တုံတုံချစ် ကျေးဇူးမကင်းကြောင်း





တွေး၍ ခင်တုံတုံချစ်ကိုကြံဖန်ကျေးဇူးတင်ခဲ့ပါသည်။ မင်္ဂလာဆောင်ရင်တောင် သူ့ကိုအရင်ဆုံးဖိတ်မည်ဟု ကြံရွယ်ထားလိုက်ပါသည်။ (သမီးလေးမွေးရင် သူ့နာမည်ပေးသည့် အဆင့်အထိတော့ မရည်ရွယ်ပါ)

အခုဆို သူနဲ့မမကို လူကြီးချင်းသဘောတူညီမှုတွေ ရထားပြီးလို့ စေ့စပ်ကြောင်းလမ်းခြင်းတောင် လုပ်ထားဖို့ စကားပြောပြီးသွားပြီ။ သူအလွန်ပျော်သည်။ မမနန်းအိန္ဒြေထွဋ်ခေါင်လည်း အလွန်ပျော်နေပါသည်။ သို့သော် သူနဲ့မမ စတွေ့ပုံကလေးကိုတော့ သူ ထိန်ချန်ထားလိုက်သေး၏။ မပြောသေးသောအကြောင်းကတော့ မမ အံ့သြ ဝမ်းသာသွားအောင် ကိစ္စတစ်ခုလုပ်ပြဖို့အတွက်ဖြစ်သည်။ ကြီးကြီးကျယ်ကျယ်ကြီး မဟုတ်သော်လည်း ချစ်သူတို့ဘဝရင်ခုန်ပျော်ရွှင်စရာလေးတစ်ခုဖြစ်သွားအောင် ကြံဖန်လုပ်လိုက်ခြင်းပင်ဖြစ်သည်။ အခုလောလောဆယ်တော့ သူနဲ့မမ ချစ်သူတို့ထုံးစံ အတိုင်း အင်းယားကန်ပေါင်လေးတွင် ထိုင်နေကြသည်။ အင်းယားကန်ပေါင်တွင်လည်း ချစ်သူစုံတွဲတွေ အရင်ကထက် ပိုမိုများပြားလာသည်ကို တွေ့ရသည်။ ကန်တော်ကြီးပတ်လည် စိမ်းလန်းစိုပြည်ရေး စီမံကိန်းများ လုပ်နေ၍ နေရာပြောင်းရွှေ့လာခြင်း ဖြစ်ကောင်းဖြစ်နိုင်၏။ အခုမှ သူ ဘူးသီးကြော်တစ်ချောင်း နှစ်ယောက်စားတတ်လာသည်။ အအေးတစ်ခွက် နှစ်ယောက်သောက်တတ်လာ၏။ မမ စိတ်ဆိုးလျှင် ဘယ်လိုချော့ရမယ်ဆိုတာသိလာ၏။ ရုပ်ရှင်ရုံများသည် ချစ်သူများ၏ အတန်အသင့် ဆိတ်ကွယ်ရာ နေရာလေးတွေမှန်းသိလာ၏။ ထို့ကြောင့် ရုပ်ရှင်ရုံများတွင် ဇာတ်ကားကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ နောက်ဆုံးခုံနှင့် အထက်တန်းမှ လက်မှတ်များ ကုန်ကုန်နေခြင်းဖြစ်သည်။ လက်သည်းနီနှင့် နှုတ်ခမ်းနီဘူးများ၏ ဈေးနှုန်းများ သိလာသလို၊ မိန်းမအသုံးအဆောင် ပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းသောဆိုင်ရှေ့တွင် မမကိုထိုင်၍သော်လည်းကောင်း၊ မတ်တတ်ရပ်၍သော်လည်းကောင်း စောင့်တတ်ခဲ့ပြီ။ အခုတော့ မမက သူ့ကို မောင်ဟု ခေါ်၍ သူက မမကို မမလို့ပဲ ခေါ်သည်။

"မောင် . . ."

"ဟင် . . ."

"မောင် . . မမကို ပြောစရာရှိတယ်ဆို . . ပြောလေ . ."

"ဩော် . . ဟုတ်တယ် . . ဘာမှ အရေးတကြီးကိစ္စမဟုတ်ပါဘူး . . မမနဲ့မောင် စတွေ့ပုံလေး မောင်ပြောချင်လို့ပါ . ."

"ကဲ . . . မောင် . . ကြည့် . . အရမ်းလျှိုတာပဲ . . အဲဒါ အခုမှ ပြောရသလား မောင်ရဲ့ . . ."

"လျှိုတာမဟုတ်ပါဘူး မောင်ရဲ့ . . မမ အံ့သြသွားအောင် မောင် စီစဉ်ထားလို့ပါ . . ."

"အဲဒါဆို အခုပြော . . ."

"အခုတော့ မပြောသေးဘူး မမရယ် . . ဒါပေမယ့် သိပ်မကြာပါဘူး မမ သိလာရမှာပါ . ."

"မရဘူးကွာ . . အခုပြော . . ."

"နောက်တော့ သိရမှာပေါ့ဗျာ . . ."

"ဟင့်အင်း . . အခုပဲ . . ."

"မမက ကလေးဆန်လိုက်တာ . . နောက်တော့ ပြောမယ်နော် . . အခု ခဏလေး အောင့်ထားလိုက် . . ."

အင်းယားလေပြည်နဲ့အတူ သူ မမဆီက မျက်စောင်းအလှလေးတစ်ချက်ရရှိလိုက်ပါသည်။

"ဟွန်း . . မောင်က သိပ်မုန်းဖို့ကောင်းတာပဲ . ."

"ဟုတ်လား . . ဒါဆို မချစ်ဘူးပေါ့ . . ."

"ချစ်ဘူး . . ."





"အဲဒါဆိုလည်း ရတယ် . . မောင် ခင်တုံတုံချစ်ကြီးတို့ ပြောင်းချစ်လိုက်ရုံပေါ့ . ."

"မောင် . . . နောင် . . ."

ပြောပြီး မမက သူ့ရင်ခွင်ကိုမှီရင်း လက်မောင်းကို ဆိတ်ပါသည်။ မနာပါဘူးဗျာ . . နာလည်း ကျွန်တော် အော်မှာမဟုတ်ပါဘူး . . ခင်ဗျားတို့ရော အဲဒီလို ကိုယ့်ချစ်သူက ချစ်စနိုးဆိတ်ရင် အော်ကြီးဟာစ်ကျယ် ထအော်မှာလား ဟင် . . . .။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပညာရှိက ဘယ်အထိမ်းအမှတ်နှင့် သတ်မှတ်ထားသည်မသိသော ထိုနေ့သို့ရောက်တိုင်း ချစ်သူစုံတွဲများ အမှတ်ရရန် အမှတ်တရ လက်ဆောင်တွေ ပေးကြသည်။ တချို့က အမှတ်တရ ဖြစ်အောင်ဆိုပြီး တစ်နေကုန်ခြေတိုအောင် လျှောက်သွားကြသည်။ အမှတ်တရ ဓာတ်ပုံတွေရိုက်ကြသည်။ တချို့က ဘုရားသွားကြသည်။ ဉာဏ်ကြီးလည်း အမှတ်တရဖြစ်အောင်လား၊ ဘာလားတော့ မသိ။ စိန်ပေါက်ညီမကို ထိုနေ့မှပဲ ခိုးပြေးသွားတော့သည်။

စိန်ပေါက်ကတော့ ထုံးစံအတိုင်း သူ့အိမ်က ကားတာယာအဟောင်းတွေ၊ ရေစည်လှည်းလုပ်ရောင်းတဲ့နေရာသို့ သွားရောင်းနေ၍ လတ်တလောမသိလိုက်ပေ။ နောက်မှသိသွားတော့ အရှူးမီးဝိုင်းရုံမက ဆပ်ပြာသည်ခွေးဆွဲသလိုပါ ဖြစ်သွားသည်။ နောက်ဆုံးတော့ ဉာဏ်ကြီးလည်း ကုဋေပြည့်ပြည့် လက်ကိုတွဲ၍ စပ်ဖြဲဖြဲနှင့် ဆိုက်ကားစီးကာ ပြန်လာတော့၏။ ဘယ်သွားနေလဲတော့ မသိပေ။ သူတို့လည်း အမှတ်တရဖြစ်အောင် တစ်နေရာရာတော့ သွားကြမှာ သေချာသည်။



BURMESE CLASSIC .com



ချစ်သူရှိသော လူပျိုယောက်ျားလေးများထဲတွင် ပါဝင်သော သူသည်လည်း အမှတ်တရလက်ဆောင်ဖြစ်အောင် မမအတွက် လက်ဆောင်ပေးရန် ရည်ရွယ်ထားပါသည်။ ပြီးတော့ လက်ဆောင်ပေးပြီး မမနဲ့စတွေ့ပုံလေးကို အံ့သြသွားအောင် ရှင်းပြမည်ဟုလည်း ကြံရွယ်ထားလိုက်၏။

သူ မမဆီဖုန်းလှမ်းဆက်လိုက်တော့ မမက ချိန်းထားတဲ့ နေရာတောင် ကြိုရောက်နှင့်နေပြီ။ သူ လက်ဆောင်ပစ္စည်းတွေ မကျန်ခဲ့အောင် သေချာစစ်နေရ၍ ကြာသွားသည်။ ဖုန်းထဲက အသံ အနေအထားအရ မမစိတ်ကောက်နေလောက်ပြီဆိုတာ သိလိုက်၍ သိပ်မဆိုးရွားခင် ရောက်အောင် အမြန်သွားလိုက်သည်။

"ရောက်နေတာကြာပြီလား မမ . . အဟီး . . မောင် . . မမကို ပေးဖို့ လက်ဆောင်တွေ ယူနေရလို့ ကြာသွားတာပါ . ."

"သွားပါ . . ပြောလိုက်ရင် ဒီလိုချည်းပဲ . . မောင်က ယောက်ျားလေးဖြစ်ပြီး အချိန်ကို မမှန်ဘူး။ ဒီကသာ အမြဲစောစော ရောက်နေတာများလား . . ဟွန်း . . ."

"စိတ်မဆိုးပါနဲ့ ချစ်မမရယ် . . မောင် နောက်ကို မဖြစ်စေရတော့ပါဘူး . ."

"ဟွန်း . . အဲဒီလိုပဲ အမြဲပြော . . ထားပါတော့ မမကို အံ့သြသွားအောင် ပြောမယ်ဆိုတာ ဘာလဲဟင် . . မနဲ့စတွေ့ပုံ ပြောမယ်ဆို . . ."

"အင်း . . ဒါပေမယ့် မပြောခင် လက်ဆောင်ပေးမယ် . . အဲဒီ လက်ဆောင်ကို သေချာကြည့် . . ."

ပြောပြီး သူလက်ဆောင်ထုပ်လေးကို မမဘက် ကမ်းပေးလိုက်၏။ မမက အထုပ်လေးကို သေချာဖြေ၍အထဲကဟာလေးတွေကို ထုတ်လိုက်သည်။ သူ မမကိုပေးတဲ့လက်ဆောင်လေးက မမနဲ့



www.burmeseclassic.com

www.burmeseclassic.com



စတွေ့တဲ့မနက်မှာ မမ မြင်းစီးရင်းဝတ်ထားတဲ့ ခေါင်းစွပ်သိုးမွှေး ဦးထုပ်အနီလေးရယ်၊ ဆွယ်တာအဖြူလေးရယ်ပါ။ သူ အဲဒီနေ့က မမ ဝတ်ထားတဲ့ ဟာတွေနဲ့တူအောင် မှာဝယ်ထားတာ . . မမက သူပေးတဲ့ဟာတွေ တွေ့တော့ . . .

"ဟယ် . . လှလိုက်တာ . . ဆွယ်တာ အဖြူလေးက၊ ဦးထုပ်လေးကလည်း ချစ်စရာလေး . . ."

မမ အံ့ဩဝမ်းသာစွာ ဆိုပါတယ်။ ဒါပေမယ့် မမ သူပေးတဲ့ ရည်ရွယ်ချက်ကို သိပုံမပေါ်ပေ။ ပြောပြမလို့လုပ်တုန်းမှာပဲ မမအသံ ပေါ်လာတော့ မပြောဖြစ်တော့ . . .

"အင်္ကျီလေးကတော့ မမနဲ့အရမ်းလိုက်မှာ . . မောင်က ရွေး တတ်သားပဲ . . အင်း . . ဦးထုပ်လေးကတော့ မမ အမြဲသိမ်းထား လိုက်မယ်နော် . . ဒါမှမဟုတ် . . မမ အိပ်ရာထဲမှာထားတဲ့ ဝက်ဝံ လေးကို ဆောင်းပေးထားရမလား ဟင် . ."

"ဟာ . . မမ ကလည်း အင်္ကျီကျတော့ဝတ်ပြီး ဦးထုပ်လည်း ဆောင်းပေါ့ . . မမရဲ့ . . ဘာဖြစ်လို့လဲ . . ."

မမက ညှင်းသွဲ့သွဲ့ တစ်ချက်ရယ်၍ . . .

"ဟင်း . . ဟင်း . . ဟင်း . . မောင်က မမချစ်သူသာ ဖြစ် နေတာ မမအကြောင်း မသိသေးဘဲကိုး . ."

မမ . . ဘာလဲဟင် . . ."

ဦးထုပ်ခေါက်သိမ်းရင်းက . . .

"သြော် . . ဘာမှအရေးကြီးတာတော့ မဟုတ်ပါဘူး မောင် ရယ် . . မမက ငယ်ငယ်ကတည်းက ဦးထုပ်ဆောင်းလို့မရဘူးကွယ့် . . ဦးထုပ်ဆောင်းရင် ခေါင်းတစ်ခုလုံး မခံမရပ်နိုင်အောင် ကိုက် လာတာ။ နောက်ပြီး အသက်ရှူပါကျပ်လာပြီး မူးဝေလာရော။ ဆိုက်ကို ပေါ့ . . ဘယ်တော့မှ ဦးထုပ်ဆောင်းလေ့မရှိဘူး မောင်ရဲ့ . . ."





"ဗျာ . . ."

မမပြောလိုက်သောစကားသည် သူ့ကို တုန်လှုပ်ချောက် ချား သွားတော့သည်။ မဖြစ်နိုင် မမနဲ့တွေ့ခဲ့တဲ့ မနက်က မမ ဦးထုပ် ဆောင်းထားတာ သေချာသည်။ ပြီးတော့ နောက်တစ်ရက်တွေ့တုန်း ကလည်း ဦးထုပ်နဲ့ . . လုံးဝမဖြစ်နိုင် . . .

"မဖြစ်နိုင်ဘူး . . ဒါ . . လုံးဝမဖြစ်နိုင်ဘူး . . ."

မမ သူ့ကို အံ့ဩစွာကြည့်ရင်း . . .

"ဘာလို့ မဖြစ်နိုင်ရမှာလဲ မောင် . . မ,က မဖြစ်နိုင်ဘဲ မောင့်ကို လိမ်ပြောပါ့မလား . . ဒါ . . မ တင်မဟုတ်ဘူး . . ဖေဖေ တို့ပါသိတဲ့ ကိစ္စပဲမောင်ရဲ့ . . ပြီးတော့ ဒီကိစ္စက ဘာမှစိုးရိမ်စရာမှ မရှိတာ။ ဦးထုပ်မဆောင်းရင် ဘာမှမဖြစ်ဘူးလေ . . မောင် . . အဲဒီ လောက်စိုးရိမ်နေစရာ မလိုပါဘူး မောင်ရယ် . . ."

မ သူ့ကိုကြည့်ပြီး သူ့အတွေးနဲ့သူ အေးဆေးစွာ ဆိုပါတယ် . . သူကတော့ မအေးဆေးနိုင်။ ရင်တစ်ခုလုံး ဗလောင်ဆူနေပြီး နှလုံးခုန်သံက နားထဲအတိုင်းသားကြားရလောက်အောင် ဆူညံနေ တော့၏။ နောက်မှ သူ့အတွေးတစ်ခု ဖျတ်ခနဲ ဝင်၍ . . .

"မမ မြင်းစီးတတ်သလား ဟင် . . ."

အဆုံးအစမရှိသော သူ့မေးခွန်းကြောင့် မမအတော်ကြောင် သွားပြီး သူ့ကိုကြည့်နေသည်။ ပြီးမှ ခစ်ခနဲ တစ်ချက်ရယ်၍ . . .

"မောင် . . ဒီနေ့ ဘာဖြစ်နေတာလဲ ဟင် . . အချစ်နတ်ဆိုး ဝင်ပူးနေတာတော့ မဖြစ်နိုင်ပါဘူးနော် . . ."

"မ . . . ဖြေ . . ဖြေစမ်းပါ မရယ် . . မောင် . . မောင် . . အရေးကြီးလို့ပါ . . ."

ဟျာယာခတ်နေသော သူ့ကိုကြည့်၍ မ အတော်အံ့ဩသွား ပုံရ၏။ ခဏမှင်သက်သွားပြီးတော့မှ . . .



www.burmeseclassic.com

www.burmeseclassic.com



"မစီးတတ်ပါဘူး . . . မောင် . . ."

"ဗျာ . . ."

သူ့စိတ်ထဲ ကမ္ဘာပျက်သွားပြီ ထင်လိုက်ရသည်။ အတော်လည်း တုန်လှုပ်ချောက်ချားနေပြီ၊ တစ်ခုခုတော့ အကြီးအကျယ်မှားယွင်းနေလေပြီ။ ဇောချွေးများပါပြန်လာပြီး မျက်နှာတစ်ခုလုံးချွေးတွေနှင့်သီးထနေသော သူ့ကို 'မ' ထိတ်လန့်အံ့ဩစွာကြည့်၍ . .

"မောင် . . မောင် . . ဘာ . . ဘာဖြစ်လို့လဲ မောင် . . မောင့်မှာ အကြောင်းတစ်ခုခုရှိရမယ် . . မ . . မ . . ကိုပြောပြပါလား မောင်ရယ် . . ."

'မ' ပြောရင်း အသံတုန်လာတာ သတိထားမိလိုက်၏။ မသူ့အပေါ် တော်တော်စိုးရိမ်ထိတ်လန့်သွားပုံလည်းရသည်။ သူ့အမူအရာလည်း တော်တော်ပျက်သွားတာ သူ့ကိုယ်သူလည်း သိသည်။ ရင်ထဲမှာလည်း ဒိန်းတလိန်းနတ် ဖမ်းစားထားသလို ဝုန်းဒိုင်းကျဲနေလေပြီ။ သို့သော် စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းလိုက်တော့သည်။

ဒီကိစ္စမှာ သွေးဆူနေလို့ မဖြစ်တော့ . . 'မ' ကို အေးအေးဆေးဆေး မေးမှရတော့မည်။ 'မ' ကတော့ အခုထိ ဘာမှမသိရှာသေးပေ။ ကလေးငယ်တစ်ယောက်လို သူ့ကိုကြည့်နေ၏။ သူ့အသံကိုတည်ငြိမ်အောင် ထိန်း၍ . . .

"မ . . မောင်မေးတာကို သေချာဖြေပေးပါနော် . . မောင်သိချင်တာလေး တစ်ခုရှိလို့ပါ . . အရေးတော့ သိပ်မကြီးပါဘူး . . မ . . ရယ် . . စိတ်ထဲမရှင်းဖြစ်နေလို့ပါ . . ."

သူ 'မ' စိတ်မပူအောင်နဲ့။ သူ့အပေါ် တစ်မျိုး ထင်မသွားအောင် စကားကိုဖော့ပစ်လိုက်ရတော့သည်။

"ပြောလေ မောင် . . ဘာလဲ ဟင် . . ."





"မ သီပေါမြို့မှာ 'မ' တို့လိမ္မော်ခြံရှိတယ်ဆိုတာ တကယ်ဟုတ်တယ်နော် . . ."

အမှတ်မထင်ထားသော သူ့စကားသည် 'မ' ကို ဒီနှစ်အနည်းငယ်မျှ အံ့ဩသွားစေပါသည် . . သူ့ကို စိုက်ကြည့်နေရာမှ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး . . .

"ရှိတယ်လေမောင် . . မောင်လည်း သိပြီးသားပဲ . . ဘာဖြစ်လို့ ထပ်မေးနေရတာလဲ ဟင် . . မယုံလို့လား . ."

"မ . . မဟုတ်ပါဘူး မ ရယ် . . သေချာအောင်လို့ မေးကြည့်တာပါ . . ."

သူပြောပြီး မ ကိုဆက်ပြောမည့်စကားများကို အပြေးအလွှား စဉ်းစားနေ၏။ အမှန်တော့ စဉ်းစားစရာမလိုပေ။ သီပေါမြို့မှာ တွေ့ခဲ့တဲ့ ကောင်မလေးက ဘယ်သူလဲ . . ဒါ . . ဒါဆို . . ဘယ်သူလဲ . ."

ဦးနှောက်ထဲမှ အသိစိတ်သည် လွန်ခဲ့သော တစ်နှစ်ကျော်ကာလကို ဖျတ်ခနဲ ပြန်မြင်ယောင်မိသည်။ မြင်းဖြူကြီး . . ပြီးတော့မမ တစ်ယောက်၊ မြင်းကို ကျင်လည်စွာစီးသွားသော ပုံရိပ်များနားထဲတွင် မြင်းခွာသံများ ပဲ့တင်ထပ်နေ၏။ သူ့နှလုံးသား၊ သူ့အသိုင်ကို စိုးမိုးခဲ့သည့် မမ . . သူ့အချစ်တံခါးကို စတင်ခေါက်ခဲ့သော မမ . . အခုတော့ သူအလွန်ချစ်သည်ဆိုသော နန်းအိခြွေထွင့်ခေါင်နှင့်သူ့နှလုံးသား အချစ်ဦး မမတို့သည်ဗီ . . .

ရဲမာန်သွေး တစ်စုံတစ်ရာကို နားလည်လိုက်သလိုလို . . ဝေခွဲရခက်သွားသလိုလို . . သို့သော် ဒီအချိန်တွင် သူ့ စကားအပြောအဆိုသည် အရေးအကြီးဆုံး အချိန်ဖြစ်မှန်း သူနားလည်ပါသည်။

"ဟို . . တခြားဟာတော့ မဟုတ်ပါဘူး မရဲ့ . . ဒီလိုပါ



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ (၆)လလောက်က မောင့်အဖေလွှတ်လို့ မောင်တို့ လိမ္မော်ခြံလေးကို သွားခဲ့ရတာ 'မ' သိတယ်နော် . . ."

မက သူ့ကို ခေါင်းညိတ်ပြ၏။ အခုအချိန်ထိ မက သူ့အပေါ် ဘာတစ်ခုမှ မရိပ်မိသေးပေ။

"အဲဒီတုန်းက မောင့်ဆီမှာ မ ဓာတ်ပုံလေးပါသွားတယ်လေ . . ဟဲ . . ဟဲ . . ခြံကိုရောက်တော့ မောင်က မောင့်ခြံက ကောင်လေးတွေကို ကြွားတာပေါ့။ အဲဒီမှာပဲ မောင်တို့ ခြံစောင့်အဘိုးကြီးက ပြောလို့ပါ မမနဲ့တူတဲ့ လူတစ်ယောက် တစ်ဖက်ခြံကျော်မှာ ရှိတယ်တဲ့ . . ရန်ကုန်ကပဲတဲ့ . . မနက်တိုင်း မြင်းစီးလေ့ရှိတယ်ဆိုလို့ . . အဲဒါနဲ့ မောင်လည်း အဲဒီခြံက ဒီ မမ ပဲလေလို့ ပြန်ပြောလိုက်တယ် . . အခု မမက မြင်းလည်းမစီးတတ်ဘူး ဆိုတော့ . . ."

ဆီလျော်သင့်တော်နေသော သူ့မုသားစကားကြောင့် အရာရာ အဆင်ပြေသွားသည်။ မမက သူ့စကားတောင်မဆုံး ရယ်ရယ်မောမော ပြန်ဖြစ်လာကာ ဝင်ပြောတော့သည်။ သူ တွေးထင်ထားသလိုပါပဲ . . .

"ခစ် . . ခစ် . . အဲဒါ . . မ မဟုတ်ဘူး မောင်ရဲ့ . . မရဲ့ မမ နန်းသူဇာထွန်းခေါင်ပါ . . မတို့ ညီအစ်မက သုံးမိနစ်ပဲကွာတာ မောင်ရဲ့ . . ချွတ်စွပ်ကြီးတူတာတော့ မဟုတ်ပေမယ့် တော်ရုံလူ ခဏတွေ့ရုံနဲ့ ခွဲလို့မရဘူးလေ . . ဟင်း . . ဟင်း . . မောင့်ခြံက ဘကြီးက မရဲ့ မမလို့ထင်ပြီး ပြောလိုက်တာ နေမှာပါ။ မမက မြင်းစီးလည်း အင်မတန်ကျွမ်းတယ်လေ . . ."

ရက်စက်လိုက်တာ ကံကြမ္မာရယ် . . ဖူးစာဆိုတာကပဲ လွဲမှားမှုလား။ အချစ်ဆိုတာကပဲ လွဲမှားခြင်းလား။ ဒါပေမယ့် အရာအားလုံး ပြီးဆုံးသွားလေပြီ။ ယခု သူ့ရှေ့တွင် မကြာခင်စေ့စပ်တော့





မည့် မကြာမီ လက်ထပ်တော့မည့် သူချစ်လှပါသည်ဆိုသော နန်းအိန္ဒြေထွန်းခေါင် . . .

အမှတ်မထင် လေအဝှေ့မှာ ပန်းကြွေတွေကို ငေးမောကြည့်နေမိတော့သည်။ ငါလည်း မင်းတို့လို ကြွေခဲ့ဖူးပြီးပါပြီ ပန်းကလေးတွေရယ် . . မျက်ဝန်းထဲတွင် နှင်းတွေ မှုန်သီစွာကျဆင်းလာ၏။ ခွာသီတဖျောင်းဖျောင်း ရိုက်ခတ်လာနေသော မြင်းဖြူကြီးသည် သူ့ခွာချက်များအောက်တွင် နှလုံးသားကို စိစိညက်ညက်ကြေအောင် နင်းခြေသွားခဲ့ပါပြီ။

ချယ်ရီပန်းနီနီများ၊ မြေလမ်းနီနီလေးများနှင့် သူ့ရင်ထဲက အိပ်မက်နတ်သမီးလေး မမ ဘာတတ်နိုင်မှာလဲ။ ပြီးတော့ ဘာများတတ်နိုင်ဦးမှာလဲဗျာ . . အကွက်စေ့စေ့မှားယွင်းခဲ့တဲ့ ကံကြမ္မာကို သူဘယ်လိုအပြစ်ပြောရမလဲ . . သူ ဘယ်သူ့ကို အပြစ်တင်ရမှာလဲ။ တရားခံဖြစ်နေတော့ရော သူ ဘယ်သူ့ကို ဂရုစိုက်နေရဦးမှာလဲ။

"မောင် . . ဘာတွေ ဒီလောက်တွေးနေတာလဲ ဟင် . ."

သူ့သိပ်များ အမှုအရာပျက်သွားပြီလား . . မမ သူ့အမူအရာကို အကဲခတ်ရင်း ဒီအကြောင်းတွေ ရိပ်မိသွားပြီလား။ ပြောလို့မရပေ။ အရာရာကို ပါးနပ်လိမ္မာသော နန်းအိန္ဒြေထွန်းခေါင် သိချင်လည်း သိနေပေလိမ့်မည်။ မလုပ်ပါနဲ့တော့ ကံကြမ္မာရယ် ကျွန်တော့်ကို နားစက်ခွင့်ပြုပါတော့ဗျာ . . တစ်ဘဝလုံး ပြေးခဲ့ရတာလည်း မောနေပါပြီ။ နောက်ဆုံး ပန်းဝင်မှားခဲ့ရင်တောင် ရေကြည်တစ်ပေါက်လောက်နဲ့ဖြစ်ဖြစ် ကြုံဆိုရင် ကျေနပ်ပါပြီဗျာ . . ."

"မောင် . . ."

" . . . . . . . . ."

"မောင် . . ."

သူ ဆုံးဖြတ်ချက်တစ်ခု၊ ဘဝအတွက် အခိုင်မာဆုံးခဲ့ အာ



www.burmeseclassic.com

www.burmeseclassic.com



တောင့်တင်းဆုံး ချုပ်စ်လိုက်တော့သည်။ ဒီအကြောင်းတွေ မမ လုံးဝ မသိစေရတော့ပါ။ ဘယ်တော့မှလည်း မကြားစေရတော့။ နောက်ဆုံး သူ ဒီအကြောင်းတွေကို သူကိုယ်တိုင်မှလွဲ၍ အပြင်လောကတွင် လုံးဝ မရှိစေရ . . .

"မောင် . . . မောင်နဲ့စတွေ့တဲ့အကြောင်းလေး 'မ'ကို ပြောပြမယ်ဆို . . . ပြောလေ . . ."

သူ ဆတ်ခနဲတုန်သွားသေးသလား . . မတုန်ပါဘူး စိတ်ချပါ . . . ဘ၀ဇာတ်ဆရာအလိုကျ ကခဲ့ပြီးပြီပဲ . . ဒီနှစ်ပါးသွားလေးကတော့ သူ့အတွက် အံ၀င်ခွင်ကျမှာပါလေ . . .။

"မောင် . . မမကို စတွေ့ခဲ့တာက . . ."

". . . . . . . . ."

". . . . . . . . ."

". . . . . . . . ."

နွေဦး၏ သစ်ရွက်ကြွေများသည် မြေမှာလူးလှိမ့်ခတ်လျက် . . လေပြည်သည် မြေသင်းရနံ့များကို သယ်ဆောင်ရင်း ရာသီတစ်ခု၏ အစကို ဖွင့်လှစ်ပေးလိုက်တော့သည်။ အနောက်ဘက် မိုးကုပ်စက်ဝိုင်းတွင် နေဝန်းနီသည် ကန့်ရေပြင်ကို မေးတင်၍ ခွဲခွာရမည့် ကမ္ဘာတစ်ခြမ်းအတွက် တစ်ညတာ အိပ်စက်ခွင့်ကိုပေးခဲ့လေပြီ။

အရာအားလုံး . . . . .
ငြိမ်သက် . . . .
အေးဆေး . . .
တိတ်ဆိတ် . . .
သွားပါတော့သည်။

ကြိုးစားလျက်
မိုးဆက်လင်းထက်

BURMESE CLASSIC .com
www.burmeseclassic.com